

တက္ကသိုလ်
သခင်မဲ့ဓား
ဒုတိယပိုင်း
ဇာတ်သိမ်း

# ထက္ကသိုလ်သီဟအောင်

---

## သခင် မှ့ မား

(ဒုတိယ ဇာတိသိမ်းပိုင်း)

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်
များအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင
အား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်
  နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်
  စုံတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး
  တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်
  တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသား
  လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


စာမူခွင့်ပြုချက်အမှတ် — ၂၂၈ / ၂၀၀၄ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် — ၇၉၉ / ၂၀၀၄ (၈)
ပထမ အကြိမ်၊ ၂၀၀၄ – ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၀၀ ကျပ်

*

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် ချိုတေးသံ စာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ ၃၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

*

ပုံနှိပ်သူ
ဦးလှသိန်း (လှသိန်းဦး ပုံနှိပ်တိုက်)
အမှတ်(၁၂)၊ ဒါနလမ်း၊ သာယာကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

*

ဦးထွန်းလင်း ဖိုးဝ အော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

လူထူးဆန်း၊

---

ည....

ကောင်းကင်ပေါ်တွင် လခြမ်းပဲ့လေး ရှိနေသည်၊

ကြယ်လေးများလည်း မှလင်းတစ်လှည့် လင်းတစ်လှည့် စင်းလက်တောက်ပနေသည်။

မသဲမကွဲ လရောင်အောက်တွင် ရွာထိပ်မှဘုံကျောင်းလေးသည် ငြိမ်သက်စွာ ရှိနေသည်။

ညဉ့်နက်ပြီ ဖြစ်သည်။

တစ်ရွာလုံး အိပ်မောကျနေကြပြီ ဖြစ်သည်။

ဘုံကျောင်းထဲ၌ မီးရောင်များ ထွက်ပေါ်နေသည်။

'ဟား...ဟား...ဟား'

ရယ်မောသံများ ထွက်ပေါ်လာသည်။

လူသုံးယောက်သည် ဘုံကျောင်းအတွင်းတွင်း အရက်သောက်ကာ ရယ်မောနေကြသည်။

ထိုတို့လူသုံးယောက်မှာ အာစီးနှင့်တပည့်နှစ်ပင် ဖြစ်လေသည်။

သူတို့သည် ဝန်းကျင်ကို သတိမမူကြဘဲ....

အရက်သောက်လိုက်၊ ဝိုင်းဖွဲ့စကားပြောလိုက်၊ ရယ်မောလိုက်ဖြင့် ရှိနေကြသည်။

ထို့ကြောင့်

ဘုံကျောင်းအပြင်ဘက်မှ အနက်ရောင် လူရိပ်တစ်ခုသည် သူတို့အား အကဲခတ်ကြည့်ပြီး....

အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ် သွားသည်ကို သတိမပြုလိုက်ကြပေ။

အာစီးက သဘောကျသော လေသံဖြင့်

'ငါဆိုတဲ့ကောင်က လိုချင်တဲ့ပစ္စည်းတစ်ခုကို မရရအောင် ယူတတ်တယ်ဆိုတာ မင်းတို့တွေယုံပြီ မဟုတ်လား၊ ဟား.... ဟား....ဟား'

သူ၏တပည့် နှစ်ယောက်ကလည်း ဝိုင်းဝန်းထောက်ခံကြလေသည်။

'ယုံတာပေါ့ ဆရာရယ်'

'ဆရာ့ရဲ့အစွမ်းအစကို ကျွန်တော်တို့ ယုံပြီးသားပါ'

'ဟား....ဟား....ဟား'



ထို့နောက်....

သုံးယောက်သား သဘောကျစွာ ရယ်မောလိုက်ကြလေ၏၊

ထိုစဉ်....

'ရှပ်....ရှပ်'

အပြင်ဘက်မှ ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်'

'ဟာ'

သူတို့ တအံ့တဩ ဖြစ်သွားကြသည်။

ရယ်မောနေရာမှ ရပ်တန့်ကာ လှည့်ကြည့်လိုက်ကြသည်၊

ခြေသံသည် ရုတ်ခြည်းကွယ်ပျောက်သွား၏။

ဘုံကျောင်းထဲသို့ မည်သူတစ်ဦးတစ်ယောက်မှ ဝင်ရောက်လာခြင်း မရှိပါချေ။

အာစီးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏၊

သူတို့က စောင့်နေကြပါသော်လည်း မည်သူတစ်ဦး တစ်ယောက်မျှ မတွေ့ရပေ။

အာစီး မျက်မှောင်ကြုတ်လိုက်သည်။

'ဒါက ဘာသဘောလဲ'

သူက မအောင့်အည်းနိုင်တော့ဘဲ လွတ်ခနဲ ရေရွတ်လိုက်လေသည်။

တစ်ယောက်က....

'ကျင်းကျင်းများလား'

မြေးရင်း အာစီးကိုကြည့်လိုက်၏။

အာစီး၏မျက်နှာသည် ငြိုးရိမ်နေသည့် အရိပ်အယောင်မှ ကျေနပ်သည့်အသွင်သို့ ကူးပြောင်းသွားသည်ကို တွေ့လိုက်ရသည်။

ကျွန်တစ်ယောက်က ခေါင်းညိတ်လိုက်သည်။

'ဖြစ်နိုင်တယ်ကွ၊ ဒီကိုရောက်လာပြီး ရှက်လို့ မဝင်ရဲတာ ဖြစ်မယ်'

အာစီးလည်း ထိုသို့တွေးမိလိုက်၏။

ထို့ကြောင့်...

သူ၏ တပည့်တစ်ယောက်အား....

'ကဲ...မင်းပဲ သွားခေါ်လိုက်ပါကွာ'

ဟု ပြောလိုက်၏။

'ကောင်းပါပြီဗျာ'

စကားဆုံးလျှင် အာစီး၏ တပည့်တစ်ယောက်သည် ထိုင်ရာမှ ထလိုက်၏။

ထို့နောက်....

ဘုံကျောင်းအပြင်ဘက်သို့ ထွက်သွားလေသည်။

အာစီးနှင့် ကျွန်တစ်ယောက်တို့သည် အခြေအနေအား စောင့်ကြည့်နေလိုက်ကြ၏။

ကျင်းကျင်း ရောက်လာပြီဟု သူတို့ထင်မှတ်ထားကြခြင်းကြောင့် ဖြစ်သည်။

သို့သော်....



သူတို့၏မျက်နှာသည် စိုးရိမ်ပူပန်သည့် အရိပ်အယောင်တို့ ဖြစ်ပေါ်လာသည်။

အကြောင်းမှာ....

ဘုံကျောင်းအပြင်သို့ ထွက်သွားသူသည် အတော်လေး ကြာသည်အထိ ပြန်ဝင်လာခြင်း မရှိပါချေ။

အာစီး မျက်နှာပျက်သွား၏။

'ဟိုကောင် အခုထိ ဘာကြောင့် ပြန်မလာသေးပါလိမ့်'

စိတ်ရှုပ်ထွေးဟန်ဖြင့် ရေရွတ်လိုက်သည်။

ကျွန်တပည့် တစ်ယောက်က....

'ကျွန်တော် သွားကြည့်လိုက်ဦးမယ်'

စကားဆုံးလျှင် ထိုင်ရာမှထကာ ဘုံကျောင်းအပြင်ဘက်သို့ ထွက်သွားလေသည်။

မကြာမီ....

ထိုလူသည် ဘုံကျောင်းအပြင်ဘက်ဆီသို့ ရောက်သွားပြီး မြင်ကွင်းမှ ကွယ်ပျောက်သွားတော့သည်။

အာစီးက မလှမ်းမကမ်းတွင် 'ခွေခွေကလေး ရှိနေသော ကောင်းဖု'ကို လှမ်းကြည့်သည်။

ကောင်းဖု'မှာ ကြိုးဖြင့်တုပ်နှောင်ကာ ဖမ်းဆီးခြင်းခံနေရလေသည်။

ကောင်းဖု'က ဒေါသတကြီးဖြင့် အာစီး ကိုစိုက်ကြည့်နေလေသည်။

အကယ်၍....

ပါးစပ်ထဲသို့ အငတ် ဆို့မထားလျှင် ဒေါသတကြီးဖြင့် အော်နေမည်မှာ သေချာလှပေသည်။

အာစီး ပြုံးလိုက်သည်။

ကောင်းဖု က မျက်နှာလွှဲထားလေသည်။

သူ၏တပည့် နှစ်ယောက်သည် ကျင်းကျင်းကို ခေါ်ကာ အထဲသို့ဝင်လာတော့မည်ဟု ယုံကြည်ထားလေသည်။

သို့သော်....

အတန်ကြာသည်အထိ ပြန်ဝင်မလာကြချေ။

အာစီး မနေနိုင်တော့ဘဲ....

'ဟေ့ ကောင်တွေ....ဘယ်လိုဖြစ်နေကြတာလဲ'

ဟု အော်ပြောလိုက်သည်။

သူ၏အသံက ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သို့သော်....

တုံ့ပြန်သံကို မကြားရပါချေ။

အာစီးက....

'ဟေ့....မင်းတို့နှစ်ယောက် ဘာလုပ်နေကြတာလဲကွ'

သူက စိတ်မရှည်နိုင်စွာဖြင့် ထပ်အော်လိုက်၏။

ဤတစ်ကြိမ်တွင်လည်း....

တုံ့ပြန်သံကို မကြားရပါချေ။

'တောက်'

အာစီး ဒေါသတကြီး တက်ခေါက်လိုက်သည်။



ထိုစဉ်....

လေတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာပြီး မီးအိမ်များမှာ တုပ်ခနဲ ငြိမ်းသွားတော့သည်။

ဘုံကျောင်းတစ်ခုလုံး မှောင်အတိကျသွားလေသည်။

'ဟင်'

အာစီး အထိတ်တလန့် ဖြစ်သွားသည်။

သူ၏ ဘေးဘီဝဲယာသို့ အကဲခတ်ကြည့်လိုက်၏။

ဘုံကျောင်းတစ်ခုလုံး မှောင်မည်းနေသည်။

မှောင်မည်းထဲတွင် ဘုံကျောင်းထဲ၌ တစ်စုံတစ်ယောက် ရောက်နေပြီဟု ထင်မိသည်။

အာစီး ကျောချမ်းသွားသည်။

မီးအိမ်ကို ကပျာကယာ လက်ဖြင့်စမ်းသပ်လိုက်၏။

ထို့နောက်....

အလောတကြီး မီးထွန်းညှိလိုက်သည်။

မီးရောင် ထွက်ပေါ်လာသည်။

မကြာမီ....

ဘုံကျောင်း အတွင်း၌ အလင်းရောင် ရကာ လင်းလင်းချင်းချင်းဖြစ်သွားသည်။

အာစီးက ဘုံကျောင်းအတွင်းသို့အကဲခတ်ကြည့်လိုက်လေသည်။

ထိုအခါ....

အာစီးက အထိတ်တလန့် အော်လိုက်သည်။

သူ၏မျက်လုံးအစုံပြူးကျယ်နေသည်။

အကြောင်းမှာ....

အဖမ်းခံထားရသည့်ကောင်းဖုံး ပျောက်ချင်းမလှပျောက်သွားခြင်းကြောင့်ဖြစ်သည်။

ကောင်းဖုံးမည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

အာစီး မစဉ်းစားတတ်အောင် ဖြစ်သွားသည်။

အာစီးကပျာကယာ ထရပ်လိုက်သည်။

ထို့နောက်....

ဘုံကျောင်းအပြင်ဘက်သို့ ပြေးထွက်လိုက်သည်။

'အမေ့'

ရုတ်တရက်....

တစ်စုံတစ်ခုကို ခလုတ်တိုက်လိုက်မိသဖြင့် လဲကျမလို ဖြစ်သွားသည်။

အာစီး ထိတ်လန့်သွားသည်။

ကပျာကယာ ကိုယ်ရှိန်သတ်ကာကြည့်လိုက်သည်။

ထိုအခါ....

ခွေခွေလေး လဲကျနေသည့် သူ၏တပည့်နှစ်ယောက်ကိုတွေ့လိုက်ရလေသည်။

အာစီး၏မျက်နှာခက်ထန်သွား၏။

'ဟေ့ ကောင်တွေ ဘာဖြစ်ကြတာလဲ'

အာစီးကအော်မေးလိုက်သည်။

'အင်း....အင်း'



သူ၏တပည့်နှစ်ယောက်သည် ညည်းညူးလူးလွန့်လှုပ်ရှားလာကြသည်။

မကြာမီ....

သူတို့သည် လဲကျနေရာမှလူးလိမ့်ထလာကြလေသည်။

အာစီးက....

'ဟေ့ ကောင်တွေ ဘာဖြစ်နေတာလဲ ပြောစမ်း'

ဟု မေးလိုက်၏။

ထိုလူနှစ်ယောက်၏မျက်နှာ ထိတ်လန့်သည့် ဟန်မူရာများ ဖြစ်ပေါ်လာသည်။

'ဟို....ဟို'

သူတို့သည်ကြောက်ရွံ့စွာဖြင့် အသံများ တဆတ်ဆတ်တုန်လာသည်။

အာစီးဒေါသထွက်လာသည်။

သူက ထိုလူနှစ်ယောက်အားကြည့်ကာ....

'ဟေ့ ကောင်တွေ ငါမေးနေတယ်၊ မင်းတို့ နှစ်ယောက် ဘာဖြစ်နေကြသလဲ ပြောစမ်း'

သူက ဒေါသတကြီးပြောလိုက်သည်။

ထိုလူနှစ်ယောက်သည် အာစီးအား ကြည့်ကာ ကြောက်ရွံ့တုန်လှုပ်စွာဖြင့်....

'သ....သရဲ'

'ကြောက်စရာမျက် မျက်နှာကြီးနဲ့'

အယ်စ်ထစ်အငေါ့ငေါ့ဖြင့် ပြောလာသည်။

အာစီးကျောချမ်းသွားသည်။
သို့သော်
သူက ချက်ချင်းလှည့်ကြည့်လိုက်ပြီး....
'ဘယ်ကသရဲလဲ၊ မင်းတို့ဘာဖြစ်နေတာလဲ'
သူက အော်ငေါက်လိုက်၏။

ထိုလူနှစ်ယောက်က....
'ကျွန်....ကျွန်တော်တို့ကို သ....သရဲက'
'ဟုတ်တယ်၊ ကျုပ်တို့ကို သရဲက ပါးရိုက်လိုက်တယ်ဗျ'
အာစီး နှာခေါင်းရှုံ့လိုက်သည်။
'တောက်....ဦးနှောက်မရှိဘဲ ကောင်တွေ သရဲက ပါးရိုက်လို့ရမှာလားကွ'
ထိုစဉ်....
အေးစိမ့်သောလေများက တိုက်ခတ်လာသည်၊
အာစီးကျောရိုးစိမ့်သွားသည်၊

သူ၏တပည့်နှစ်ယောက်က....
'အမယ်လေး'
'သ....သရဲလာပြန်ပြီ'
ကျယ်လောင်စွာအော်ဟစ်ပြီး အထိတ်တလန့် ထွက်ပြေးသွားကြလေသည်၊
အာစီး ကြောင်အမ်းအမ်းဖြစ်သွား၏။
သို့သော်....
သူက ချက်ချင်းသတိဝင်လာပြီး....



'ဟော့....ဟေ့ နေကြဦး'
အာစီးက ကပျာကယာဟန့်တားလိုက်၏။

သို့သော်....
သူ့တပည့်နှစ်ယောက်က နောက်လှည့်မကြည့်တမ်း ပြေးလွှားသွားကြလေသည်။
အာစီးမကျေမနပ်ဖြစ်သွား၏။
သူ၏တပည့်နှစ်ယောက်အပေါ် ဒေါသ ခြောင်းခြောင်း ထွက်ဆာသည်။
'တောက်....တော်တော်သတ္တိနည်းတဲ့ကောင်တွေ၊ နေပစေဦး၊ နောက်မှ ငါနဲ့တွေ့မယ်'
သူက မကျေမနပ်ရေရွတ်လိုက်သည်။
ထိုစဉ်....
'ဟူး'
လေတိုးသံတစ်ချက်ထွက်ပေါ်လာသည်၊
သူ၏လည်ကုပ်ကို တစ်စုံတစ်ယောက်က လေဖြင့်မှုတ်လိုက်သလိုအေးခနဲခံစားလိုက်ရသည်။
'ဟင်'
အာစီးအံ့သြသွားသည်၊
တို့နောက်
နောက်သို့ ကပျာကယာလှည့်ကြည့်လိုက်သည်၊
သို့သော်

သူ၏နောက်ကျောဘက်တွင် မည်သူတစ်ဦးတစ်ယောက်မှ ရှိမနေပါချေ။

'ဟင်'

အာစီးမျက်လုံးပြူးသွားသည်။

သူက အခြေအနေကို သုံးသပ်ကြည့်လိုက်သည်။

တောင်းဖုံ ပျောက်ချင်းမလှ ပျောက်သွားသည်။

သူ၏လူနှစ်ယောက်လည်း အထိတ်တလန့်ဖြစ်ကာ ထွက်ပြေးသွားကြသည်။

အခြေအနေမဟန်တော့ပါ။

ဘုံကျောင်းထဲမှ ထွက်ခွာရန် အာစီးဆုံးဖြတ်လိုက်မိတော့သည်။

ထို့နောက်....

သူက ဘုံကျောင်းနှင့်စေးရာသို့ထွက်ပြေးသွားရန်ပြင်လိုက်သည်။

ထိုစဉ်....

တစ်စုံတစ်ယောက်က သူ၏ဘင်ပါးကို ဆန်ကျောက်သလို ခံစားလိုက်ရ၏။

'အင့်'

အားစီး ဒယီးဒယိုင်ဖြင့် ရှေ့သို့ငိုက်ကျသွား၏။

သို့သော်....

ချက်ချင်း ဟန်ချက်ထိန်းလိုက်၏။



ထို့နောက်....

စပျာကယာ လှည့်ကြည့်လိုက်သည်။

ထိုအခါ....

သူ၏နောက်ကျော၌ မည်သူတစ်ဦးတစ်ယောက်မျှမတွေ့ရပါချေ။

'ဟာ'

အာစီး ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ကျောရိုးတစ်လျှောက် အေးစိမ့်သွားပြီး ကြက်သီးမွေးညင်းထလာသည်။

အာစီး ခေါင်းနပန်းကြီးသွားသည်။

ထိုစဉ်....

'ဖြန်း'

သူ၏ဇက်ပိုးအား တစ်စုံတစ်ယောက်က ရိုက်ချလာလေသည်။

'အမယ်လေး'

အာစီးအထိတ်တလန့်အော်ရင်း နောက်လှည့်ကြည့်လိုက်ပြန်သည်။

သို့သော်....

မည်သူ တစ်ဦးတယောက်မှ မတွေ့ရပါချေ။

အာစီးကြောင်လွန်း၍ အသားများပင် တဆတ်ဆတ်တုန်ယင်လာလေသည်။

'သ....သရဲ'

သူက လွတ်ခနဲအော်လိုက်သည်။

ထို့နောက်....

ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေး သွားလေတော့သည်။

ထိုစဉ်....

'ဟား၊ ဟား၊ ဟား'

အမှောင်ထုထဲမှ တကျယ်ဆောင်သော ရယ်မောသံကြီး တစ်ချက် ထွက်ပေါ်လာသည်။

အားစီးမှာ နေးတဲ့လှည့်မကြည့်ဝံ့ဘဲ တချိုးတည်းပြေး လွှားသွားလေတော့သည်။

* * *

## အလွမ်းဝေဒနာ

---

'အောက် အီး အီး အွတ်'

ကြက်တွန်သံများ ဟိုမှသည်မှ ဆူညံစွာ ထွက်ပေါ်လာ လေသည်။

တစ်ဖက်တွင် အရုဏ်ဦး၏ရောင်နီများ ပျို့အန်လာလေ သည်။

မကြာမီ....

မိုးစတင်လင်းတော့မည်ဖြစ်လေသည်။

ကျင်းကျင်း၏အိမ်လေး၌ မီးရောင်ထွက်ပေါ်နေဆဲ။

အိမ်တံခါးများလည်း ဖွင့်ထား၏။

သူမတို့သားအမိနှစ်ယောက်သည် တစ်ယောက်ကို တစ် ယောက် သိုင်းဖက်ထားကြသည်။

သူတို့သည် တစ်ညလုံးတရေးမျှ မအိပ်ကြရသေးပါ။

အိပ်ချင်စိတ်မရှိအောင်ပင် ထူးဆန်းသည့် အဖြစ်မျိုးနှင့် ကြုံမတွေ့ခဲ့ရသည် မဟုတ်ပါလော၊

ကျင်းကျင်းသည် သားဖြစ်သူ၏ နဖူးဆံစကိုပွတ်သပ်ပေးရင်း မေးလေသည်။

'သားရယ်၊ မိုးတောင်လင်းတော့မယ် တစ်ရေးအိပ်ပါလားဟင်'

တောင်းဖုံ ခေါင်းခါယမ်းလိုက်သည်၊

'သားမအိပ်ဘူး မေမေ'

ကျင်းကျင်း အံ့ဩသွားသည်။

'ဘာဖြစ်လို့လဲသားရဲ့'

ကောင်းဖုံက....

'ဟို....လူထူးလူဆန်းဟာ ဘယ်သူလဲ မေမေ၊ သူဘယ်သူဆိုတာ သားသိချင်တယ်'

'အင်း'

ကျင်းကျင်း သက်ပြင်းတစ်ချက်ချလိုက်လည်း

ထို့နောက်....

သူမထံ တစ်စုံတစ်ရာကို တွေးတောစဉ်းစားလိုက်၏။

ထိုစဉ်...

ကောင်းဖုံက....

'မေမေက လူထူးလူဆန်းကိုသိလားဟင်'

ဟု မေးလာသည်။



ကျင်းကျင်းက ခေါင်းခါယမ်းလိုက်သည်၊

'မေမေလဲ ဘယ်သိပါမလဲသားရယ်'

ကောင်းဖုအားလူဆိုးများက ဖမ်းဆီးသွားပြီးဘုံကျောင်းသို့လာရန်ပြောသည်။

သူမသည် အမျိုးမျိုးတွေးတောစဉ်းစားပြီးမှ ဘုံကျောင်းဆီသို့ သွားရန် ဆုံးဖြတ်လိုက်သည်၊

သူမဘုံကျောင်းဆီသို့ ဦးတည်လာနေစဉ်မှာပင် ပြေးလွှားလာသော ကောင်းဖုကို တွေ့ရလေသည်။

သားအမိနှစ်ယောက် ပြန်လည်ဆုံတွေ့မိလိုက်ကြခြင်းဖြစ်လေသည်။

သူက အဖြစ်အပျက်များကိုမေးကြည့်သည်၊

ကောင်းဖုံက သူ့အား လူတစ်ယောက်က ဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ အစစီကရွာထိပ်က ဘုံကျောင်းတွင် ဖမ်းဆီးချုပ်နှောင်ထားကြောင်း၊ ရုတ်တရက် မီးငြိမ်းသွားပြီး လူတစ်ဦးက သူ့အားပွေ့ချီသွားကြောင်း။

ထို့နောက်....

လွှတ်ပေးလိုက်ကြောင်း ပြောပြသည်၊

ထူးခြားသည်မှာ....

ကောင်းဖုအား ကယ်တင်လိုက်သူမှာ မည်သူမည်ဝါဖြစ်ကြောင်း မသိရခြင်းပင်။

ထို့အပြင်....

ကောင်းဖုအား ကယ်တင်ခဲ့သည့် လူထူးဆန်းပြောသည့် စကားများက ထူးခြားနေသည်။

လူထူးဆန်းက....

'မင်းဘာမှ မစိုးရိမ်နဲ့၊ မင်းတို့မိသားစုကို မင်းအဖေရဲ့ ဝိညာဉ်က စောင့်ရှောက်နေတယ်'

ဟု ပြောသွားခြင်းပင် ဖြစ်သည်။

ထို့အပြင်....

'မင်းတို့ကို ခုလိုဒုက္ခပေးတဲ့ ဘယ်သူမှမသိစေနဲ့၊ သူတို့ နောက်တစ်ခါ ဒုက္ခပေးရဲတော့မှာ မဟုတ်ပါဘူး၊ ဒီကိစ္စကို မေ့ပစ်လိုက်'

ကောင်းဖုက....

'ဒီလူဟာ လူမှဟုတ်ရဲ့လား မေမေ'

မေးလိုက်သည်၊

သူမက မျက်မှောင်ကြုတ်ရင်း

'ဘာဖြစ်လို့လဲ သားရဲ့'

'သူဟာ ဖေဖေရဲ့ဝိညာဉ်များလားလို့ပါ မေမေ'

'ကြော်....သားရယ်'

ကောင်းဖုသည် ဖခင်အပေါ် တွယ်တာလွန်းနေသည်ကို သိရသဖြင့် ဝမ်းနည်းစွာ မျက်ရည်များကျလာသည်၊

ခင်ပွန်းသည် ကောင်းစုအား မျက်စိထဲ၌ ပြန်လည် မြင်ယောင်လာမိသည်။

'အင်း....အစ်ကိုကောင်းစုံရှိရင် သိပ်ကောင်းမှာပဲ'



သူမလည်း ဝမ်းနည်းကြေကွဲသော လေသံဖြင့် ညည်းတွားတမ်းတလိုက်မိလေသည်။

ကောင်းစုံသာရှိလျှင် သူတို့သားအမိသာမက အခြားသူများပါ ဒုက္ခမပေးနိုင်ပေချေ။

အကြောင်းမှာ....

ကောင်းစုက သူတို့မိသားစုအား ကာကွယ်စောင့်ရှောက်ထားခြင်းကြောင့် ဖြစ်သည်။

ကျင်းကျင်းသည် လွန်ခဲ့သောတစ်နှစ်ခန့်က အဖြစ်အပျက်များကို ပြန်လည် အမှတ်ရလာမိသည်။

ထိုအချိန်က....

ကောင်းစုသည် ပြည်မသို့ခရီးထွက်ရန် ပြင်ဆင်နေသော အချိန်ဖြစ်၏။

ထိုအချိန်ကသာ ကောင်းစုအား ခရီးသွားရန် တားမြစ်ခဲ့လျှင်....

သူတို့မိသားစုအတွက် ဝမ်းနည်းကြေကွဲဖွယ်ရာအကြောင်း ဖန်လာမည် မဟုတ်ချေ။

ယခုတော့....

ကျင်းကျင်းသည် ဝမ်းနည်းစွာ မျက်ရည်များ ကျလာသည်။

လွန်ခဲ့သော တစ်နှစ်ခန့်က အဖြစ်အပျက်ကို ပြန်လည်ကာ အမှတ်ရလာလေတော့သည်။

• • •

အန္တရာယ်ခရီး

---

မုယုထံသို့ အလည်အပတ် ထွက်သွားကြပြီး မကြာမီပင် ကောင်းစုတို့သည် မြောက်ပိုင်းဒေသသို့ ပြန်လာခဲ့လေသည်။

ကောင်းစုသည် ယခင်ကထက်ပို၍ တက်တက်ကြွကြွရှိနေသည်ကို တွေ့ရလေ၏။

နေ့စဉ်....

နံနက်စောစော တစ်ကြိမ်၊ လုပ်ငန်းအဝဝကို သိမ်းပြီး ညမိုးချုပ်တစ်ကြိမ် သုံးပြန်လေ့ကျင့်သည်။

ဘယ်တုန်းကနှင့်မှ မတူသော အားကြိုးမာန်တက် လေ့ကျင့်ခြင်း ဖြစ်ပါသည်။



ကျင်းကျင်းပင် တအံ့တသြဖြစ်ရလေ၏။

သိုင်းသမားဘဝကို စွန့်လွှတ်ထားပြီး ခုနစ်နှစ်ခန့်ကြာမှ ထခုလို ပြန်လည်လေ့ကျင့်သည်ကို အံ့အားတသင့် ဖြစ်မိလေသည်။

ယူမ မေးမြန်းကြည့်သောအခါ ကောင်းစုက မရေမရာ အဖြေပေးတတ်သည်။

သို့ဖြင့်....

တစ်နှစ်ဆိုသောအချိန် ကုန်ဆုံးသွားသည်။

လုပ်ငန်းအဝဝ သိမ်းပြီးသည်နှင့် ကောင်းစုက ခရီးထွက်ရန် ပြင်ဆင်လိုက်တော့သည်။

တစ်ည....

ကောင်းစုသည် ယနေ့တစ်နေ့လုံး ဂနာမငြိမ်ဖြစ်နေသည် ကို သူမ ဂရုပြုမိလေသည်။

သူ၏လက်စွဲတော် မိုးကြိုးခါးကိုလည်း မြဲအောင် သွေးထားပြီး ဖြစ်သည်။

ခါးအိမ်မှာ တစ်နှစ်လုံးလုံး တယုတယ တိုက်ထားခြင်းကြောင့် ပြောင်လက်နေသည်။

သားဖြစ်သူ ကောင်းဖုံ အိပ်ရာဝင်သွားတော့မှ သူမမှာ ခါးသွေးနေသော ကောင်းစုထံ လှမ်းသွားလိုက်၏။

ကောင်းစုက ကျင်းကျင်းအား ပြုံးပြလိုက်သည်။

ကျင်းကျင်းက....

'အစ်ကို ညဥ့်နက်ပြီလေ၊ အစ်ကို့ခါးက အတော့်ကို ထက်နေပြီပဲ၊ နားလိုက်ပါတော့လား ဟင်'

ကောင်းစုက ခါးကိုအားသွင်း ချလိုက်၏။

သူမ၏လက်ကိုဆွဲကာ သူ့ဘေး၌ ထိုင်ခိုင်း၏။

ပြီးလျှင်....

'ညီမ....အခုသို့ အစ်ကိုတို့ငွေကြေး၊ အခတော်စုဆောင်းမိပြီနော်'

ဟု ပြောလိုက်၏။

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် အစ်ကို'

ကျင်းကျင်းအား တစ်ချက်အကဲခတ်၍ ကြည့်လိုက်၏။



တို့နောက်....

'အင်း'

သက်ပြင်းတစ်ချက်ချကာ....

'အိမ်အတွက် ပူစရာသိပ်မရှိတော့ အစ်ကို ခရီးထွက်ချင်တယ် ညီမရဲ့'

မမျှော်လင့်သော စကားတို့ကို ကြားလိုက်ရသောကြောင့် သူမ အံ့သြသွားသည်။

သူမက ကောင်းစုအား ကြည့်ကာ....

'အစ်ကို ခရီးထွက်မယ် ဟုတ်လား'

ဟူ၍ မေးလိုက်သည်။

ကောင်းစု ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ် ညီမ'

'အစ်ကိုသွားရင် ညီမလဲ လိုက်မယ်နော်'

ကောင်းစု ခေါင်းခါယမ်းလိုက်သည်။

'ညီမလိုက်လို့ မဖြစ်ဘူး'

'ဟင်'

ကျင်းကျင်းမှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ညီမလိုက်လို့မဖြစ်ဘူး ဟုတ်လား'

ကောင်းစု ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ် ညီမ'

သူမ စိတ်ပျက်သွားမိသည်။

သူမက ကောင်းစုအား ကြည့်ကာ....

'အစ်ကိုရယ်၊ ညီမတို့နဲ့ ဘယ်တုန်းကမှ ခွဲသွားဖူးလို့လဲ၊ အစ်ကိုဘယ်သွားမလို့လဲ၊ ပြောပါဦး'

ကောင်းစုက....

'ထိုက်ကျီမြို့ကို သွားမလို့ပါ'

သူမ မျက်မှောင်ကြုတ်လိုက်၏၊

'ထိုက်ကျီမြို့'

ကောင်းစု ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

'ဒါ.... ဒါဖြင့် အစ်ကိုကြီး မုယုဆီကို သွားမလို့ပေါ့၊ ဟုတ်လား အစ်ကို'

ကောင်းစု သက်ပြင်းချလိုက်၏။

ထို့နောက်....

ခေါင်းကို ခပ်သွက်သွက် ညိတ်လိုက်လေသည်၊

'ဟုတ်တယ်'

'ဒါဆို ကျွန်မတို့လဲ လိုက်မယ်လေ၊ အစ်ကိုကြီးမုယုက ကျွန်မတို့ဆီကို လာလည်မယ်ဆိုပြီး အခုထိ ကျွန်မတို့ဆီမလာသေးဘူး'

'ညီမလိုက်လို့ မဖြစ်ဘူး၊ အစ်ကို့မှာ တစ်ခြားကိစ္စနဲ့ ဆောင်ရွက်စရာလေးတွေ ရှိနေသေးတယ်'

'အင်း'

ကျင်းကျင်း သက်ပြင်းချသည်။



ထို့နောက်

ထိုင်ရာမှထကာ လမ်းလျှောက်နေ၏။

ပြီးမှ....

'အစ်ကိုအပြောင်းလဲကြီး ပြောင်းလဲနေတယ်ဆိုတာ ကျွန်မ ရိပ်မိခဲ့တာ ကြာပါပြီ၊ အစ်ကို့ ရင်ထဲမှာ ဓားသမား တစ်ယောက်ရဲ့ စိတ်ဓာတ်ပြန်ပြီးဖြစ်ပေါ်နေပြီ မဟုတ်လားဟင်'

ဟု ပြောလေသည်။

'ဟင်'

ကောင်းစုထိတ်လန့်သွားသည်။

ကျင်းကျင်းကို မျက်လုံးပြူးကာကြည့်လိုက်ပြီး....

'ညီ... ညီမ ဘယ်လိုလုပ်ပြီး သိနေတာလဲဟင်'

ဟု မေးလိုက်လေ၏။

ကျင်းကျင်း ပြုံးလိုက်သည်။

ကောင်းစုအား စေ့စေ့ကြည့်ကာ

'ကျွန်မက ကျေးတောသူပါ၊ ဒါပေမယ့် အစ်ကိုအကြောင်းကိုတော့ ရိပ်မိထားပါတယ်....

'အစ်ကိုကြီး မုယုဆီက ပြန်လာပြီး ကတည်းက အစ်ကို မူပျက်သွားတာ၊ ပြောင်းလဲသွားတာကို ကျွန်မရိပ်မိနေခဲ့ပါတယ်ရှင်'

ကောင်းစု ကိုယ့်ကိုကိုယ်အားမလို အားမရဖြစ်သွားလေသည်။

ဇနီးသည် ရိပ်မိအောင်ပင် သူက စိတ်လှုပ်ရှား နေခဲ့လေသည်။

ကိုယ့်ကိုကိုယ် မချုပ်တီးနိုင်ဘဲ ဖြစ်နေခဲ့သည် မဟုတ်ပါလား။

ကောင်းစုငြင်းမရတော့သဖြင့်

'ဟုတ်တယ်ညီမ၊ မုယုကို အနိုင်ယူလိုက်တဲ့ ဓားပါရဂူနဲ့ အစ်ကိုယှဉ်ပြိုင်ကြည့်ချင်တယ်ကွယ်'

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

သူမက သက်ပြင်းချရင်း —

'အစ်ကို ဒီလို ဆန္ဒရှိမယ်ဆိုတာ ကျွန်မ ရိပ်မိပါတယ်၊ အစ်ကိုဟာ အလွန်တော်တဲ့ ဓားသမား တစ်ယောက် ဖြစ်ခဲ့တယ်မဟုတ်လားရှင်'

'အင်း'

ကောင်းစုသက်ပြင်းချလိုက်၏။

ထို့နောက်

တစ်စုံတစ်ခုကို စဉ်းစားလိုက်ပြီး ပွင့်ပွင့်လင်းလင်းပင်ပြောလိုက်လေသည်။

'အစ်ကို သူနဲ့သွားပြီးယှဉ်ပြိုင်မှာကို ညီမသဘောတူတယ် မဟုတ်လား'

ကျင်းကျင်းပင့်သက်ရှိုက်လိုက်သည်။

ကောင်းစုအား တားမြစ်ရမည်မဟုတ်ကြောင်း ကျင်းကျင်း နားလည်ထားသည်။



ထို့ကြောင့်....

မတတ်သာဘဲ ပြောလိုက်ရ၏။

'ကျွန်မခွင့်ပြုပါတယ်ရှင်'

သူမ၏အသံကလည်း တုန်ခါနေ၏။

ကောင်းစုမှာ ကျင်းကျင်း၏စကားကို ကြားလိုက်ရသော အခါဝမ်းသာသွားမိသည်။

'အစ်ကိုဓားပါရဂူနဲ့ ယှဉ်ပြိုင်ကြပြီးတာနဲ့ ဒီကိုပြန်လာခဲ့မှာပါ'

ကျင်းကျင်းက ကောင်းစုအားအကဲခတ် ကြည့်လိုက်လေသည်

ကောင်းစုမှာ သူမခွင့်ပြုလိုက်သဖြင့် အလွန်ပင်ကျေနပ်နေသည့်အသွင်ရှိသည်။

ကျင်းကျင်းက သက်ပြင်းတစ်ချက်ချကာ....

'အစ်ကို့ကို ကျွန်မတစ်ခုမေးချင်တယ်'

ကောင်းစု ခေါင်းညိတ်လိုက်သည်။

'မေးလေညီမရဲ့'

ကျင်းကျင်းက ကောင်းစု၏ မျက်နှာအား စေ့စေ့ကြည့်လိုက်ပြီးမေးလိုက်၏။

'အဲဒီလို ယှဉ်ပြိုင်တော့ အစ်ကို့အတွက် ဘာများအကျိုးထူးမှာလဲဟင်'

ရုတ်တရက်....

ကောင်းစု၏ ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွားသည်။

'ဟင်'

ပါးစပ်အဟောင်းသား ဖြစ်သွားကာ ကျောင်းကျောင်းအား ကြည့်လိုက်လေသည်။

ကျောင်းကျောင်းက ဆက်ပြောလာသည်။

'တစ်ယောက်နဲ့ တစ်ယောက် ယှဉ်ပြိုင်ကြတယ် ဆိုတာ သိုင်းပညာရဲ့အနှစ်သာရပဲလား။ အမြင့်မားဆုံးရည်ရွယ်ချက် ပဲလား'

တောင်းစုမည်သို့ ဖြေရမှန်းမသိ ဖြစ်သွားလေ၏။

အတန်ကြာမှ....

ဦးခေါင်း တွင်တွင်ခါယမ်းလိုက်၏။

'ဒီ... ဒီလိုတော့ မဟုတ်ပါဘူး'

အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြောလိုက်သည်။

ကျောင်းကျောင်း၏ မျက်နှာ တည်ကြည် လေးနက်သွားသည်။

သူမက တောင်းစုအား အကဲခတ်ကြည့်ရင်း တည်ငြိမ် သောလေသံဖြင့်ပြောလာသည်

'သိုင်းပညာဟာ အများအကျိုး၊ တိုင်းပြည်အကျိုး သယ်ပိုးဆောင်ရွက်ဖို့ အသုံးချတဲ့ပညာလို့ အစ်ကို ပြောခဲ့ဘူးတာ မှတ်မိသေးလား'

တောင်းစုခေါင်းညိတ်လိုက်သည်။

'မှတ်မိပါတယ် ညီမရယ်'

ကျောင်းကျောင်းက တောင်းစုအား အကဲခတ်ကြည့်လိုက်လေသည်။



ထို့နောက်....

ပြောသင့် မပြောသင့်တစ်ချက် စဉ်းစားပြီးမှ ပြောလိုက်လေသည်။

'အစ်ကိုရယ် တစ်ယောက်နဲ့တစ်ယော သူသာတယ် ကိုယ်သာတယ် ယှဉ်ပြိုင်မယ့်အစား....'

သူမက စကားတစ်ပိုင်းတစ်စ ရပ်ထားလိုက်၏။

ထို့နောက်....

တောင်းစုအား ကြည့်လိုက်၏။

'အင်း'

တောင်းစုသက်ပြင်းရှည်တစ်ချက်ချလိုက်၏။

သူက ကျောင်းကျောင်းအားပြန်ကြည့်လိုက်၏။

'ဒီတစ်ကြိမ်တော့ နောက်ဆုံးအကြိမ် အဖြစ် အစ်ကို့ကို ခွင့်လွှတ်စေချင်တယ်၊ အစ်ကို့ကို ဒီတစ်ခါတော့ သွားခွင့်ပြုနော်'

ဟု တောင်းစုပန်လိုက်၏။

ကျောင်းကျောင်းသည့်စိတ်ထားဖြူစင်ပြီး ရိုးသားသူတစ်ယောက် ဖြစ်သည်။

ထို့အပြင်....

တောင်းစုကိုလည်း အလွန်ချစ်သူဖြစ်သည်။

တောင်းစု၏ မျက်နှာ ညှိုးနွမ်းနေမည်ကို မကြည့်ရက် ပါချေ။

ထို့ကြောင့်....

သူမက ခေါင်းညိတ်ပြလိုက်သည်။

'ကျွန်မ ခွင့်ပြုနိုင်စရာအကြောင်း မရှိပါဘူးရှင်၊ အစ်ကို သာ ယှဉ်ပြိုင်ပြီးတာနဲ့ ကျွန်မဆီကို ပြန်လာပါမယ်လို့ ကတိ ပေးပါနော်'

ကောင်းစု ခေါင်းညိတ်လိုက်သည်။

'အစ်ကို ကတိတည်ပါတယ်ညီမရယ်'

ကျင်းကျင်း ဝမ်းသာသွားသည်။

သူမ၏ မျက်နှာထဲ၌ ထက်တစ်ဖျတ်ပြတ် ဒုက္ခိတဖြစ်နေသည့် မုယကို မြင်ယောင်လာသည်။

ယှဉ်ပြိုင်တိုက်ခိုက်ပြီးသောအခါ အသက် ဆောလျှင်ဆော (သို့မဟုတ်) မသေလျှင် ဒဏ်ရာရမည်မှာ ဆောချာသည်။

ကောင်းစု အနိုင်ရလျှင်အကြောင်းမရှိချေ။

သို့သော်....

အရေးနိမ့်ပြီး ထိခိုက်ဒဏ်ရာရခဲ့လျှင် စိတ်ဓာတ်ကျဆင်းစေ အိမ်ပြန်မလာရဲဘဲ ဖြစ်နေမည်ကို စိုးရိမ်မိ၏။

ထို့ကြောင့်....

သူမက ကတိတောင်းလိုက်ခြင်းဖြစ်သည်။

- တစ်ဆက်တည်းပင်....

'ခေးပါရဂူဟာ သူ့ရဲ့ဇာက်ချက်ကြောင့် ဘယ်သူမှအသက် မသေစေရဘူးလို့ ကတိပြုထားတာ အမှန်ပဲ မဟုတ်လား အစ်ကို'

ကောင်းစုက ခေါင်းညိတ်လိုက်သည်။



'ဟုတ်တယ်ညီမ အမှန်ပဲ'

ကျင်းကျင်းက....

'အစ်ကို ယှဉ်ပြိုင်ပြီးတာနဲ့ ပြန်လာမယ် မဟုတ်လားဟင်'

ကျင်းကျင်းက ထပ်မေးလာသည်။

ယခု....

သူသည် ကျင်းကျင်း ဘာကိုဆိုလိုသည်ကို နားလည်သွားသွားပြီးဖြစ်လေသည်။

သူ့ရင်ထဲ၌ ခံစားနေရလေသည်။

ကျင်းကျင်း၏ မေတ္တာတရားကြီးမားပုံကိုလည်း လေးစားသွားမိလေသည်။

'ညီမရယ်'

ကောင်းစု ညည်းတွားလိုက်သည်။

ကျင်းကျင်းက ကောင်းစုအားကြည့်ကာ တိုးညင်းစွာဖြင့် ပြောလာလေသည်။

'အစ်ကို စိတ်ချသာသွားပါ၊ ဒီတစ်ခါသွားပြီးလို့ ပြန်လာရင် နောက် မသွားတဲ့နေပါနော်'

ကောင်းစုမှာ စာနာ နားလည်တတ်လွန်းသည့်ဇနီးသည်ကို ဖို့၍ ချစ်မြတ်နိုးလာလေသည်။

သူက ကျင်းကျင်းအား ကြည့်လိုက်ပြီး....

'စိတ်ချပါညီမရယ်၊ အစ်ကိုဆက်ဆက်ပြန်လာခဲ့မယ်ဆိုတာ ကတိပြုပါတယ်ကွယ်'

တူ လေးနက်စွာဖြင့် ပြောလိုက်လေတော့သည်။

• • •

အလုပ်သမား

---

ကျင်းကျင်းသည် အတိတ်မှဖြစ်ရပ် များကို ပြန်လည်တွေးတော ဝမ်းနည်းကြေကွဲလာမိသည်။

ကောင်းစု ခရီးထွက်သွားခြင်းသည် ဘယ်သောအခါမှ ပြန်လာနိုင်မည်မဟုတ်တူ သူမသိလျှင် အစောကြီးကတည်းက တားမြစ်ခဲ့ပေသည်။

ယခု....

အရာအားလုံးသည် ပြင်ဆင်၍မရတော့ပါချေ။

'အင်း'

ကျင်းကျင်း သက်ပြင်းတစ်ချက်ချလိုက်၏။

ထို့စဉ်....



ကောင်းဖု၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဖေဖေသာရှိရင် ကျွန်တော်တို့ ဒီလိုဒုက္ခရောက်မှာမဟုတ်ဘူးနော်'

ကောင်းဖု၏စကားကြောင့် ကျင်းကျင်းပို၍ ဝမ်းနည်းကြေကွဲသွားမိလေသည်။

သူမက ပင့်သက်ရှိုက်လိုက်ပြီး....

'သားရယ် သူတို့နေစက်နောင် ဒုက္ခမပေးဝံ့အောင် မေမေ စီစဉ်ပါမယ်ကွယ်'

ကောင်းဖုက နားလည်နိုင်သောအမူအရာဖြင့်....

'မေမေက ဘယ်လိုစီစဉ်မှာလဲ'

ကျင်းကျင်း ပြုံးလိုက်သည်။

'ရွာလူကြီးနဲ့သွားတွေ့ပြီး အကျိုးအကြောင်း ပြောပြ တိုင်တန်းမှာပေါ့သားရဲ့ ဒါမှ သူတို့တွေနေ့စဉ်ဆို မေမေတို့ကို ဒုက္ခမပေးရဲမှာ'

ကောင်းဖု ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်ဘူး မေမေ'

ကျင်းကျင်းက မျက်မှောင်ကုပ်လိုက်၏။

'ဘာဖြစ်လို့လဲသားရဲ့'

ကျင်းကျင်းက အံ့ဩသောလေသံဖြင့် မေးလာသည်။

ကောင်းဖုက....

'မေမေ လူထူးဆန်းက ဒီအကြောင်း ဘယ်သူ့ကိုမှမပြော ရဘူးတဲ့ ပြောရင် ကျွန်တော်တို့မိသားစုဘဲ အရှက်ရလိမ့်မယ် တဲ့၊ နေ့တော်နောင် ဘယ်လိုအန္တရာယ်မျိုးမှ မရောက်နိုင် အောင် ကာကွယ်စောင့်ရှောက်သွားမယ်လို့ ပြောသွားပါ တယ်မေမေ'

တု ပြောလာလေသည်။

'အင်း'

ကျင်းကျင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

မှန်ပေသည်။

ရွာလူကြီးအား သွားရောက်တိုင်တန်းလျှင် သူမလည်း အရှက်ရလိမ့်မည်ဖြစ်သည်။

အစီးက သူမအားလက်ထပ်လိုသဖြင့် ကြိုးစားမိပါသည် ဟု ဝန်ခံလျှင် သူမ ဘာမှတတ်နိုင်မည်မဟုတ်ပါ။

ထို့ကြောင့်....

ဦးခေါင်းတစ်ချက်ညိတ်ကာ....

'အေးလေ....အခြေအနေကို စောင့်ကြည့်ရတာပေါ့၊ ပြီးမှ တစ်ခုခု စီစဉ်တာ ကောင်းတယ်'

ဟု လေးပင်စွာပြောလိုက်၏။

ထိုစဉ်....

သူ အိမ်ကလေးဆီသို့ဦးတည်လှမ်းလာနေသူ တစ်ယောက် ကို တွေ့မြင်လိုက်ရသည်။

• • •



လူတစ်ယောက်သည် ထင်းစည်းကို ထမ်းကာ ကျင်းကျင်း ၏ အိမ်ကလေးဆီသို့ လှမ်းလာနေသည်။

ထိုလူမှာ လုထင်းဖြစ်လေသည်။

လုထင်းသည် တောတောစီးစီး ထင်းစည်းဖြင့်ကျင်းကျင်း၏ အိမ်သို့ရောက်ရှိလာ၏။

ကျင်းကျင်း တအံ့တသြဖြစ်သွား၏။

ထို့နောက်

ကပျာကယာ သားအမိနှစ်ယောက် အိမ်ရှေ့သို့လှမ်းထွက် လိုက်ကြ၏။

လုထင်း ပြုံးလိုက်၏။

'ညက ကြက်ခြံထဲမှာ အိပ်ခဲ့ပါတယ်၊ အခု မနက် ကြက်ခြံ ကို သန့်ရှင်းရေးလုပ်ပြီး အမှိုက်သရိုက်တွေ ရှင်းထားလိုက်ပါ တယ်....

'ရှုပ်ပွနေတဲ့ ချုံနွယ်တွေ၊ သစ်ကိုင်းတွေကို ခုတ်ထွင်ပြီး ထင်း ဆိုက်လို့ရအောင် ယူလာခဲ့ပါတယ်'

စကားဆုံးလျှင် ထင်းစည်းကို ချပေး၏။

ကောင်းဖုံးမှာ လုထင်းအား ကြည့်ကာ တအံ့တသြဖြစ်နေ သည်။

ထိုနောက်

သူက ဟန်မဆောင်နိုင်တော့ဘဲ ကျင်းကျင်းအား လွှတ် ခနဲ မေးလိုက်မိတော့၏။

'သူက ဘယ်သူလဲ အမေ'

ကျင်းကျင်း ပြုံးလိုက်၏။

ကောင်းဖုံ၏ ဆံနွယ်စများအား လက်ဖြင့် သပ်ပေးရင်း ပြောလိုက်၏။

'သား အဖေရဲ့ မိတ်ဆွေပါ'

သူ အံ့အားသင့်သွား၏။

သူက လုထင်းကို တစ်ချက်အကဲခတ် ကြည့်လိုက်ပြီး....

'အဖေ ရဲ့ မိတ်ဆွေဟုတ်လား'

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်သားရဲ့'

လုထင်းက ကောင်းဖုံကိုပြုံးပြရင်းခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်ကွယ်၊ ငါ့တူကြီးရဲ့ ဖခင်ဟာ ကျုပ်ရဲ့ကျေးဇူးရှင်ပါ၊ ကျုပ်က သူ့ဆီမှာ အလုပ်အကိုင်တစ်ခုခုတောင်းဖို့ လာခဲ့တာပါ'

ကျင်းကျင်း အံ့အားသင့်စွာဖြင့်

'အလုပ်အကိုင်'

လုထင်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ် ကျုပ်က လူစိမ်းဖြစ်နေတယ် မဟုတ်လား၊ ဒါကြောင့် ဘယ်သူကမှ ကျုပ်ကို သိပ်ပြီး အလုပ်မပေးချင်ကြဘူးလေ၊ ကျုပ်က ငွေမလိုချင်ဘူး၊ အေးအေးဆေးဆေး နေရစားရမယ်ဆိုရင်ဘဲ ကျေနပ်ပါပြီ၊ အလုပ်ကြမ်းတွေလဲ ကောင်းကောင်းလုပ်နိုင်ပါတယ်ခင်ဗျ'



ကျင်းကျင်း မှင်တက်မိနေ၏။

ကောင်းဖုံက မိခင်ဖြစ်သူဘက် လှည့်၍ ပြောလိုက်လေသည်။

'အမေ အလုပ်သမားတစ်ယောက် လိုချင်တယ်လို့ အမေ ပြောဘူးတယ်လေ၊ ဒီဦးလေးကို ငှားရမ်းလိုက်ရင် မဖြစ်ဘူးလားဟင်၊ အဖေနဲ့လဲ ပတ်သက်နေတာဘဲ မဟုတ်လား အမေရယ်'

လုထင်းကလည်း

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်က ဆွေမျိုးမရှိတဲ့ တစ်ကောင်ကြွက်ပါ၊ အစ်ကိုကြီးကောင်းစုကို အားကိုးပြီးလာခဲ့တာပါ၊ ကျုပ်ကို လက်ခံမယ် ဆိုရင်တော့ ကြက်၊ ဘဲ၊ ဝက်တွေကို ကောင်းကောင်းထိန်းကျောင်းမွေးမြူပေးပါမယ်ခင်ဗျာ၊ အိမ်အလုပ်တွေကိုလဲ လုပ်ပေးပါမယ်၊ ကျုပ်ကိုလက်ခံပါ'

အားတက်သရော ပြောလိုက်၏။

ကောင်းဖုံက ပြောလေသည်။

'ဟုတ်သားပဲ အမေရယ်၊ အမေပဲ အလုပ်သမား တစ်ဦး လောက်ရရင် သိပ်ကောင်းမယ်လို့ ခဏခဏပြောခဲ့တယ်မဟုတ်လား၊ ဒီကဦးလေးက အလုပ်လုပ်ချင်နေတာနဲ့ အတော်ဘဲပေါ့ လက်ခံလိုက်ပါဗျာ'

ကျင်းကျင်းက လုထင်းကို ခြေဆုံး ခေါင်းဆုံး အကဲခတ် ကြည့်လိုက်သည်။

လုထင်းသည် နှစ်လိုဖွယ်ကောင်းပြီး ယောကျ်ားပီသသော ရုပ်ရည်ပိုင်ရှင်ဖြစ်၏။

လူဆိုးတစ်ယောက် မဟုတ်နိုင်ကြောင်းလည်း ရိပ်မိခဲ့လေသည်။

သို့သော်....

သူစိမ်းတစ်ယောက်အား လက်ခံထားဖို့ ဆိုသည်မှာလည်း လွယ်ကူလှသော ကိစ္စတစ်ခုမဟုတ်ပါချေ။

သူတွေးတောစဉ်းစားနေ၏။

'မေမေ ကျွန်တော်တို့မှာအလုပ်သမား တစ်ယောက်ရှိနေတော့ အာစီးတို့ တော်ရုံတန်ရုံ လာပြီး မနှောင့်ယှက်ရဲတော့ဘူးပေါ့'

ကောင်းဖုံးက ပြောလိုက်၏။

ကျင်းကျင်းတွေဝေသွား၏။

လုထင်းကလည်းခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်ကအခုမခံရခင်မှာအလုပ် လုပ်ခဲ့ဘူးတော့ သိုင်းပညာ အနည်းအကျဉ်း တတ်ပါတယ်'

ထိုစကားကြားရလျှင် သူမ စိတ်ဝင်စားသွားလေတော့သည်။

* * *



ကျင်းကျင်းသည် လုထင်းအားစိုက်ကြည့်လိုက်ပြီး ပြောလိုက်လေသည်။

'ရှင်က သိုင်းပညာတတ်တယ်မဟုတ်လား'

မေးလိုက်၏။

လုထင်းက ပြောသည်။

'အနည်းအကျဉ်းတော့တတ်ပါတယ်'

ကျင်းကျင်းကမေးလိုက်ပြန်၏။

'ဒါဆို ကျွန်မတို့အိမ်ကို လူဆိုးသူခိုးတွေလာပြီး နှောက်ယှက်မယ် ဆိုရင် ကာကွယ်ပေးနိုင်တာပေါ့'

လုထင်းခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့ကာကွယ်ပေးနိုင်မယ်လို့ တော့ ထင်ပါတယ်ဗျာ'

ကောင်းဖုံးနှင့်သူမတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ကောင်းဖုံးက....

'မေမေ ဒီဦးလေးကို ခေါ်ထားလိုက်ပါနော်၊ သားလဲ အဖော်ရတာပေါ့'

ထပ်ပြောလိုက်၏။

သူမကပြောလိုက်သည်။

'ဒီအတိုင်းခေါ်ထားလို့တော့ ဘယ်ဖြစ်ပါ့မလဲ ကွယ်၊ သူ့ရဲ့လုပ်ရည်ကိုင်ရည်ကိုတော့ ကြည့်ရဦးမှာပေါ့'

လုထင်းသို့ပြော၏။

'ရပါတယ်ဗျာ၊ ကြိုက်သလို စစ်ဆေး ကြည့်နိုင်ပါတယ်'

သူမက သူ၏စကားကို သဘောကျသွား၏။

'ကောင်းပါပြီလေ ကဲ....ကျွန်မတို့ကြက်ခြံကိုသွားကြည့်ကြစို့'

ပြောပြီးထွက်သွားလေသော

ကောင်ဖုံ ၏ လုထင်းအား ကြည့်ရာ....

'ဆရာ...ဦးဦးရောက်လာမှတော့ သေးလဲ့အဖော်ရသွားတော့တယ်ဗျ'

လုထင်းက ပြုံးပြလိုက်၏။

'ဦးလဲ မပျင်းရတော့ဘူးပေါ့ကွယ်'

ကောင်းဖုံးနှင့် လုထင်းတို့မှာ စကား တပြောပြောဖြင့် ကျင်းကျင်းနောက်မှလိုက်သွားကြလေ၏။

* * *



ကျင်းကျင်းတို့ သားအမိသည် တောင်ကုန်းလေး ပေါ်မှ အိမ်လေးတွင် နေထိုင်ကြခြင်းဖြစ်သည်။

တောင်ကုန်း၏ ဝဲဘက်မြေနိမ့်ချိုင့်ဝှမ်းအတွင်း၌ကြက်ခြံ၊ ဘဲခြံများနှင့်ဝက်တဲများ ထိုးထားသည်။

သူတို့ရွာတွင် သူခိုးသူဝှက်များမရှိသဖြင့် ပျောက်ဆုံးမည်ကိုမစိုးရိမ်ရပေ။

ထို့ကြောင့်....

စိတ်ချလက်ချနေရခြင်း ဖြစ်၏။

ကျင်းကျင်းတို့သည် တရွေ့ရွေ့ဖြင့် ကြက်ခြံများ ရှေ့သို့ ရောက်ရှိလာ၏။

ကြက်ခြံများရှေ့သို့ ရောက်လာသော အခါ သူမတအံ့တသြဖြစ်သွား၏။

အကြောင်းမှာ

ကြက်ခြံ၊ ဘဲခြံနှင့် ဝက်တဲများကိုလုထင်းက ရှင်းလင်းထားပြီးသည်ကိုတွေ့ရ၏။

သူမ အံ့သြသွားသည်။

ထို့နောက်

သူမကလုထင်းအား မေးလိုက်၏

'ရှင်က ဘယ်နေရာမှာသွားအိပ်မလဲ'

လုထင်းကပြုံးလိုက်၏။

ကြက်ခြံ၏ခေါင်မိုးပေါ်ညွှန်ပြပြီး

'ကြက်ခြံခေါင်မိုးပေါ်မှာ အိပ်ပါ့မယ်'

ဟု ပြောလိုက်သည်။

ကျင်းကျင်းက မှတ်ချက်ချ၏။

'ရှင်က တော်တော်ဖြစ်သလိုနေတတ်တဲ့လူပဲ'

လုထင်းက ပြုံးပြီး

'ကျုပ်ကထူသားပေသား ကျနေပါပြီဗျာ၊ ကျုပ်အတွက် ကောင်းကောင်းကန်းကန်းမလို့တော့ပါဘူးဗျာ'

သူမက ပြောလေသည်။

'ရှင်ဟာ ကြက်ခြံသန့်ရှင်းရေးနဲ့ အချိန်မှန် အစာကျွေးဖို့ ဝက်တွေရေချိုးပေးဖို့၊ ဘဲကျောင်းဖို့ရယ်၊ ကြက်ဥကောက်ဖို့ ဒီတာဝန်တွေကိုရှင်ယူနိုင်ပါမလား'

မေးလိုက်၏။

လုထင်းက....

'ဟာ....ကျုပ်အကောင်းကောင်းကြီး တာဝန်ယူနိုင်ပါတယ်ဗျ'

ဟု ပြောလေ၏။

သူမက ပြောသည်။

'ဒါဆိုရင်တော့ ရှင်ဟာ ဒီနေ့ဒီအချိန်က စပြီး ကျွန်မရဲ့ အလုပ်သမားတစ်ယောက် ဖြစ်သွားပြီလို့ မှတ်ထားလိုက်ပေတော့'

ထိုစကား ကြားလိုက်ရသည်။



'ဟေး'

ကောင်းဖုံသည် ဝမ်းသာအားရ ဖြစ်သွားကာ ကျယ် ကျယ် လောင်လောင်ဖြင့် အော်ဟစ်လိုက်လေတော့သည်။

* * *

## အတု

---

ချန်အန်းမြို့....

ချန်အန်းမြို့သည် စည်ကားသိုက်မြိုက်လှသော မြို့ကြီးပင် ဖြစ်သည်။

ချအန်းမြို့မှ မနက်ခင်းတွင် လူသွားလူလာများနှင့် စည်ကားနေလေသည်။

ထိုစည်ကားနေသော လူများထဲမှ အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားသော လူတစ်ယောက် ပါရှိ၏။

ထိုလူကို လူအများက စိတ်ဝင်စားလျက် ကြည့်နေကြသည်။

ထိုလူသည် သိုင်းလောကတွင်ကျော်ကြားနေသော ငွေဓါး ကျိစွမ်းပင် ဖြစ်လေသည်။



ကျိစွမ်းသည် ချန်အန်းမြို့၏ အရှေ့ဘက်သို့ဦးတည်လျက် ခရီးသွားနေခြင်း ဖြစ်၏။

ငွေဓားကျိစွမ်းသည် သူ၏မိတ်ဆွေဖြစ်သူ သိုင်းလောကတွင် ထင်ရှားသော ဓားနှစ်လက်ရှိချန်း နေထိုင်ရာသို့ သွားနေခြင်း ဖြစ်လေသည်။

အတန်ကြာသျှင်....

ငွေဓားကျိစွမ်းမှာ လှပသော အိမ်ကလေးတစ်လုံးရှေ့သို့ ရောက်ရှိသွား၏။

ငွေဓားကျိစွမ်း၏မျက်နှာ ပြုံးရွှင်သွား၏။

ထို့နောက်....

အိမ်ထဲသို့ လှမ်းဝင်သွားလေတော့သည်။

* * *

ယနေ့....

ဓားနှစ်လက်ရိချန်းထံသို့ ဧည့်သည်တစ်ယောက် ရောက်ရှိလာလေသည်။

ဧည့်သည်မှာ ငွေဓားကျီစွမ်းပင် ဖြစ်လေသည်။

ဓားနှစ်လက် ရိချန်းနှင့် ငွေဓားကျီစွမ်းတို့သည် ခင်မင်ရင်းနှီးသော မိတ်ဆွေများပင် ဖြစ်ကြလေသည်။

ဓားနှစ်လက်ရိချန်းက ကျီစွမ်းအား စားသောက်ဖွယ်ရာမျိုးစုံတို့ဖြင့် ဧည့်ခံလေသည်။

သို့သော်....

ငွေဓားကျီစွမ်းမှာ မျက်နှာမရွှင်မပျ ဖြစ်နေ၏။

ရိချန်းက ကျီစွမ်း၏မျက်နှာ မရွှင်မပျဖြစ်နေသည်ကို ရိပ်မိလိုက်၏။

ရိချန်းက....

'အရင်တုန်းက ကျီစွမ်းက ပြုံးပြုံးရွှင်ရွှင်ပါပဲ၊ အခုဘာများ စိတ်ညစ်စရာတွေကြုံလာသလဲ မသိဘူး၊ မေးကြည့်မှပဲ ဖြစ်မယ်'

ဟူ၍ တွေးရင်း မေးလိုက်၏။

'ကျီစွမ်း၊ ခင်ဗျား ဘယ်လိုဖြစ်နေတာလဲဗျ၊ ခင်ဗျားကို ကြည့်ရတာ စိတ်ညစ်စရာတစ်ခုခုနဲ့ ကြုံတွေ့ခဲ့သလိုပါလားဗျ'

ငွေဓားကျီစွမ်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ် ကျုပ်စိတ်ညစ်လာတယ်'

ထိုအခါ ရိချန်းက....



'ဘာတွေများစိတ်ညစ်လာရတာလဲဗျ၊ အချင်းချင်းတွေပဲ ပြောမှာသာပြောပါ'

ငွေဓားကျီစွမ်းက ညည်းတွားလိုက်သည်။

'အင်း....ပြောတော့ မပြောချင်တော့ပါဘူးဗျာ'

ရိချန်းက မေးလိုက်ပြန်၏။

'ကျီစွမ်း....ကျုပ်တို့က ဟိုးအရင်ထဲက ပေါင်းသင်းလာတဲ့ မိတ်ဆွေတွေပါ၊ တစ်ယောက်အခက်အခဲရှိရင်တစ်ယောက်က ကူညီရမှာပေါ့၊ လျှို့ဝှက်ထားစရာမလိုပါဘူး၊ ခင်ဗျား ဘယ်လို စိတ်ညစ်စရာတွေနဲ့များ ကြုံလာသလဲပြောပါဗျာ'

ကျီစွမ်းက ပြော၏။

'ကျုပ် မပြောချင်ဘူးဆိုတာက ရှက်စရာကောင်းလွန်းလို့ဗျ'

ရိချန်း အံ့အားသင့်သွား၏။

'ရှက်စရာကောင်းလို့ ဟုတ်လား'

ကျီစွမ်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ရိချန်းက မေးလိုက်၏။

'ဘယ်လိုများ ဖြစ်ရတာလဲဗျာ'

ကျီစွမ်းက အရက်တစ်ခွက်ငှဲ့လိုက်ပြီး သောက်လိုက်လေသည်။

'ကျုပ် သိုင်းလောကမှာ ကျက်စားလာခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ၊ ကျုပ်ဘဝမှာ ဓားပါရဂူ ဝမ်းလီကိုပဲ ရှုံးနိမ့်ခဲ့ဖူးသေးတယ်ဆိုတာ မိတ်ဆွေသိပါတယ်'

ပြောလေ၏။

ရီချန်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်လေ....အဲ့ဒါ ဘာဖြစ်သလဲ၊ ဒါပေမယ့် အခု ကျုပ်က ခါးပါရဂူဝမ်းလီအပြင် နောက်တစ်ယောက်ကိုပါ ရှုံးနိမ့်ခဲ့လို့ဗျ'

'ဟင်'

ရီချန်းလွှတ်ခနဲ အော်လိုက်၏။

တအံ့တသြလည်း ဖြစ်သွား၏။

မယုံကြည်နိုင်သော လေသံဖြင့်ပြောရင်း ကျိစွမ်းကို မျက်လုံးပြူးကြည့်လိုက်သည်။

'ခင်....ခင်ဗျားက လူတစ်ယောက်ကိုအရေးနိမ့်သွားခဲ့တယ် ဟုတ်သား'

စကားပင် အသစ်သစ်အငေါ့ငေါ့ ဖြစ်နေ၏။

ကျိစွမ်း ခေါင်းညိတ်လိုက်ပြန်၏။

'ဟုတ်တယ်'

ကျိစွမ်းကို ထပ်မေးလိုက်ပြန်၏။

'ဘယ်ကိုများ အရေးနိမ့်သွားရတာလဲဗျ ပြောပါဦး'

ကျိစွမ်းက မျက်နှာရှုံ့မဲ့ကာ မကျေမနပ်ဖြစ်ကာ ပြော တော၏။

'သိုင်းလောကမှာ လုံးဝနာမည်မရှိသေးတဲ့ လူငယ်တစ် ယောက်ကို ကျုပ်တရှုံးနိမ့်ခဲ့လို့ အခုလိုမကျေမနပ်ဖြစ်နေ တာပေါ့ဗျ၊ တွေးရင်း အခုထိ ခံပြင်းတုန်းပဲ'



'ခါးနှစ်လက် ရီချန်း ပို၍ အံ့အားသင့်သွားရပြန်၏။

'နာမည်မရှိသေးတဲ့ လူငယ်တစ်ယောက် ဟုတ်လား၊ ခင်ဗျားစကားက ကျုပ်တောင်မျက်စိသည်သွားပြီ'

ကျိစွမ်းက ရီချန်းအားစိုက်ကြည့်ရင်းပြော၏။

'ကျုပ်က ဇာကယ်ပြောတာဗျ၊ ဘာလဲ ခင်ဗျားကမယုံ ဘူးလား'

'ယုံပါတယ် နေပါဦး၊ အဲ့ဒီလူက ဘယ်သူလဲဗျ'

ကျိစွမ်းက ပြော၏။

'သူ့နာမည်က ချူးစန်းလို့ခေါ်တယ်၊လူငယ်တစ်ယောက် ပေါ့....

ရီချန်း အံ့အားသင့်သွားရ၏

မယုံကြည်နိုင်စွာဖြင့် မေး၏။

ချူးစန်းဟုတ်လား၊အင်း....ချူးစန်းဆိုတဲ့နာမည်ကိုကျုပ် လဲ တစ်ခါမှ မကြားဖူးပါလား၊ ဒါနဲ့ အဲ့ဒီကောင်လေးကို ဘယ်မှာတွေ့ပြီး ဘယ်လိုယှဉ်ပြိုင်ခဲ့ကြတာလဲဗျ၊ ပြောစမ်း ပါဦး'

ကျိစွမ်းက ရှင်းပြလိုက်သည်။

'မိုးကြိုးဓား ကောင်းစုဟာ ခါးပါရဂူဝမ်းလီရဲ့လက်ချက် နဲ့ သေဆုံးသွားတယ်လို့ သတင်းတွေ ထွက်ပေါ်လာခဲ့တယ် မဟုတ်လားဗျ'

ရီချန်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်လေ...ကျုပ်လဲ အဲ့ဒီသတင်းကြားမိတယ်'

ကျော်စွမ်းက ဆက်ပြော၏။

'ကျုပ်က ခါးပါရဂူဝမ်းလိရဲ့ ဂေဟာကိုသွားပြီး စုံစမ်းကြည့်တယ်၊ အဲဒီမှာ ခါးပါရဂူဝမ်းလိရဲ့ ဝေယျာဝစ္စလုပ်ပေးရတဲ့ အိမ်ထိန်းကြီးချူးတရှဲတူ ချူးစန်းနဲ့ တွေ့ခဲ့ရတယ်၊ ခါးပါရဂူဝမ်းလိ ဘယ်မှာရှိသလဲ ဆိုတာမေးတော့ သူက မသိဘူးလို့ ပြောကြတယ်လေ၊ ဒါနဲ့ဘဲ မပြောရင် ကျုပ်က ချမ်းသာမပေးနိုင်ဘူးလို့ အကြပ်ကိုင်ရင်း ချူးစန်းနဲ့ယှဉ်ပြိုင်ဖြစ်ခဲ့ကြပါတယ်၊ အဲဒါနဲ့ပဲ နောက်ဆုံးပဲ'

ကျော်စွမ်း စကားတိမ်ဝင်သွား၏။

ရှေ့ဆက် မပြောနိုင်တော့ပါ၊

ရီချန်းက အလိုက်သိစွာမင်....

'နောက်ဆုံး ခင်ဗျားရှုံးသွားတယ်ဆိုပါတော့'

ကျော်စွမ်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ရီချန်းက မေးပြန်၏။

'ချူးစန်းက ခါးပါရဂူဆီက သိုင်းပညာအမွေရထားတယ်ဆိုတဲ့ သဘောလား'

'ဒါဘဲ ဖြစ်မှာပေါ့'

ကျော်စွမ်းက ထောက်ခံ၏။

ရီချန်းက ပြော၏။

'ဒါနဲ့ ခါးပါရဂူတပည့်မမွေးဘူးဆို၊ အခု ချူးစန်းက'



ရီချန်းက စကားတစ်ပိုင်းတစ်စဖြင့်ရပ်ရင်း ကျော်စွမ်းကို ကြည့်လိုက်၏။

ကျော်စွမ်းက မကျေမနပ်ဖြင့် ရီချန်းကိုပြောပြလိုက်သည်၊

'ဒါကြောင့် ကျုပ်မကျေမနပ်ဖြစ်နေတာပေါ့ဗျာ၊ ခါးပါရဂူဟာ သူ့ဒါကြောင့် ဘယ်သူမှ အသက်မသေစေရဘူးဆိုပြီး သစ္စာစကားထားခဲ့တယ်....

'ဒါပေမယ့် မိုးကြိုးခေါင်းစုဟာ သူ့ရဲ့သတ်ချက်နဲ့ သေဆုံးသွားရတယ်၊ သူက တပည့်မမွေးဘူးဆိုပြီး ခုတော့ ချူးစန်းက သူ့ရဲ့သိုင်းပညာကို ရထားတယ်'

ရီချန်းက ခေါင်းညိတ်လိုက်၏၊

'လက်စသတ်တော့ ခင်ဗျားက ခါးပါရဂူကို မကျေမနပ်ဖြစ်နေတာကိုး'

ငွေဓား ကျော်စွမ်းက ဘာမှ မပြောဘဲ ငြိမ်နေလိုက်၏၊

ရီချန်းက ပြော၏၊

'ကျော်စွမ်း....ဘာမှမပူနဲ့၊ ဒီကိစ္စကို ကျုပ်ဖြေရှင်းပေးပါ့မယ်ဗျာ'

ကျော်စွမ်းက နားမလည်စွာဖြင့်....

'ခင်ဗျားက....'

ရီချန်းက ပြတ်သားစွာ ပြောလိုက်၏၊

'ကျုပ်က ခါးပါရဂူကို လိုက်ရှာပေးပါ့မယ်၊ ပြီးတော့ ချူးစန်းကို ဆုံးမပေးပါ့မယ်ဗျာ'

'ဗျာ'

ငွေခေး ကျိစွမ်း ပါးစပ် အဟောင်းသား ဖြစ်သွားတော့သည်။

ရီချန်းကို ကြည့်လိုက်၏။

ပြောရန် ပြင်ပြီးမှ ဘာမှ မပြောတော့ဘဲ အသာငြိမ်နေလိုက်တော့သည်။

* * *



ငွေခေးကျိစွမ်း သည် ရီချန်းကို နှုတ်ဆက်ကာ ပြန်သွားပြီ ဖြစ်သည်။

ရီချန်းသည် ချက်ချင်းပင် ခရီးထွက်သွားရန် ပြင်ဆင်နေလိုက်သည်။

ထိုစဉ်....

'သခင်ကြီး.... ဧည့်သည်တစ်ယောက် ရောက်လာပါတယ် ခင်ဗျာ'

အစေခံတစ်ယောက်က လာရောက်သတင်းပို့လေသည်။

ရီချန်း မျက်မှောင်ကြုတ်သွားပြီး....

'ဧည့်သည် ဟုတ်လား'

မေးလိုက်လေသည်။

'ဟုတ်ပါတယ်'

ရီချန်း အတန်ကြာ စဉ်းစားလိုက်၏။

ထို့နောက်....

'ကောင်းပြီ၊ ခေါ်လိုက်ပါ'

'ဟုတ်ကဲ့ပါခင်ဗျာ'

အစေခံက အရိုအသေပေးပြီး ပြန်ထွက်သွားသည်။

ရီချန်းက ဧည့်ခန်းထဲ၌ ထိုင်စောင့်နေလိုက်လေသည်။

မကြာပါချေ၊

အစေခံက ဧည့်သည်ကိုခေါ်လာသည်။

ဧည့်သည်မှာ လူငယ်တစ်ဦးနှင့် အဘိုးအိုတစ်ဦးတို့ ဖြစ်လေသည်။

သူကအစောင်ကို လက်ခုပ်ယမ်းပြ၏။

'မင်းသွားနိုင်ပြီ၊ ဧည့်သည်တွေကို ထားခဲ့ပါ'

'ဟုတ်ကဲ့ပါခင်ဗျာ'

အစောင့်က ဦးညွတ်အရိုအသေပေးကာ ပြန်ထွက်သွားလေ၏။

ရီချန်းက လူငယ်နှင့်အဘိုးအိုအား တစ်ချက် အကဲခတ်၍ ကြည့်လိုက်၏။

'ကျုပ်ကို ဘာကိစ္စနဲ့တွေ့ချင်တယ်ဆိုတာ ပြောပါဦး'

မေးလိုက်လေ၏။

လူငယ်ကလည်း ပြော၏။

'ဦးဟာ ခေးနှစ်လက်ရီချန်း ဟုတ်ပါသလားခင်ဗျာ'

ရီချန်း ခေါင်းညိတ်လိုက်၏၊

'ဟုတ်ပါတယ်ကွယ်၊ ကျုပ် ရီချန်းပါ၊ ဘာကိစ္စရှိလို့လဲ'

လူငယ်က ပြုံး၏။

'ကျွန်တော်က ချူးစန်းပါ'

ပြောလိုက်၏။

ရီချန်း အံ့အားသင့်သွားသည်။

လူငယ်ကို ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လိုက်လေတော့သည်။

ပြီးမှ....

'မင်းက ချူးစန်းဟုတ်လား'

မေးလိုက်၏။



လူငယ်က ခေါင်းညိတ်၍ပြော၏။

'ဟုတ်ပါတယ်'

ရီချန်းမှာ ငွေခေးကျိုစွမ်းပြောခဲ့သည့် စကားများအား ပြန်လည် ကြားယောင်လာ၏။

စိတ်လှုပ်ရှားမှုကို ချုပ်ထိန်းရင်း....

'လက်စသပ်တော့ မင်းကိုး၊ မင်းဟာ ခံ့မပါရဂူရဲ့တပည့် ဟုတ်လား'

မေးလိုက်လေသည်။

ချူးစန်းက ခေါင်းခါယမ်းလိုက်သည်၊

'မဟုတ်ပါဘူး၊ သူက ကျွန်တော့်ကိုသင်ပေးခဲ့တာမဟုတ်ပါဘူး'

ရီချန်း အံ့အားသင့်သွားသည်၊

'ဒါဖြင့်'

ချူးစန်းက....

'သူ ခေးရေးလေ့ကျင့်တဲ့အခါ၊ ပြိုင်ဘက်တွေနဲ့ ယှဉ်ပြိုင်တိုက်ခိုက်တဲ့ အခါတိုင်းမှာ ကျွန်တော်သာ ကြည့်ရှုလေ့လာမှတ်သားထားပြီး တစ်ယောက်တည်း လေ့ကျင့်ခဲ့လို့ ခေး ပညာကို တတ်မြောက်နေတာပါ၊ ခံ့ပါရဂူရဲ့ပည့ာသင်တပည့်တော့ မဟုတ်ပါဘူးဗျာ'

ရီချန်း စိတ်ဝင်စားသွားလေသည်။

ချူးစန်းသည် အလွန်ဉာဏ်ကောင်းသူ တစ်ယောက်ဖြစ်ကြောင်းကိုလည်း ရိပ်မိလိုက်လေသည်။

ချူးစန်းအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး ပြောလေသည်။

'အခု...မင်း ကျုပ်ဆီကိုလာခဲ့တာ ဘာကိစ္စရှိလို့လဲ'

ချူးစန်းက ပြုံးလိုက်၏။

ပြီးမှ တစ်လုံးချင်း ပြောလိုက်လေသည်။

'ဦးနဲ့ ဓားပညာ ယှဉ်ပြိုင်ချင်လို့ပါ'

'ဟော'

ရှီချန်း အထိတ်တလန့် အော်လိုက်၏။

'မင်းက ကျုပ်နဲ့ ဓားပညာယှဉ်ပြိုင်ချင်လို့ ဟုတ်လား၊ ကောင်လေး'

ချူးစန်း ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ဗျာ၊ ကျွန်တော့်ရဲ့ဓားပညာဟာ ဓားပါရဂူထက်တောင် တော်တယ်လို့ ယုံကြည်ထားပါတယ်၊ အဲဒါကြောင့် ကျွန်တော်က သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့ဓားသမားတွေနဲ့ လိုက်ပြီးယှဉ်ပြိုင်လို့ပါ'

ရှီချန်းက...

'ဩော်မင်းက ကျုပ်နဲ့ယှဉ်ပြိုင်ဖို့ လာခဲ့တာကိုးကွ'

ပြောလိုက်၏။

ချူးစန်းက ပြုံးပြီး....

'ဟုတ်ပါတယ်၊ ဦး၊ ကျွန်တော့်ကို ယှဉ်ပြိုင်မှာလား၊ ဒါမှမဟုတ်ရင် အရှုံးပေးလိုက်မှာလား၊ ပြောပါခင်ဗျာ'

ပြောလိုက်လေ၏။



ချူးစန်း၏ စကားကြောင့် ရှီချန်းမှာ ဒေါသထွက်သွားလေသည်။

'ဒီမှာကောင်လေး၊ မင်းစကားကို ကြည့်ပြောပါ၊ ငွေဓားကျီစွမ်းကို အနိုင်ရလိုက်လို့ သွေးနားထင်ရောက်မနေနဲ့ ဓားသမားတွေထဲမှာ မင်းထက်တော်တဲ့ သိုင်းသမားတွေအများကြီးပဲဆိုတာ နားလည်ထားပါ၊ ကဲ.... မင်းရဲ့စကားကို ငါ ပြန်ရုပ်သိမ်းခွင့် ပြုတယ်'

ရှီချန်းက ဒေါသတကြီးဖြင့် ပြော၏။

ချူးစန်းက မဲ့ပြုံးပြုံးကာ တည်ငြိမ် အေးဆေးစွာဖြင့် ပြော၏။

'ကျွန်တော်က ပြောပြီးသားစကားကို ပြန်ပြီးမရုပ်သိမ်းတတ်ပါဘူး၊ ခင်ဗျာ'

'ကောင်းပြီလေ၊ နောက်မှ နောင်တမရနဲ့'

'ဟုတ်ကဲ့ပါ ခင်ဗျာ'

ချူးစန်းသည် ငွေဓားကျီစွမ်းကို ယှဉ်ပြိုင်အနိုင်ရခဲ့ပြီး ကိုယ့်ကိုယ်ကို အထင်ကြီးနေသည့်ဟု တွေးမိပြီး ရှီချန်းက ချူးစန်းအား ယှဉ်ပြိုင်အနိုင်ယူရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

* * *

အရှုံး

---

ဧည့်ခန်းဆောင်မှာ ကျယ်ဝန်းလှသည်။

ချူးစန်နှင့် ရီချန်းတို့ မျက်နှာချင်းဆိုင် ရပ်နေကြလေသည်။

တစ်ယောက်နှင့် တစ်ယောက် မမှိတ်မသုန် စိုက်ကြည့်လိုက်သည်။

အဘိုးအို ချူးထားမာ မလှမ်းမကမ်း၌ ရပ်နေ၏။

ယခု....

ပြိုင်ပွဲတွင် တူဖြစ်သူ ချူးစန် အနိုင်ရလိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်ထားသည့် သဘောရှိ၏။

ရီချန်းက ဓားနှစ်လက် ဆွဲကိုင်လိုက်သည်။



ချူးစန်သည် ငွေဓား၊ ကျိုစွမ်းကို အနိုင်ယူနိုင်ခဲ့သဖြင့် ပေါ့ပေါ့တန်တန် သဘောမထားခဲ့ပေ။

ချူးစန်ကလည်း ဓားတစ်လက် ထုတ်ယူလိုက်၏။

ဓားကောင်းတစ်လက် ဖြစ်နေသည်ကို တွေ့ရသဖြင့် ရီချန်း ပိုပြီး စိတ်ဝင်စားသွား၏။

ချူးစန်ကို ကြည့်၍....

'မင်း၏ဓားက တော်တော်ကောင်းပါလား'

ချီးကျူးလိုက်၏။

သူက ပြုံး၍....

'ဒီဓားက ဓားပါရဂူရဲ့ ဓားပါ'

'ဒါ ဓားပါရဂူရဲ့ဓား ဟုတ်သလား'

ချူးစန် ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်'

ရီချန် က စိတ်ညစ်သွားသည်။

'ဒါဆို....သူက....'

ချူးစန်က ရှင်းပြလိုက်သည်။

'သူက မိုးကြိုးဓားသမားကို သတ်မိလိုက်တဲ့ အတွက် သူ တစ်သက်လုံး ဓားမကိုင်တော့ပါဘူးလို့ ကျိန်ဆိုခဲ့ပြီး ခြေဦးတည့်ရာကို ထွက်သွားပါပြီ ခင်ဗျာ'

ရီချန်း သက်ပြင်းချလိုက်၏။

ဓားပါရဂူသည် သိုင်းလောကကို လုံးဝ ကျောခိုင်းသွားပြီ ဖြစ်ကြောင်း ချူးစန်၏ ပြောစကားအရ ထင်ရှားနေပေသည်။

ချူးစန်ကို သေချာအကဲခတ်ကြည့်လိုက်သောအခါ အလွန်မောက်မာသည့် သဘော ရှိနေသည်ကို တွေ့ရ၏။

ထိုစဉ်....

ချူးစန်က ပြောလာသည်။

'ကဲ....ဦးသိချင်တာတွေ တော်ပြီလား၊ ကျုပ်တို့ ယှဉ်ပြိုင်ကြရအောင်'

ရီချန်၊ ဒေါပွသွားသည်။

'ကောင်းပြီ၊ မင်းကို ကျုပ်က ဒီလောက် အချိန်ပေးနေတာတောင် မင်းက မလျှော့ရင် ကျုပ်တို့ ယှဉ်ပြိုင်ကြတာပေါ့'

ချူးစန်က ခေါင်းညိတ်လိုက်၏။

'ကောင်းပါပြီ'

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် မဟာရန်သူကြီးများပမာ အလွတ်မပေးဘဲ စိုက်ကြည့်လိုက်ကြလေတော့သည်။

ထို့နောက်....

'ယား'

'ကျား'

ကိုယ်စီ ညာသံပေး၍ စတင် တိုက်ခိုက်လိုက်ကြလေတော့သည်။

• * •



ဓားနှစ်လက် ရီချန်။

ဓားနှစ်လက် ရီချန်သည် ထိပ်တန်း ဓားသမားတစ်ဦး ဖြစ်သည်။

နှစ်ပေခွဲခန့် ရှည်သော ဓားနှစ်လက်ဖြင့် သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သူ ဖြစ်၏။

ယခု....

ရီချန်က သူ၏ ဓားနှစ်လက်ကို ဝှေ့ယမ်း၍ ပြင်းထန်စွာ တိုက်ခိုက်ပြီ ဖြစ်သည်။

'ယား'

'ချွင်'

'ချွမ်'

ချူးစန်ကလည်း ဓားကို ဝှေ့ယမ်း၍ ပြန်လည်တိုက်ခိုက်နေသည်။

သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုများမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသည်။

လူရိပ်နှစ်ခု ပူးကပ်သွားပြီး မည်သူက ချူးစန်ဖြစ်သည်၊ မည်သူက ရီချန်ဖြစ်သည်ကို ခွဲခြား မရတော့ပါချေ။

ချူးတသည် ချူးစန် အတွက် စိုးရိမ် ပူပန်ခြင်း မရှိပါချေ။

အေးအေးဆေးဆေးပင် လက်ပိုက်၍ ကြည့်နေ၏။

ထိုစဉ်မှာပင်....

'ယား'
'ချွမ်း'
'ချွမ်း'
'အား'

ကျယ်လောင်သော တိုက်ခိုက်သံများ နောက်မှ အော်ဟ
သံ ထွက်ပေါ်လာ၏။

ဓားရိပ်များလည်း ကွယ်ပျောက်သွား၏။

ဓားနှစ်လက် ရီချွန်းမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွ
သည်။

ချူးစန်မှာ မလှုပ်မယှက် ရပ်နေ၏။

သူ၏ လက်ထဲမှ ဓားကို အပေါ်သို့ ထောင်၍ ကိုင်ထ
သည်။

ရီချွန်းမှာ ဓားကို ကိုင်ထားသော်လည်း ပခုံး၌ ဓားဒ
ရာ တစ်ချက် ရရှိထား၏။

ချူးစန်က ပြုံး၍....

'ဦး....အရှုံးပေးပြီလား'

ဟူ၍ ပြောလိုက်သည်။

ရီချွန်းက ပြောလာ၏။

'ကျုပ် ဆက်ယှဉ်ပြိုင်လို့ ရပါသေးတယ်'

ပြော၍ ဓားကို ဝှေ့ယမ်းပြီး တိုက်ခိုက်လိုက်လေ
သည်။

* * *



'ယား'
'ချွင်....ချွင်'
'ချွမ်း'

တိုက်ပွဲမှာ ပြင်းထန်လှသည်။

ရီချွန်းက နောက်သို့ တစ်ဆုတ်တည်း ဆုတ်နေရ၏။

ချူးစန်၏ မျက်နှာ ပြုံးရွှင်နေသည်။

အောင်နိုင်သူ တစ်ယောက်၏ အပြုံးမျိုးပင်။

ချူးတာကလည်း အေးဆေးစွာပင် ကြည့်နေမြဲ၊

ထိုအခိုက်မှာပင်...

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပူးကပ်သွား
လေ၏။

'ချွင်....ချွင်'
'ချွမ်း'
'ချလွမ်း'

ဓားကျိုးသံ ထွက်ပေါ်လာ၏။

ရီချွန်းမှာ နောက်ဆုတ်သွားရသည်။

ချူးစန်မှာ နေရာ၌ ရပ်မြဲရပ်နေ၏။

ရီချွန်း၏ ဓားနှစ်လက်စလုံးမှာ ထက်ပိုင်းကျိုး၍ ကြမ်းပြင်
ပေါ်သို့ ကျနေ၏။

ရီချွန်းက ချူးစန်အား မယုံကြည်နိုင်သော မျက်လုံးများ
ဖြင့် ကြည့်၍....

'မင်း....မင်း'

စကားထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။
ချူးစန်က ပြောလိုက်၏။
'ဦးရှုံးသွားပါပြီ'
ရိချန်းက ချူးစန်ကို ကြက်သေ သေ၍ ငေးမောကြည့်နေရာမှ သက်ပြင်းချ၍....
'ဟုတ်တယ်... ကျုပ်ရှုံးသွားပါပြီ'
ဟု ပြောလိုက်လေတော့သည်။
ချူးစန်က ခေါင်းတစ်ချက် ညိတ်၍ ပြော၏။
'ကျေးဇူးတင်ပါတယ်ဗျာ'
စကားဆုံးသည်နှင့် ချူးစာဘက်သို့ လှည့်၍....
'ဘဘ... ကျွန်တော်တို့ သွားကြပါစို့'
ဟု ပြောလိုက်၏။
'ကောင်းပြီလေ၊ သွားကြတာပေါ့'
ချူးတာက သဘောတူလိုက်၏။
ထိုနေ့က
'ကဲ... ကျုပ်တို့ကို သွားခွင့်ပြုပါဦး'
ချူးတာက ရိချန်းအား နှုတ်ဆက်၍ ထွက်သွားလေတော့သည်။
ရိချန်းမှာ ဘာမှ ပြန်မပြောနိုင်တော့ပါ။
ထိုင်ခုံ၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။
သူ့မှာ စိစဉ်ထားသလို ခရီးမထွက်ဖြစ်တော့ပါ။



သူက ချူးစန်အား အရေး နိမ့်သွားပြီးနောက် သိုင်းလောကသို့ တစ်သက်လုံး မထွက်တော့ဟု ဆုံးဖြတ်လိုက်လေတော့သည်။

* * *

တစ်လ....

တစ်လ ဟူသော အချိန်ဟာ လျင်မြန်စွာပင် ကုန်ဆုံးသွားချေပြီ။

လုထင်းမှာ ကျင်းကျင်းတို့ သားအမိထံသို့ ရောက်ရှိသည်မှာ တစ်လပင် ပြည့်ပြီဖြစ်၏။

လုထင်းနှင့် ကောင်းဖုံတို့မှာ သံယောဇဉ် ငြိတွယ်နေကြပြီ ဖြစ်လေတော့၏။

* * *



နေခြည် ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

နံနက်မိုးစင်စင် ထသည်နှင့် လုထင်းသည် ကြက်ခြံ၊ ဘဲခြံများ၊ ဝက်တများကို သန့်ရှင်းရေး လုပ်ကိုင်ဆောင်ရွက်ပြီးပြီ ဖြစ်၏။

တစ်လအတွင်း အားစီ ငြိမ်ချက်သား ကောင်းနေလိုက်သလို ကျင်းကျင်းကလည်း ရွာသူကြီးထံသို့ သွားရောက် တိုင်တန်းခြင်း မပြုခဲ့ပါချေ။

ထို့ကြောင့်....

အခြေအနေ အရပ်ရပ်သည် အေးချမ်း ငြိမ်သက်နေသည်ဟုပင် ဆိုနိုင်ပါတော့သည်။

* * *

လုထင်းမှာ သန့်ရှင်းရေး ဆောင်ရွက်နေစဉ်....

'ဦးလေးလုထင်း... ဦးလေး လုထင်း'

ခေါ်သံနှင့်အတူ ကောင်းဖုံ ရောက်ရှိလာ၏။

ကောင်းဖုံ၏ လက်ထဲ၌ ခြင်းတောင်းတစ်လုံး ဆွဲလာ
သည်။

ခြင်းတောင်းထဲ၌ လုထင်းအတွက် နံနက်စောစော အဆာ
ပြေ စားသောက်နိုင်ရန်အတွက် မုန့်များ ပါလာ၏။

လုထင်းက...

'ငါ့တူကြီးတောင် ရောက်လာပြီကိုး'

ဆီးကြိုနှုတ်ဆက်လိုက်၏။

ကောင်းဖုံ က ပြော၏။

'ဟုတ်တယ် ဒီနေ့ကျွန်တော်နေစောက်ကျသွားတယ်၊ အမေ
တာ မြို့ကိုသွားမလို့ ပြင်ဆင်နေတာ ဦးလေးလုထင်း အတွက်
ချက်ချင်းပြင်ဆင်မပေးနိုင်တာနဲ့ စောင့်နေရတာ'

လုထင်းက ပြော၏။

'ရပါတယ်ကွာ၊ ကျုပ်မဆာသေးပါဘူး၊ ဒါထက် ငါ့တူ
ကြီးရဲ့ အမေက မြို့ကို ဘာသွားလုပ်မလို့လဲကွ'

မေးလိုက်သည်။

ကောင်းဖုံ က....

'လိုအပ်တဲ့ ပစ္စည်းပစ္စယလေးတွေသွားဝယ်မှာလေ၊ အမေ
တာ ဒီလိုဘဲ တစ်လတစ်ကြိမ်နှစ်ကြိမ်လောက် သွားနေကြပါ
ပြောလေ၏။



လုထင်းက ပြော၏။

'ဪ မင်းရော လိုက်မသွားဘူးလားကွလိုက်သွားလေ'

ကောင်းဖုံ ခေါင်းခါလိုက်၏။

'ဟင့်အင်း'

လုထင်း အံ့အားသင့်သွား၏။

'ဘာဖြစ်လို့လဲကွ'

ကောင်းဖုံ က ပြောလိုက်၏။

'ခါတိုင်းဆိုရင် ကျွန်တော်က လိုက်သွားနေကျပါ၊ ဒါပေ
မယ့် ခုတစ်ခါတော့ မလိုက်တော့ဘူးလေ'

လုထင်းက

'ဘာဖြစ်လို့လဲ'

ထပ်မေးလိုက်၏။

ကောင်းဖုံ က ပြော၏။

'ဦးလေးကို အရေးကြီးတဲ့ ကိစ္စလေးပြောစရာရှိလို့ပါ'

'ဟေ'

လုထင်း အံ့အားသင့်သွား၏။

'ကျုပ်ကို အရေးကြီးတဲ့ စကားပြောစရာရှိလို့ ဟုတ်လား'

ကောင်းဖုံ ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်'

လုထင်းကပြုံးကာ....

'ကဲ....ပြောစမ်းပါဦး'

ပြောလိုက်၏။

ကောင်းဖုံ က လှထင်အား စိုက်ကြည့်ပြီး....

'ဦးလေး၊ ကျွန်တော့် ဖေဖေ ဘာကြောင့်သေဆုံးသွားရတာလဲဆိုတာ ဦးလေးသိသလား'

မေးလိုက်၏။

လှထင်က ပြော၏။

'ဘာများဖြစ်လို့လဲကွယ်'

ကောင်းဖုံ က....

'ကျွန်တော့် ဖေဖေကို လူတစ်ယောက်က သတ်ပစ်လိုက်တာပါ'

လှထင်၊ စိတ်မကောင်း ဖြစ်သွား၏။

မိုးကြိုးခွေး တောင်းစုသည် ဓားပါရဂူ ဝမ်းလီ၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့ရသည် မဟုတ်ပါလား။

ကောင်းဖုံ က ပြောပြန်၏။

'ဓားပါရဂူဝမ်းလီက ကျွန်တော့် ဖေဖေကို သတ်ပစ်လိုက်တာပဲ'

လှထင် ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်'

ကောင်းဖုံ က ဆက်ပြောသည်။

'ဦးလေး....ကျွန်တော် ဓားပါရဂူဝမ်းလီကို ဘယ်တော့မှ မကျေဘူးဗျ'

လှထင် သက်ပြင်းချလိုက်၏။

ကောင်းဖုံ ကို စိတ်မကောင်းစွာဖြင့်ကြည့်ရင်း ပြောလိုက်သည်။



'ငါ့တူရယ်....ရန်ငြိုးရန်စ ဆိုတာ အင်မတန် သံသရာရှည်ပြီး ပူလောင်စေပါတယ်ကွယ်၊ ဖြစ်ပြီးသွားပြီပဲ၊ အသစ်ပြန်လုပ်လို့ မရတော့တာ၊ ရှိပါစေတော့ပေါ့၊ မဟုတ်ဘူးလား'

ဖျောင်းဖျလိုက်၏။

သို့သော်....

ကောင်းဖုံ က လက်မခံပါ။

ခေါင်းတွင်တွင် ခါယမ်းရင်းက....

'ကျွန်တော်ကတော့ သူ့ကို သုတ်သင် ရှင်းလင်းပစ်ရမှ ကျေနပ်မှာဘဲ'

လှထင် သက်ပြင်းချလိုက်၏။

'ငါ့တူ... မင်း...'

ကောင်းဖုံ က ခေါင်းမာမြဲပင်။

'ကျွန်တော်က ဓားပါရဂူ ဝမ်းလီကို တစ်နေ့သုတ်သင်ပစ်မှာ၊ ဓားပါရဂူ ဝမ်းလီ ခင်ဗျားကို တစ်သက် မကျေဘူး'

ကောင်းဖုံ က အံတင်းတင်း ကြိတ်၍ ကြုံးဝါးနေတော့သည်။

လှထင်သည် ကောင်းဖုံ ၏ တင်းမာခက်ထန်သော မျက်နှာကို ငေးကြည့်၍ တော့မှ ဆက်မပြောနိုင်တော့ပေ။

ကောင်းဖုံ က....

'ဦးလေးက ကျွန်တော့်ကို ကူညီမယ် မဟုတ်လားဟင်'

ဟု မေးလာသည်။

လှထင် မျက်မှောင် ကုတ်သွား၏။

ပြီးမှ မေးလိုက်၏။

'ကျုပ်က ဘယ်လိုကူညီရမှာလဲ၊ ပြောပါဦး'
ကောင်းဖုံက ပြောသည်။
'ဦးလေး သိုင်းပညာတတ်တယ် မဟုတ်လား'

လုထင်းက ခေါင်းညိတ်ရင်း....
'အနည်းအကျဉ်းတော့ တတ်တယ်'
ဟု ပြောလိုက်သည်။
ကောင်းဖုံက ပြောသည်။
'ဒါဖြင့်.... ကျွန်တော့်ကို သိုင်းပညာ သင်ပေးပါလား ရှင်'

လုထင်း တွေဝေသွားသည်။
'ကျုပ်က....'
'ဦးလေး.... ကျွန်တော့်ကို သိုင်းပညာ မသင်ပေးချင်လို့လားဟင်'

လုထင်း သက်ပြင်းချလိုက်၏။
ဘာမှမပြောဘဲ နေလိုက်၏။
ကောင်းဖုံက ပြောပြန်၏။

'ကျွန်တော့်ကို ဘာကြောင့် သင်မပေးချင်တာလဲ ပြောစမ်းပါဦး'
လုထင်းက ပြောလေ၏။

'ကျုပ်က သင်မပေးချင်လို့ မဟုတ်ပါဘူးကွယ်'
ကောင်းဖုံက ပြုံးရွှင်စွာဖြင့်....



'ဒါဆို....သင်ပေးပေါ့'
ဟု ပြောလေ၏။
လုထင်းက လက်ကာပြ၏။
'ကျုပ်က မဖြစ်စလောက်ပဲ တတ်တာပါ၊ ဒါကြောင့် သင်ပေးလို့ ဖြစ်ပါ့မလားလို့ တွေးနေမိတာပါကွယ်'
ကောင်းဖုံက ပြော၏။
'ကိစ္စမရှိပါဘူး၊ ဦးလေး တတ်သလောက်ပဲ သင်ပေးပါခင်ဗျာ၊ မတတ်တာထက်စာရင် နည်းနည်း သင်ထားရတာလည်း ကောင်းတာပေါ့ဗျာ၊ သင်ပေးပါနော်'

ယခုမှ...
သူ့အား လက်ခံထားဖို့ ကောင်းဖုံက ကျင်းကျင်းအား အဘယ်ကြောင့်တိုက်တွန်းခဲ့ရသည်ကို လုထင်း သဘောပေါက်လိုက်ပြီ ဖြစ်၏။
ကောင်းဖုံက ပြောလေ၏။
'ဦးလေး သင်ပေးမယ် မဟုတ်လားဟင်၊ သင်ပေးစမ်းပါဗျာ'
ကောင်းဖုံက တောင်းတောင်းပန်ပန် ပြောလာ၏။
လုထင်းက ခေါင်းညိတ်လိုက်၏။
'ကျုပ်သင်ပေးတာတော့ ဟုတ်ပါပြီ၊ ငါ့တူ့ရဲ့ အမေက သဘောတူပါ့မလား'
ကောင်းဖုံက ခေါင်းညိတ်လိုက်၏။
'မေမေ့ကို ကျွန်တော် ပြောရင် ရပါတယ်ဗျာ၊ ဦးလေး သင်ပေးမှာလား'

လုထင်းက မငြင်းနိုင်တော့ပါ။

'ကောင်းပြီလေ၊ ကျုပ် ကိုယ်တိုင်လဲ သူ့ကို အကျိုးအကြောင်း မေးကြည့်ဦးမယ်နော်၊ သိုင်းပညာဆိုတာ မိဘ အုပ်ထိန်းသူရဲ့ ခွင့်ပြုချက်ရမှ သင်လို့ ဖြစ်မှာနော်'

ကောင်းဖုံက ခေါင်းညိတ်လိုက်၏။

'မေမေက သဘောတူမှာပါ'

လုထင်းက ပြုံး၍...

'ဘာပဲဖြစ်ဖြစ် ငါ့တူကြီးရဲ့ မေမေကိုပြောပြပြီး သူကခွင့်ပြုမှ သင်ပေးနိုင်ပါမယ်၊ ငါ့တူရဲ့ မေမေ သဘောကို မေးကြည့်ပေါ့'

ကောင်းဖုံက တစ်ချက်စဉ်းစားကာ လုထင်းကိုကြည့်ပြီး ပြော၏။

'တကယ်လို့များ မေမေက သဘောမတူဘူးဆိုရင်ကော'

မေးလိုက်လေ၏။

လုထင်း ခေါင်းခါယမ်းလိုက်သည်။

'ဒါဆိုရင်တော့ ဝမ်းနည်းပါတယ်ကွာ၊ ကျုပ်က သင်ပေးလို့ ဖြစ်မှာမဟုတ်တော့ပါဘူး၊ ခွင့်လွှတ်ပါ'

ကောင်းဖုံက တွေဝေသွား၏။

သူ့ကို စိုက်ကြည့်ကာ အနည်းငယ် စဉ်းစားလိုက်ပြီးမှ ပြောလိုက်၏။

'ဒါဆိုရင် ကျွန်တော်နဲ့လိုက်ခဲ့ပါ'

လုထင်းမှာ ကြောင်အမ်းအမ်းဖြစ်သွား၏။

'ဟင်'



ကောင်းဖုံက အတင်းပြော၏။

'မေမေနဲ့ သွားတွေ့ကြမယ်လေကွာ၊ လာပါဦးရယ်'

လုထင်းက ပြောပြန်၏။

'ဖြစ်ပါ့မလားကွာ'

ကောင်းဖုံက....

'ဘာကြောင့် မဖြစ်ရမှာလဲ၊ ကျွန်တော်တစ်ယောက်လုံးပါတာ'

ပြောလေသည်။

'ကျုပ်'

လုထင်း ထစ်ထစ်ငေါ့ငေါ့ဖြစ်သွား၏။

'လာပါဦးလေးရဲ့'

ပြောပြောဆိုဆို ကောင်းဖုံက လက်တွဲကာ ခေါ်သွားလေသည်။

လုထင်းလည်း မတတ်သာတော့ဘဲ လိုက်ပါသွားရတော့သည်။

• • •

အိမ်ရှေ့တွင် မြင်းလှည်းအဆင်သင့် ပြင်ထားပြီး ဖြစ်လေသည်။

ကျင်းကျင်းသည် လိုအပ်သောပစ္စည်းများဝယ်ယူဖို့ ခရီးဆက်တော့မည်ဖြစ်လေသည်။

ထိုစဉ်....

'မေမေ....မေမေ'

'ခေါ်သံနှင့်အတူ ကောင်းဖုံတာ လုထင်း၏လက်ကိုဆွဲကာ ပြေးလွှားရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။

သူမ အံ့ဩသွား၏။

'သား....ဒါဘာ ဘယ်လိုဖြစ်လာရတာလဲ၊ ပြောစမ်းပါဦး'

ဆီးကြို မေးမြန်းလိုက်လေသည်။

ကောင်းဖုံတာ....

'မေမေ....မေမေ့ကိုပြောစရာရှိလို့ပါ၊ မေမေ သွားများ သွားပြီလားလို့'

ပြောလေ၏။

ကျင်းကျင်းက ရုတ်တရက် လုထင်းကို အကဲခတ်ကြည့်မိသွား၏။

လုထင်းကလည်း ကျင်းကျင်းကို အကဲခတ်ကြည့်နေလေသည်။

ကျင်းကျင်းသည် ခါတိုင်းနေ့များတွင် ပိုသီပတ်သီဖြင့် ဖြစ်သလိုနေတတ်၏၊

ယခုမြို့ပေါ်သို့သွားရမည်ဖြစ်၍သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ထားလေသည်။



ထို့ကြောင့်....

သူမ၏အလှအပသည် ခါတိုင်းနေ့များထက် ပိုမိုပေါ်လွင်လေသည်။

လုထင်းမှာ ရုတ်တရက် ရင်ထဲ၌ လှုပ်ရှားသွားရလေသည်။

ကျင်းကျင်းသည် လုထင်းနှင့်အသက်ချင်း မတိမ်းမယိမ်းရှိသည့် လူတစ်ယောက်ဖြစ်သည်။

ရုတ်တရက်....

ကျင်းကျင်းက ငေးကြည့်နေပြီး အကြည့်ချင်း ဆုံလိုက်တော့မှ ကပျာကယာ ခေါင်းငုံ့ထားလိုက်ရလေသည်။

ကျင်းကျင်းက....

'ကဲ....ဘာတွေ ဖြစ်လာသလဲဆိုတာကို ပြောစမ်းပါဦး'

မေးလိုက်လေသည်။

ကောင်းဖုံတာ ပြော၏။

မေမေ သားကိုစိတ်မဆိုးနဲ့နော်'

ကျင်းကျင်းက တအံ့တဩဖြင့်ပြော၏။

'ဘာများလဲ သားရဲ့၊ မေမေ့ကိုပြောပါဦး'

ကောင်းဖုံတာ မငံ့မရဲဖြင့်....

'မေမေ....ကျွန်....ကျွန်တော် သိုင်းပညာသင်ချင်လို့ပါ'

ပြောလိုက်လေသည်။

'ဘာ'

ကျင်းကျင်းက အသံကျယ်လောင်စွာ ထွက်ပေါ်လာ၏၊ ငင်ထဲ၌လည်း လှုပ်ရှားသွား၏။

'ဟုတ်... ဟုတ်ပါတယ် မေမေ...မေမေ ခွင့်ပြုမဟုတ်လား ဟင်....'

ကျင်းကျင်းက သူ့စကားကိုအလေးမထားဘဲ လိုရင်းကို မေးနေ၏။

'နေပါဦး....သားက ဘာ့စိတ်ကူး ပေါက်သွားရတာလဲ၊ ဘယ်သူက လဲ သားကို သိုင်းပညာသင်ပေးမှာလဲ'

ကောင်းဖုံက လုထင်းကိုကြည့်ကာပြော၏။

'ဦးလေးလုထင်းကို သင်ခိုင်းမလို့ပါ၊ မေမေခွင့်ပြုမယ်ဆိုရင်တော့ ဦးလေးလုထင်းက သင်ပေးမယ်လို့ ပြောပါတယ်'

ကျင်းကျင်းက လုထင်းကိုကြည့်ကာ....

'ဒါ....အမှန်ပဲလား'

မေးလိုက်၏။

လုထင်းက သက်ပြင်းချလိုက်၏။

'သူက သိုင်းပညာသင်ချင်တဲ့အာသီသရှိနေပါတယ်၊ ကျုပ်ကလဲ မတောက်တစ်ခေါက်လေး တတ်ထားပါတယ်၊ ဒါကြောင့် ခင်ဗျားခွင့်ပြုမယ်ဆိုရင်တော့ သင်ပေးမယ်လို့ ပြောလိုက်တာပါ'

ကျင်းကျင်းက ခေါင်းခါယမ်းလိုက်သည်။



'ဒီကိစ္စကို ကျွန်မပြန်လာမှ ဆုံးဖြတ်မယ်၊ ကဲ...ရှင်သွားနိုင်ပြီ'

ကျင်းကျင်းက ပြတ်သားစွာပြော၏။

'ကောင်းပါပြီဗျာ'

လုထင်းက ပြောပြီး ချာခနဲ လှည့်ထွက်သွားလေသည်။

လုထင်းထွက်သွားလျှင် ကျင်းကျင်း ကောင်းဖုံဘက်သို့ လှည့်လိုက်ကာ....

'သား.... ဘာကြောင့် သိုင်းပညာသင်ချင်ရတာလဲ ပြောစမ်း'

မေးလိုက်လေသည်။

ကောင်းဖုံက တည်ကြည်သော မျက်နှာထားဖြင့် ပြောသည်။

'သား....သား.... ဓားပါရဂူဝမ်းလီကို ရင်ဆိုင်ချင်လို့ပါ မေမေ'

ကောင်းဖုံက သူ၏ဆန္ဒကို အမှန်အတိုင်းပြောပြလိုက်လေသည်။

ကျင်းကျင်းက တိုးညင်းသောလေသံဖြင့် ပြောလေသည်။

'ဩော်.... သားက ဓားပါရဂူဝမ်းလီကို ရင်ဆိုင်ချင်နေတာကိုး'

ကောင်းဖုံ ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ် မေမေ၊ ဖေဖေ့ အတွက် ဓားပါရဂူဝမ်းလီကို သားကိုယ်တိုင် လက်စားချေပြမယ်'

'ကြော်....သေးရယ်'

ကျင်းကျင်း၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာ၏။

ရန်ငြိုးတရားသည် ကြေစတ်စရာ အလွန်ကောင်းလှသည် မဟုတ်ပါလား။

ကျင်းကျင်း သက်ပြင်းချလိုက်မိတော့သည်။

* * *

အစွဲ

---

ကျင်းကျင်းက ကောင်းဖုံအား ကြည့်ကာ သက်ပြင်းချ လိုက်လေသည်။

'ကောင်းပြီလေ၊ မမပြန်လာတော့ ဆုံးဖြတ်ပေးမယ် ဟုတ်ပြီလား၊ သွား အိမ်မှာ ကောင်းကောင်းနေနော်'

ကောင်းဖုံ ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့ပါ မမ'

ကျင်းကျကျင်းသည် ကောင်းဖုံအား တစ်ချက်ကြည့်လိုက်ပြီး မြင်းလှည်းထံသို့ နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် ထွက်သွား၏။

မြင်းလှည်းကို မောင်းနှင်ကာ ထွက်ခွာ၍ သွားလေတော့သည်။

'ခုပ်... ခုပ်... ခုပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။

မြင်လှည်းမှာ တဖြည်းဖြည်း ဝေး၍ဝေး၍ သွားလေတော့သည်။

ကောင်းဖုသည် ကျင်းကျင်းမောင်းနှင်သွားသည့် မြင်းလှည်း မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေလိုက်ပြီးမှ....

လုထင်းနေသည့် တောင်ကုန်းတစ်ဖက်သို့ ပြေးဆင်းသွားလေသည်။

* * *



မြို့ကလေး....

မြို့ကလေးသည် ထုံးစံအတိုင်း စည်ကားသိုက်မြိုက်နေလေသည်။

ကျင်းကျင်းသည် မြင်လှည်းကို မောင်းနှင်၍ မြို့ထဲသို့ဝင်လာသည်။

ယခုတစ်ကြိမ်....

ပစ္စည်းဝယ်ရန် လာခဲ့သည်မှာ သူ၏စိတ်ထဲ၌ လေးလံနေ၏။

ကောင်းဖုသည် တစ်စထက်တစ်စ အရွယ်ရောက်လာပြီး ကြီးပြင်းခဲ့ပြီ ဖြစ်၏။

ကောင်းဖု၏စိတ်ထဲ၌ ဖခင်ဖြစ်သူ အသတ်ခံလိုက်ရသည့် ကိစ္စကို စွဲနေပြီး....

ဓားပါရဂူဘမ်းလီကို လက်တုန့်ပြန်လိုသည့်စိတ်ထားသည်မှာ ကြီးမားစွာရှိနေကြောင်း သိလိုက်ရပြီဖြစ်သည်။

သူမ၏ခင်ပွန်းသည် ကောင်းစုမှာ ဓားသိုင်းအလွန်တော်သူဖြစ်ကြောင်း၊ သူမ သိရှိထားပါသည်။

ထို့ကြောင့်

ဓားပါရဂူဘမ်းလီကို ကောင်းစုကိုယ်တိုင်ပင် ယှဉ်နိုင်ခဲ့ခြင်းမရှိသည့်အတွက် ကောင်းဖုက မည်သို့ယှဉ်နိုင်ပါမည်နည်း။

သူ၏ သဘောမှာ မိသားစုနှစ်ယောက်သည်၊ ဘဝဖြင့်ပင် တစ်သက်လုံး အေးချမ်းစွာ နေထိုင်သွားလိုပေသည်။

ခေါ်ပါရဂူ ဝမ်းလီနှင့်ယှက်၍ ရန်ငြိုးရန်စဟူသမျှ မထား လိုက်ဖို့ ဖြစ်သည်။

သူမသည် ဘာမျှမတတ်နိုင်ဘဲ ခေါ်ပါရဂူဝမ်းလီအပေါ် ရန်ငြိုးထားနေ၍ သူမသာလျှင် ခံစားရမည်၊ အပူလောင်ရ တုံ့ သဘောထားလေသည်။

သူမအနေနှင့် သဘောထားကြီးနိုင်ပါသော်လည်း လူငယ် ဖြစ်သည့် ကောင်းဖုံကမူ ခေါ်ပါရဂူဝမ်းလီအပေါ်၌ ဘယ် တော့မှ ခွင့်လွှတ်မည်မဟုတ်ကြောင်း ထင်ရှားနေ၏။

ကောင်းဖုံ၏ သိုင်းပညာ သင်လိုသောဆန္ဒကို မည်ကဲ့သို့ သဘောထားရမည်နည်း။

ခွင့်ပြုရမည်လော။

သို့မဟုတ်....

ခွင့်မပြုဘဲ တားမြစ်ပိတ်ပင်ရမည်လော။

သူမ မခွဲခြားနိုင်ပါချေ။

အချိန်ယူ၍ စဉ်းစားရမည်ဟု တွေးမိလိုက်ခြင်းကြောင့် သာလျှင် ပြန်လာမှဆုံးဖြတ်မည်ဟုပြောသွား ထွက်လာခဲ့ခြင်း ဖြစ်သည်။

သူမသည် လမ်းတစ်လျှောက်လုံး စဉ်းစားခဲ့သည်။

သို့သော်....

မြို့လေးသို့ ရောက်လာသည့်တိုင် အဖြေမရသေးပါချေ။



သူမသည် တွေးတောငေးမောရင်း မြင်းလှည်းကိုဆက်၍ မောင်းသွားမိလေသည်။

ထိုစဉ်....

'ကျင်းကျင်း....ကျင်းကျင်း'

ခေါင်းသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

ခေါင်းသံများကြားမှ ကျင်းကျင်းမှာ သတိပြန်ဝင်လာလေ သည်။

ကပျာကယာ မြင်းလှည်းကို ရပ်တန့်ကာ လှမ်းကြည့်လိုက် လျှင် လူတစ်ယောက် ခပ်ဘုတ်သုတ်လှမ်းလာနေသည် တွေ့မြင် လိုက်ရလေသည်။

ထိုလူကို သူမ မှတ်မိသွား၏။

သူမ မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်၏။

သူမဆီသို့လာနေသူမှာ ကောင်းစုံ၏မိတ်ဆွေ လူပျော်ကြီး ဖြစ်သည်။

လူပျော်ကြီးက ပြော၏။

'ဒီနေ့ ငါ့ညီမ ရောက်လာတာနဲ့အတော်ပဲ၊ ငါ့ညီမကို ပြောစရာရှိလို့'

သူမက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ပြောပါအစ်ကိုကြီး'

လူပျော်ကြီးက....

'ငါ့ညီမကို လူသုံးယောက်လာရှာကြတယ်ကွယ်'

ပြောလိုက်လေသည်။

'ဟင်'

မမျှော်လင့်သောစကား ကြားလိုက်ရသျှင် ကျင်းကျင်းကြောင်အမ်းအမ်းဖြစ်သွား၏။

'ကျွန်မကို လာရှာကြတာ တွေ့တယ်လား'

လူပျော်ကြီးက ခေါင်းညိတ်လိုက်၏။

'တွေ့တယ်ကွယ်'

ကျင်းကျင်းက မေးလိုက်၏။

'ဘယ်သူတွေများလဲရှင်'

လူပျော်ကြီး ခေါင်းခါယမ်းလိုက်သည်။

'ကျန်လဲ မသိဘူး'

သူမ မျက်မှောင်ကြုတ်သွားလေသည်။

လူပျော်ကြီးမသိဟုဆိုလျှင် ထိုသူမှာ ဤမြို့ကလေးမှမဟုတ်သည်အပြင် အနီးပတ်ဝန်းကျင် အရပ်ဒေသမှလည်း မဟုတ်ကြောင်း ထင်ရှားနေပါသည်။

ကျင်းကျင်းက....

မျက်နှာစိမ်းတွေက ကျွန်မကို လိုက်ရှာကြတယ်ဆိုတာ အစ်ကိုကြီး ဘယ်လိုလုပ်သိလဲ'

မေးလိုက်၏။

လူပျော်ကြီးက ပြောသည်။



'မျက်နှာစိမ်းသုံးယောက် မြို့ထဲရောက်လာပြီး မိုးကြိုးခေါင်းစုရဲ့ ဇနီးနဲ့ကလေး ဘယ်ရွာမှာ နေသလဲဆိုတာ စုံစမ်းနေကြတယ်လို့ ကျုပ်တပည့်တစ်ယောက်က လာပြောပြတာ'

'ဘယ်သူတွေပါလဲ'

မေးလိုက်၏။

လူပျော်ကြီးက ပြောလိုက်၏။

'ဒါနဲ့ပဲ ကျုပ်က ချက်ချင်းလိုက်သွားတော့ မမှီတော့ဘူး ထွက်သွားကြပြီ'

သူမက မေးလိုက်၏။

'သူတို့က ကျွန်မအကြောင်းကို စုံစမ်းလို့ ရသွားပြီထင်ပါရဲ့နော်'

လူပျော်ကြီးက ခေါင်းညိတ်လိုက်၏။

'ဖြစ်နိုင်တယ်၊ ဘာမှမသိရပဲနဲ့တော့ ထွက်သွားကြမှာ မဟုတ်ဘူး'

သူမသည် အိမ်တွင်ကျန်ရစ်ခဲ့သော ကောင်းဖုံ့ အတွက် စိုးရိမ်ပူပန်သွားသည်။

မျက်နှာစိမ်းများသည် လူကောင်းများဖြစ်လျှင် အရေးမကြီးသော်လည်း ဒုက္ခ ပေးမည့်သူများ ဖြစ်နေကြပါက ကောင်းဖုံ့အတွက် စိုးရိမ်ရသည်မဟုတ်ပါလား။

လုထင်းရှူးသော်လည်း လုံးဝယုံကြည်စိတ်ချထားရ၍မဖြစ်သေးပေ။

ကျင်းကျင်းက....

'ဒါဖြင့် ကျွန်မသွားဦးမယ်'

နှုတ်ဆက်ကာ ထွက်လာခဲ့သည်။

လူပျော်ကြီးက လက်ပြနှုတ်ဆက်ကာ ကျန်ရစ်ခဲ့လေသည်။

'ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကျင်းကျင်းသည် မြို့ပြင်သို့ရောက်သည်နှင့် သူမ၏ရွာလေး ဆီသို့ မြင်းဒုန်းစိုင်းထွက်လိုက်တော့သည်။

* * *



နေမွန်းတည့်တော့မည်ဖြစ်သည်။

လုထင်းသည် ကောင်းဖုံ ယူလာပေးသော နံနက်စာကို စားပြီး သစ်ပင်ကိုမှီကာ မျက်လုံးမှိတ်ထားသည်။

မိုးလင်းချိန်မှစပြီး လုပ်ကိုင်ဆောင်ရွက်စရာရှိသည်များကို ဇယ်ဆက်သလို လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး နေ့လယ်ပိုင်း အားနေလေသည်။

လုထင်း အနားယူနေစဉ် ခြေသံများထွက်ပေါ်လာသည်ကို ကြားရ၏။

လုထင်း မျက်လုံးဖွင့်ကြည့်လိုက်၏။

ထိုအခါ....

ကောင်းဖုံကို တွေ့လိုက်ရသည်။

သူက ပြုံးပြသည်။

'မင်းကံ၊'

ကောင်းဖုံက ပြောသည်။

'ကျွန်တော်မေးစရာတစ်ခုလို့ လာခဲ့တာပါ'

လုထင်းခေါင်းညိတ်လိုက်၏။

'မေးပါ'

ကောင်းဖုံက....

'တကယ်လို့ မေမေပြန်ရောက်လာတဲ့အခါ သိုင်းပညာမသင်ရဘူးလို့ ပြောရင်ရော'

မေးလေသည်။

လုထင်းက….

'ဒီလိုဆိုရင် ဘယ်တတ်နိုင်ပါ့မလဲကွာ'

'မေမေက ခွင့်မပြုဘူးဆိုရင် ဦးလေးကသင်မပေးဘူးလား ဟင်'

လုထင်းက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က မင်းတို့သားအမိရဲ့ အရိပ်အာဝါသအောက်မှာ ခိုလှုံနေရတာပဲ မင်းရဲ့အမေ သဘောမကျတာကို ကျုပ်က ဘယ်လိုလုပ်ရဲမှာလဲ ပြောပါဦး'

'ဒါဆိုရင်တော့ မေမေခွင့်ပြုပါစေလို့ ဆုတောင်းရတော့မှာ ဘဲပေါ့'

ကောင်းဖုံက ညည်းတွားသည်။

လုထင်း ပြောလိုက်၏။

'ကျုပ် စိတ်မကောင်းပါဘူးကွာ'

ကောင်းဖုံက….

'ဦးလေးပြောတာကို ကျွန်တော်သဘောပေါက်ပါတယ်၊ မေမေမှ သဘောမတူတဲ ဦးလေးလဲ ဘာတတ်နိုင်မှာလဲ'

လုထင်းက ကောင်းဖုံကိုကြည့်သည်။

ကောင်းဖုံသည် အရွယ်နှင့်မလိုက်အောင် နားလည်တတ်သူဖြစ်သည် မဟုတ်ပါလော။

ကောင်းဖုံအတွက် စိတ်မကောင်းဖြစ်သွားရလေသည်။



ယခုအချိန်….

မိုးကြိုးခေါင်းစုသာ အသက်ထင်ရှား ရှိနေမည်ဆိုပါလျှင် ကောင်းဖုံသည် ကျိန်းသေပေါက် သိုင်းပညာသင်ကြားရလိမ့်မည် ဖြစ်လေသည်။

ယခုမူ….

နှစ်ယောက်သား စကားမပြောဖြစ်ကြတဲ တိတ်ဆိတ်စွာ ငြိမ်သက်သွားကြသည်။

ထိုစဉ်….

'ခွပ်….ခွပ်….ခွပ်'

မြင်းခွာသံများ လွင့်ပျံ့လာသည်ကို ကြားရ၏။

မြင်းခွာသံများကြောင့် ကောင်းဖုံ စိတ်လှုပ်ရှားသွား၏။

'မြင်းခွာသံတွေပါလား'

တီးတိုးရေရွတ်လိုက်၏။

လုထင်းက….

'မင်းအမေ ပြန်လာပြီထင်တယ်၊ သွားကြိုလိုက်ပါဦး'

ပြောလိုက်၏။

ကောင်းဖုံကလည်း….

'ဟုတ်တယ် ဒီတစ်ခါ မေမေပြန်လာတာ မြန်လှချည်လား၊ ဘာများဖြစ်လို့လဲ မသိဘူး'

စကားဆုံးလျှင်….

လုထင်းကိုပင် နှုတ်မဆက်နိုင်တဲ တောင်ပေါ်သို့ပြေးတက်သွားလေသည်။

လုထင်းက ငေးကြည့်နေပြီးမှ….

'တစ်ခုခုတော့ ဖြစ်ပြီထင်တယ်၊ သွား၊ကြည့်ဦးမှပဲ'

ရေရွတ်လိုက်၏။

ထို့နောက်....

လုထားသည် ကောင်းဖုံ ပြေးသွားရာ တောင်ပေါ်ဆီသို့ ခပ်သွက်သွက် လိုက်သွားလေတော့သည်။



'ခွပ်ခွပ်... ခွပ်ခွပ်'

မြင်းခွာသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ကျင်းကျင်းသည် မြင်းကိုဒုန်းစိုင်းကာ အိမ်အရောက်ခရီး အပြင်းနှင်လာလေသည်။

အိမ်ကလေးနှင့် နီးကပ်လာလေလေ သူမ၏စိတ်ထဲ၌တွင် စိုးရိမ်ပူပန်၍ လာလေလေပင်။

ထိုစဉ်...

သားဖြစ်သူ ပြေးထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ကျင်းကျင်း စိတ်သက်သာရာရသွား၏။

'သား'

သူမက ကျယ်လောင်စွာ ခေါ်လိုက်သည်။

'မေမေ'

ကောင်းဖုံကလည်း ခေါ်လိုက်သည်။

သားအမိနှစ်ယောက် ဆုံတွေ့မိလိုက်ကြသည်။

သူမက မြင်းလှည်းကို အရှိန်သပ်၍ ရပ်တန့်ကာ တပျာ တယာ ခုန်ဆင်းလိုက်သည်။

'သား'

'မေမေ'

သားအမိနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သိုင်းဖက်လိုက်ကြသည်။

'မေမေ.... မေမေ ဘာဖြစ်လာတာလဲဟင်၊ ဘာဖြစ်လာခဲ့တာလဲ'

အလောတကြီး မေးလိုက်၏။

သူမက ပြန်ပြော၏။

'မေမေ ဘာမှမဖြစ်ပါဘူး သားရယ်'

ကောင်းဖုံက...

'မေမေက ဘာမှမဖြစ်ဘူးသာဆိုတယ်၊ မြင်းခုန်းစိုင်းပြီး ပြန်လာလို့ ကျွန်တော်စိုးရိမ်သွားတာ၊ မြို့ကိုရော ရောက်ခဲ့ လားဟင်၊ ကျွန်တော် သိုင်းပညာသင်မှာကို စိုးရိမ်ပြီး မေမေ ပြန်လာတာ မဟုတ်လား'

သူမက ခေါင်းခါယမ်းလိုက်သေးသည်။

'မဟုတ်ဘူး သား၊ မေမေ အကြောင်းကိစ္စ တစ်ခုရှိလို့ ပြန်လာတာ၊ မေမေထွက်သွားတုန်း ဘယ်သူတွေရောက်လာ ကြသေးလဲဟင်'

မေးလိုက်သည်။

ကောင်းဖုံက ခေါင်းခါယမ်းလိုက်၏။

'ဘယ်သူမှ မရောက်လာကြပါဘူး မေမေ၊ ဘာများဖြစ် လို့လဲဟင်'

ကျင်းကျင်းက ပြောလေ၏။

'မေမေ မြို့ကိုရောက်သွားတော့ လူပျော်ကြီးက မေမေတို့ အကြောင်းကို မျက်နှာစိမ်းသုံးယောက် လာပြီးစုံစမ်းတယ် လို့ ပြောလိုက်တာကြောင့် စိတ်ပူပြီး အမြန်ဆုံးပြန်လာခဲ့ တာပဲ'

'ဪ... ဖြစ်မှဖြစ်ရလေ မေမေရယ်'

ကောင်းဖုံ ညည်းတွားလိုက်သည်။



သူမက...

'မဟုတ်သေးဘူး သားရဲ့၊ မေမေတို့အကြောင်း စုံစမ်းတဲ့ လူတွေဟာ လူကောင်းတွေဆိုရင် အကြောင်းမဟုတ်ပါဘူး၊ တကယ်လို့ လူဆိုးတွေဆိုရင် ဘယ်လိုလုပ်မလဲ'

စိုးရိမ်ပူပန်စွာဖြင့် ပြော၏။

ကောင်းဖုံက သက်ပြင်းချလိုက်၏။

'မေမေရယ်၊ အိမ်မှာ သားတစ်ယောက်တည်းမှမဟုတ်ဘဲ၊ ဦးလေးလုထင်းလဲ ရှိတာပဲမဟုတ်လား'

သူမက လှမ်းကြည့်လိုက်ရာ လုထင်းမှာ မလှမ်းမကမ်း၌ ရပ်နေသည်ကို တွေ့ရ၏။

ယခုတစ်ကြိမ်....

လုထင်းကိုကြည့်ရသည်မှာ ရဲရင့်သောခြသေ့ တစ်ကောင် နှင့် တူနေသည်ဟု သူမရင်ထဲ ခံစားလိုက်ရသည်။

ကောင်းဖုံက ပြော၏။

'ကျွန်တော့်ဆီကို လာပြီးဒုက္ခပေးရင် ဦးလေးက ဆုံးမ လိုက်မှာပေါ့၊ ဦးလေးက သိုင်းပညာအကျယ်ကြီးလေ မေမေရဲ့'

ကျင်းကျင်း ပင့်သက်ရှိုက်လိုက်၏။

ထိုစဉ်....

လုထင်းသည် သူမအနီးသို့ လျှောက်လာပြီး....

'ဟုတ်ပါတယ်ဗျာ၊ ကောင်းဖုံကို ဘယ်သူ့မှ ဒုက္ခမပေး စေရပါဘူး၊ ကျုပ်တာဝန်ယူပါတယ်'

ပြောလိုက်လေသည်။

ကျင်းကျင်း ကျေနပ်သွားလေသည်။

အောင်းဖု က....

'မေမေ မြို့ကို ပြန်သွားဦးမှာလားဟင်'

မေးလိုက်၏။

သူမ စိတ်ကုန်သွားပြီ ဖြစ်သည်။

ထို့ကြောင့်....

ခေါင်းခါယမ်းလိုက်ပြီး ပြောသည်။

'နေစက်မှပဲ သွားပါတော့မယ် သားရယ်'

ကောင်းဖု ကျေနပ်သွားသည်။

'ဒါဆို'

သူ့အား သိုင်းပညာသင်ကြားဖို့ ခွင့်ပြု၊ မပြုမေးရန်ကို အောင်းဖု ဟန်ပြင်လိုက်၏။

ထိုစဉ်....

ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

တောင်ကုန်းပေါ်သို့ တက်လာသူသုံးယောက်အား တွေ့လိုက်ရလေသည်။



လူသုံးယောက် ရောက်ရှိလာ၏။

ထိုလူသုံးယောက်သည် ကိုယ်ကြပ်အင်္ကျီများ ဝတ်ဆင်ထားပြီး ဓားကိုယ်စီ ခါးတွင် ချိတ်ထားကြ၏။

ရှုပ်ရည်ခက်ထန်ကြမ်းတမ်းပြီး ဘာမဆို လုပ်ရဲကြသူများအသွင် ဆောင်နေကြ၏။

ထိုလူ သုံးယောက်ကို တွေ့မြင်လိုက်ရသည်နှင့် လုထင်း၏ ရင်ထဲ မကောင်းသည့် အတိတ် နိမိတ်များ ခံစားလာရသေ သည်။

ထို့ကြောင့်....

ကောင်းဖု တို့ သားအမိနှစ်ဦးအနားသို့ လျှပ်မြန်စွာ ချဉ်း ကပ်သွားပြီး အသံတိုးတိုးဖြင့် သတိပေးလိုက်၏။

'သတိထား.... အိမ်ထဲဝင်နေကြရင် ကောင်းမယ် ထင် တယ်'

ကျင်းကျင်းတို့ကို အိမ်ထဲဝင်ခိုင်းပြီး ထိုလူသုံးဦးအား သူ ရင်ဆိုင်မည်ဆိုသည့် သဘောပင် ဖြစ်၏။

သို့သော်....

ကျင်းကျင်းနှင့် ကောင်းဖု တို့လည်း တုတ်တုတ်မျှမလှုပ်ကြ ချေ။

ထိုလူတို့သည် ခပ်သွက်သွက် လှမ်းလာကြရင်း မလှမ်း မကမ်းသို့ ရောက်ရှိလာကြ၏။

သုံးဦးသား ခြေလှမ်းရပ်လိုက်ကြသည်။

ကျောင်းကျောင်းတို့အား အကဲခတ် ကြည့်လိုက်ပြီး....

'ဒါဟာ...မိုးကြိုးခေါ် ကောင်းစုရဲ့ အိမ်ဆိုတာ ဟုတ်လား'

တစ်ဦးအား မေးလာ၏။

လူထင်းက မဟုတ်ဘူးဟု ငြင်းရန် ဟန်ပြင်လိုက်မိလေသည်။

ထိုစဉ်မှာပင်....

'ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့လဲ'

ကျောင်းကျောင်း၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

ထိုလူက....

'မင်းဟာ ကောင်းစုရဲ့ ဇနီးလား'

မေးလာပြန်သည်။

သူမ ခေါင်းညိတ်၍....

'ဟုတ်ပါတယ်၊ ဒါနဲ့ ရှင်တို့ကရော ဘယ်သူတွေလဲ'

ပြန်မေးလိုက်၏။

ထိုလူက ပြောသည်။

'ကျုပ်တို့ ဘယ်သူတွေလဲဆိုတာ အရေးမကြီးပါဘူး၊ မင်းတို့နဲ့ အေးအေးဆေးဆေးလိုက်ခဲ့ရင် ကောင်းမယ်'

'ဘာရှင့်'

သူမ လှုပ်လှုပ်ရှရှ ဖြစ်သွားရ၏။



ထိုလူက....

'မင်းတို့ သားအမိ နှစ်ယောက် အေးအေးဆေး နဲ့ လိုက်ခဲ့ကြပါ'

ပြောပြန်၏။

သူမက ပြန်မေးသည်။

'နေစမ်းပါဦး၊ ရှင်တို့က ဘယ်သူတွေလဲ၊ ဘာကြောင့် ကျွန်မတို့ သားအမိကို လာခေါ်ရတာလဲ ပြောပါ'

ထိုလူက ခေါင်းခါယမ်းလိုက်၏။

'ပြောလို့ မဖြစ်ပါဘူး'

'ရှင်မပြောတဲ့ ကျွန်မတို့ မလိုက်ဘူး'

သူမက ခေါင်းမာစွာ ပြော၏။

ထိုလူက....

'ကျုပ်ပဲပြောမယ်၊ ဘာကြောင့်လဲဆိုတော့ လူတစ်ယောက်က မင်းတို့ကို တွေ့ချင်လို့ပဲ'

သူမက

'ဘယ်သူလဲရှင့်'

ပြောပြန်၏။

ထိုလူက

'ဟိုရောက်ရင် တွေ့မှာပေါ့'

သူမတို့သည် အေးဆေးမလိုက်ရင် အတင်းအဓမ္မခေါ်သွားကြမည့် အသွင်ရှိကြောင်း၊ တောင်းဖုံ အကဲခတ် ကြည့်လိုက်သည်။

သူမ

'ရှင်တို့ ဘယ်သူလဲဆိုတာရယ်၊ ဘယ်ကိုခေါ်သွားမယ်ဆိုတာရယ် မသိဘဲ ကျွန်မက ဘယ်လိုလုပ်ပြီး လိုက်နိုင်မှာလဲရှင့်'

ပြောလိုက်သည်။

ထိုလူက ရယ်မော၍ရင်း....

'ဟား ဟား ဟား ဪ....မင်းက သိပ်သိချင်နေတယ်ပေါ့လေ၊ ကောင်းပြီလေ.... ပြောပြရသေးတာပေါ့၊ ကျုပ်တို့ဟာ မြေခွေးရိုချီရဲ့ လူတွေပဲ၊ မင်းတို့ကို မြေဘီလူးက တွေ့ချင်တယ်ဆိုလို့ လာခေါ်ကြတာပဲ၊ ကဲ....ရှင်းပြီလွှား'

မှန်ပေသည်။

ထိုလူ သုံးဦးသည် မြေခွေးရိုချီ၏ အားထားရသော လက်ရုံးများ ဖြစ်ပေ၏။

သူတို့ကို အကြောင်းသိသူတွေက သေမင်းညီနောင် သုံးဖော်ဟု ခေါ်ကြ၏။

သူတို့၏ အမည်များမှာ ဝူကျို၊ ဝူရှောင်နှင့် ဝူရိုတို့ပင် ဖြစ်သည်။

မြေခွေး ရိုချီအမည်နှင့် မြေဘီလူး၏ အမည်ကို ကြားရလျှင် လုထင်း၏ မျက်လုံးများ ကျဉ်းမြောင်း သွားလေတော့သည်။

ကျင်းကျင်းကမူ....

'ရှင်ပြောတဲ့ လူတွေကို ကျွန်မ တစ်ယောက်မှ မသိဘူး၊ ဒါကြောင့် ရှင်တို့ ခေါ်တဲ့နောက်ကို မလိုက်နိုင်တာ ဝမ်းနည်းပါတယ်ရှင်'



ပြတ်သားစွာပင် ပြောလိုက်၏။

ဝူကျိုက

'အေးအေးစွာ လိုက်ခဲ့ရင် ကောင်းမယ်၊ ခေါ်မရရင် မင်းဒုက္ခရောက်သွားမယ်'

ခြိမ်းခြောက်လိုက်သည်။

ကျင်းကျင်းက တောင်းပန်သော လေသံဖြင့် ဝူကျိုတို့ကို ပြောလေ၏။

'ရှင်တို့ကို ကျွန်မ မသိဘူးလို့ ပြောပြီးပါပြီ၊ ဘာကြောင့်များ နှောင့်ယှက်ချင်ရတာလဲဟင်'

သူမက နားမလည်နိုင်စွာဖြင့် ပြော၏။

ဝူကျိုက

'မင်းက မသိပေမယ့် မင်းယောက်ျားကတော့ သိနေပါတယ်'

ပြောလိုက်လျှင်....

'ဟင်'

ကျင်းကျင်းက အထိတ်တလန့် ဖြစ်သွား၏။

ဝူကျိုက ပြောပြန်၏။

'မင်းရဲ့ ယောက်ျားက သေ့ဘီလူးကို သတ်ပစ်လိုက်တယ်၊ ဒါကြောင့် မြေဘီလူးက သူကိုရှင်းပစ်မလို့၊ ဒါပေမယ့် သူ ပလဆုံးသွားပြီဆိုတော့ သူကိုယ်စား မင်းတို့ကို ခေါ်ခိုင်းလိုက်တာဘဲ'

ကျောင်းစု၏ ပြဿနာသည် သူမတို့နှင့် လာပြီးစပ်သက်နေကြောင်း ယခုမှပင် ကျင်းကျင်း သဘောပေါက်သွားလေသည်။

ထို့ကြောင့်....

သူမ မျက်နှာပျက်သွား၏။

တစ်ထစ်ငေါ့ငေါ့ဖြင့် ပြော၏။

'ကျွန်....ကျွန်မတို့ သားအမိဟာ ဘယ်သူ့ကိုမှ ဒုက္ခပေးခဲ့ကြတာမဟုတ်ဘူး၊ သိုင်းလောကအကြောင်းကိုလဲ ဘာမှမသိပါဘူး၊ ကျွန်မတို့ကို မနှောင့်ယှက်ကြပါနဲ့ရှင်'

တောင်းပန်လိုက်လေ၏။

ကောင်းဖုံသည် ငှက်ကြီးတို့ကိုကြည့်၍ ခနကျမနုပ်ဖြစ်နေသော်လည်း စိတ်ထဲက ကြေစကဲလန့်နေမိကြ၏။

လုသင်းကို အားကိုးတကြီးလှမ်းကြည့်လိုက်ရာ....

လုသင်းက တစ်ခွန်းတစ်ပါဒမျှ မပြောဘဲ မလှုပ်မယှက် ရပ်နေသဖြင့်....

အားမသိုအားမရဖြစ်သွားရ၏။

ငှက်ကြီးက ပြော၏။

'ဒါတော့ ကျုပ်နားမလည်ဘူး၊ မင်းတို့ကို ခေါ်မလာခဲ့ရင် မြေဘီလူးက စိတ်ဆိုးမှာဘဲသိတယ်၊ ကဲ အေးအေးဆေးဆေး လိုက်ခဲ့ကြစမ်းပါ'

ပြောပြောဆိုဆို ရှေ့သို့တိုးလာကာ ကျင်းကျင်း လက်ကိုဖမ်းဆွဲရန်ဟန်ပြင်လိုက်၏။



ထိုစဉ်....

'နေဦးဆုတ်လိုက်'

အော်သံနှင့်အတူ လူရိပ်တစ်ခုသည် သူတို့၏ ရှေ့သို့ရိပ်ခနဲရောက်လာသဖြင့် ရင်ထိတ်သွား၏။

ကပျာကယာ ကိုယ်ရှိန်သတ်၍ သူ့ကိုကြည့်လိုက်လျှင်....

လုသင်းဖြစ်နေသည်ကို တွေ့ရသောအခါ နှာခေါင်းရှုံ့လိုက်ပြီး....

'မင်းက ဝင်ရှုပ်ချင်လို့လား' အော်လိုက်၏။

လုသင်းက တည်ကြည်သည့်မျက်နှာထားဖြင့်....

'သူတို့ကို ခေါ်သွားချင်တယ်ဆိုရင် ဘာကြောင့်မြေဘီလူးကိုယ်တိုင်မလာရတာလဲ'

မေးလိုက်၏။

'ဘာ'

ငှက်ကြီး ခံပြင်းသွား၏။

'မင်းက သေချင်လို့ ဝင်ရှုပ်တာကိုး'

ချက်ချင်းပင်....

လုသင်းအားတိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

သို့သော်

ချက်ချင်း လုသင်းနှင့် မျက်လုံးချင်း ယှဉ်လိုက်သောအခါ ရင်ထဲထိတ်ခနဲဖြစ်သွားပြီး တိုက်ခိုက်ရန်မဝံ့သလို ဖြစ်သွားလေသည်။

လုထင်း၏ မျက်လုံးအကြည့်များက မြား ဒလေးများ ပစ်လွှင့်လိုက်သည့်အလား ရှိနေသည်ဟုထင်၏၊

ထို့ အပြင်

လုထင်းရပ်နေပုံမှာ ဓားတစ်လက်ထောင်ထားသည်နှင့် တူလှပြီး အေးစိမ်သောဓား၏ အငွေ့အသက်များလွင့်ပျံ ပေါ်လာနေသည်ဟု ခံစားရသည်။

ငှက်ကျိ မျက်နှာပျက်သွားပြီး

'မင်းက ဘယ်သူလဲ'

မေးလေ၏၊

'ကျုပ် ဘယ်သူလဲဆိုတာ အရေးမကြီးပါဘူး၊ သူတို့ကို မနှောက်ယှက်ဖို့ မြေဘီလူးကို သွားပြောလိုက်ပါ'

လုထင်းကတည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

ကျင်းကျင်းနှင့်ကောင်းဖု တို့သည် လုထင်းကို တအံ့တဩ ကြည့်နေကြ၏။

လုထင်းသည် သူတို့နှင့်အတူနေထားခဲ့သည်မှာ ကြာသွားပြီ ဖြစ်ပါသည်။

သို့သော်

ယခုတစ်ကြိမ်တွင်....

လုထင်း၏ အသွင်သည်။

သူတို့တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူးသူကဲ့သို့ရှိနေသည်မဟုတ်ပါလား။



ကျင်းကျင်းနှင့် ကောင်းဖု တို့၏ ရင်ထဲမှ ရိုရင့်တည်သည့် လုထင်းကိုကြည့်ပြီး အားကိုး လိုစိတ်များ ဖြစ်ပေါ်လာကြသည်။

ငှက်ကျိ အ ကြိတ်လိုက်၏။

'မင်းကို ကျုပ်တို့က စရစိုက်ရမှာလား'

ပြောလိုက်၏။

ထို့ နောက်....

စကားဆုံးလျှင် ခါးမှဓားကို ချွင်ခနဲမြည်အောင် ဆွဲထုတ်လိုက်၏။

ဓားကိုဆွဲထုတ်ရာ ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာသည့်အခါ....

ကျင်းကျင်းနှင့်ကောင်းဖု တို့ ရင်ထိတ်သွားကြရ၏။

ကပျာကယာနောက်ဆုတ်သွား၏။

လုထင်းက မလှုပ်မယှက်ရပ်နေ၏၊

ငှက်ကျိက

'ကဲ....ဘေးဖယ်လိုက်စမ်း'

ဝေါက်လိုက်ပြန်သည်၊

လုထင်းက ပြောသည်၊

'မင်းတို့ အေးအေးဆေးဆေး ပြန်သွားကြပါ'

'ငှက်ကျိက....

'ကဲ ဘေးဖယ်လိုက်စမ်း'

'စိတ်ချ မင်းကို သတ်ပြီးမှ ပြန်မယ်'

စကားဆုံးလျှင် ခါးကို ဝှေ့ယမ်းကာ ခုတ်ချလိုက် လေ
သည်။

'ယား'

'ဟိတ်'

လုထင်းက ရှောင်တိမ်းခြင်းမပြုမိချေ။

ခြေတစ်ဖက် မြောက်ကန်လိုက်လေသည်။

သူ၏ လှုပ်ရှားမှုက လျှပ်ပြက်သလို လျင်မြန်လှန်းလှ ပေ
သည်။

ငှက်ကြီးက ဓားကို မြှောက်ကာ ခုတ်ချနိုင်ခြင်းမရှိမီ၊

သူ၏ ခြေထောက်ကန်ချက်သည် ငှက်ကြီး၏ ရင်ဘတ်သို့တို
ဝင်သွားလေသည်။

သို့ဖြင့်....

'ဝုန်း'

'အား'

ကျယ်လောင်သောအသံထွက်ပေါ်လာပြီးနောက်....

အော်သံနှင့်အတူ ငှက်ကြီးမှာ လူတခြား၊ ဓားတခြား လွင့်စ
သွားလေတော့သည်။

* * *

ရွှေ့ဝှက်သူ

---

'ဟင်'

'ဟာ'

ငှရှောင်နှင့် ငှရိုတို့သည် ထွေပ်လှုပ်ရှုရှု ဖြစ်သွားကြတော့
သည်။

ငှက်ကြီးသည် လုထင်း၏ ကန်ချက်မိ၍ လွင့်စင်သွားပြီ မဟုတ်
ပါလား။

'ဟာ်....အစ်ကိုကြီး'

အော်ခေါ်၍ နှစ်ဦးသား ငှက်ကြီးဆီသို့ ပြေးသွားကာ ဖေးမ
လိုက်ကြလေ၏။

ငှက်ကြီး ဆက်လက် တိုက်ခိုက်နိုင်တော့မည် မဟုတ်ပါ။

မြေပေါ် လဲကျ၍ သတိလစ် မေ့မြောနေပြီ ဖြစ်ပါတော့သည်။

လုထင်းက ပြောလိုက်၏။

'ခင်ဗျားတို့ ပြန်သွားကြပါတော့ဗျာ'

ဝူရှောင်နှင့် ဝူရှိတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြ၏။

ဝူကျိ ခံလိုက်ရသည်ကို သူတို့ မည်သည့်နည်းနှင့်မျှ မကျေနပ်နိုင်ကြပါ။

ထို့ကြောင့်....

'ယား'

'ကျား'

ညာသံပေး၍ လုဆင်းထံသို ဝဲယာ တစ်ဖက်တစ်ချက်မှ နေရာ ပြေးဝင် တိုက်ခိုက်ကြ၏။

သူတို့၏ လက်ထဲ၌ ဓားများ ကိုင်ဆောင်ထားကြပြီး ဝှေ့ယမ်း တိုက်ခိုက်လိုက်ကြသဖြင့် ဓားရိပ်တို့သည် သူ၏ တစ်ကိုယ်လုံးကို လွှမ်းခြုံသွားလေ၏။

'အမယ်လေး'

ကျင်းကျင်းက လှတ်ခနဲ အော်လိုက်မိ၏။

ဝူရှောင်တို့၏ လက်ချက်ဖြင့် လုထင်း ဒုက္ခ ရောက်သွားတော့မည် ထင်လိုက်မိသည်။

လုသင်းက အေးဆေးစွာဖြင့် ပြန်လည် တိုက်ခိုက်လိုက်သည်ကို တွေ့ရ၏။



'ယား'

'ဟိတ်'

'ကျား'

'ဟာ'

'ဟင်'

တိုက်ခိုက်သံများ၊ နောက်၌ အံ့အားသင့်သော အသံတို့ ထွက်ပေါ်လာ၏။

အကြောင်းမှာ....

လုထင်းက ပြန်လည် ခုခံရင်း လက်ဝှေ့ယမ်းလိုက်သောအခါ ဓားရိပ်များ ရုတ်ခြည်း ကွယ်ပျောက်သွား၍ ဝူရှောင်တို့ ကိုင်ဆောင်သည့် ဓားနှစ်လက်က လုထင်း၏ လက်ထဲ၌ ရောက်ရှိနေ၏။

ဝူရှောင်နှင့် ဝူရှိတို့ ကပျာကယာ နောက်ဆုတ်သွားကြလေသည်။

ကျင်းကျင်းနှင့် တောင်းဖုတ်တို့မှာ အဖြစ်အပျက်ကို နားမလည်နိုင်ကြပါ။

လုထင်းက ဓားနှစ်လက်ကို မြေပေါ်သို့ ပစ်ချလိုက်လေသည်။

ထို့နောက်....

'ကဲ....မင်းတို့ သွားကြပါတော့'

ပြောလိုက်သည်။

ဝူရှောင်နှင့် ဝူရှိတို့မှာ လုထင်းကို ထပ်မံ မတိုက်ရဲတော့ပါချေ။

သူတို့ နှစ်ယောက်သည် လုထင်းကို စူးရဲသော မျက်လုံးတို့ဖြင့် တစ်ချက် ကြည့်လိုက်၏။

ထို့နောက်....

လဲ့ကျ သတိလစ်နေသည့် ဝူကျိကို ထမ်းပိုး၍ ထွက်သွားလေတော့သည်။

* * *



ဝူကျိတို့ ထွက်သွားကြပြီ ဖြစ်သည်။

လုထင်းသည် ချက်ချင်းပင် ပုံသဏ္ဍာန် ပြောင်းလဲသွားသည်။

လုထင်းသည် တိုက်ပွဲဝင် စစ်သူကြီးတစ်ယောက် ဖြစ်သွားသည်၊

ရဲဝံ့တည်ကြည်သည့် အသွင်မျိုးမှနေ၍ ဘာမဆို မသိနားမလည်သော လူတစ်ယောက်၏ အသွင်မျိုးသို့ ပြောင်းသွားသည်။

ကျင်းကျင်းနှင့် ကောင်းဖုံတို့ဘက် လှည့်၍ ပြုံးပြရင်းဖြင့်....

'သူတို့ ထွက်သွားကြပါပြီ'

ပြောလိုက်၏။

ဤတွင်....

'ဒါမှ တို့ဦးလေးကွ'

ကောင်းဖုံက ဝမ်းသာအားရဖြင့် ပြေး၍ ပွေ့ဖက်လာတော့သည်။

လုထင်းက....

'သူတို့ဟာ သတ္တိမရှိတဲ့ လူဆိုးလူမိုက်တွေပါ၊ သူတို့ကို ခံချမယ့် လူလဲ့ တွေ့ရော ထွက်ပြေးတာပဲ၊ ဘာမှ ကြောက်စရာမလိုပါဘူး'

ပြောလျှင်....

ကောင်းဖုံက ပြော၏။

'ဦးလေးက သိပ်တော်တာပဲ၊ ကျွန်တော့်ကိုလဲ သိုင်းသင်ပေးနော်'

တောင်းဆိုလေ၏။

လုထင်းက ကျင်းကျင်းကို လှမ်းကြည့်လိုက်၏၊

သူမက မျက်နှာထား တည်တည်ဖြင့်....

'သား...ဒီကိစ္စကို မေမေ စဉ်းစားရဦးမယ်'

ပြောလိုက်သည်။

ကောင်းဖု အားမလို အားမရ ဖြစ်သွား၏၊

'မေမေ'

ကျင်းကျင်းက

'သားလာခဲ့'

ခေါ်လိုက်သဖြင့် ကောင်းဖု ဘာမှမတတ်နိုင်တော့ဘဲမိခင်ဖြစ်သူထံ လှမ်းသွားရ၏။

သူမက တစ်ဖန်....

'ရှင်လဲ သွားနိုင်ပြီ'

လုထင်းကို ပြောလိုက်၏၊

လုထင်း၏ ခန္ဓာကိုယ် တုန်ခါသွားသည်။

'ကောင်းပါပြီ ခင်ဗျာ'

အသံတိုးတိုးဖြင့် ပြော၍ နှေးကွေး လေးလံသော ခြေလှမ်းတို့ဖြင့် ထွက်သွားလေ၏။

ကျင်းကျင်းတို့ သားအမိသည် သူ့ကို စိုက်ကြည့်ရင်း ကျန်ရစ်ခဲ့ကြ၏။

* * *



နေဝန်းနီမှာ အနောက်ဖက်တွင် ကွယ်ပျောက်သွားပြီ ဖြစ်သည်။

ဝန်းကျင်တစ်ခုလုံး အမှောင်ထု လွှမ်းခြုံထားလေတော့သည်။

လုထင်းသည် ဤအိမ်လေးပေါ်၌ မီးမထွန်းဘဲ ထိုင်နေသည်။

ကြယ်ကလေးများ လင်းလက်နေသည့် ကောင်းကင်ဆီ သို့ ငေးကြည့်မိ၏၊

သူ၏ စိတ်ထဲ၌....

'ငါ့လုပ်ရပ်များ မှားသွားပြီလား'

ဟူ၍ တတွတ်တွတ် ရေရွတ်မိသည်။

ကျင်းကျင်းတို့ သားအမိကို ကူညီသဖြင့် ငှဇရှာခင်တို့နှင့် ရင်ဆိုင်ခဲ့ရသည်။

သို့သော်...

ဝူကျိတိကို မောင်းထုတ်နိုင်ခဲ့သော်လည်း သူ့အပေါ် ကျင်းကျင်း သံသယဝင်သွားနိုင်ပါ၏။

ထိုအချက်ကို တွေးပြီး ရတက်မအေးနိုင်အောင် ဖြစ်နေမိသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်၊

ကောင်းကင်ပေါ်၌ လဝန်း ထွက်ပေါ်လာ၏၊

လရောင်ကြောင့် ဝန်းကျင် တစ်ခုလုံး သာယာလှပလာသည်။

ထိုအချိန်တွင်

ညင်သာပေါ့ပါးသော ခြေသံတစ်ခု ထွက်ပေါ် လာသည်ကို ကြားလိုက်ရ၏။

သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ခြေသံထွက်ပေါ်လာရာသို့ လှမ်းကြည့် လိုက်မိလေတော့သည်။

ထိုအခါ....

သူ့ထံသို့ လှမ်းလာနေသည့် ကျင်းကျင်းကို တွေ့မြင်လိုက်ရလေသည်။

'ဟင်'

လုထင်းအံ့အားသင့်အားသဖြင့် လွှတ်ခနဲ အော်လိုက်လေသည်။

ရင်လည်းထိတ်သွားသည်။

ညဉ့်နက်သန်းခေါင်အချိန်ရောက်မှ ကျင်းကျင်းသည် သူ့ထံသို့ အဘယ်ကြောင့် လာခဲ့ရပါသနည်း။

လုထင်းသည် တဲပေါ်မှ ကပျာကယာ ခုန်ဆင်းလိုက်မိသည်။

သူမ၏အကြည့်ကြောင့် ရင်ထဲလှုပ်ရှားသွား၏။

သူမသည် အသက်အရွယ်အားဖြင့်သုံးဆယ်ခန့်သာရှိသေးသော အမျိုးသမီးတစ်ယောက်ဖြစ်ပါသည်။

သူမသည် ချောမောလှပနေဆဲ ဖြစ်လေသည်။



လုထင်းသည် သူမကြည့်ပြီး ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက် များဖြစ်ပေါ်သာရလေသည်။

ထို့ကြောင့်....

မသိမသာ အကြည့်လွှဲထားလိုက်လေသည်။

သူမက....

'ကျွန်မ ဘာကြောင့်အခုလိုအချိန်မျိုးမှာ လာခဲ့ရသလဲဆိုတာ ရှင်သိချင်တယ်ထင်တယ်'

ပြောလိုက်သည်။

လုထင်း ဘာမှမပြောဘဲ အသာငြိမ်နေလိုက်၏။

သူမက ဆက်ပြောသည်။

'ကျွန်မသားလေး ကောင်းဖုံ မသိစေချင်တဲ့ စကားတွေ ပြောစရာရှိလို့ပဲ'

လုထင်းက သူမကိုကြည့်ကာ....

'ဟုတ်ကဲ့ ပြောပါ'

ပြောလိုက်၏။

သူမက မေးလိုက်၏။

'ရှင်ဟာ ဘာကြောင့် အမှန်တရားကို ဖုံးကွယ်ထားရတာလဲ ပြောပါ'

လုထင်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

'ကျုပ်က အမှန်တရားကို ဖုံးကွယ်ထားတယ် ဟုတ်လားဗျ....'

ကျင်းကျင်းက ခေါင်းညိတ်ကာ....

'ဟုတ်တယ်လေ'

ပြောလေသည်။

လုထင်းက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် ဘာမှ ဖုံးကွယ်စရာအကြောင်းမရှိပါဘူး'

သူမ မဲ့ပြုံးပြုံးလိုက်သည်၊

'ရှင်....ဘယ်လိုလူလဲဆိုတာ ကျွန်မကိုအမှန်အတိုင်းပြော
ရင် ကောင်းလိမ့်မယ်'

လုထင်းက ပြောပြန်၏၊

ကျုပ်က လုထင်းလေဗျာ'

'ဘာရှင့်'

ကျင်းကျင်းက ဒေါသထွက်သွား၏

'ကျုပ်က လုထင်းပါ'

လုထင်းပြောလိုက်ပြန်သည်၊

'ရှင်လိမ်ပြောတာ'

ကျင်းကျင်းက မကျေမနပ်ဖြစ်နေရှိသည်။

သူမ၏အသံသည် ကျယ်လောင်သွားလေသည်၊

လုထင်း ငြိမ်နေလိုက်၏။

ကျင်းကျင်းက ပြောလိုက်သည်။

'ရှာဟာ သိုင်းသမားတစ်ယောက်ဆိုတာ ကျွန်မသိတ
တယ်၊ ကဲ...ဘာ ငြင်းချင်သေးသလဲ'

လုထင်း ခေါင်းညိတ်လိုက်၏။



'ကျုပ်ဟာ အာမခံဌာနမှာ အလုပ်လုပ်ခဲ့ဘူးလို့ သိုင်းပညာအနည်းအကျဉ်း တက်မြောက်ထားတယ်လို့ ပြောခဲ့ပြီးပြီလေဗျာ၊ ဘာဖြစ်လို့လဲ'

ကျင်းကျင်းက နှုတ်ဖျားကိုသွားဖြင့် ဖိကိုက်လိုက်၏၊

သူမသည် ကောင်းစုနှင့် အတူနေခဲ့ဖူးသည်ဖြစ်၍ သိုင်းသမားတို့၏ အနေအထားကို သဘောပေါက်သလို ရှိထားသည်။

လုထင်းသည် သိုင်းပညာထူးချွန်သူတစ်ယောက် ဖြစ်ရမည်ဟု ယူဆထားသည်၊

လုထင်းသည် အမှန်ကိုဝန်မခံဘဲ လိမ်ညာ နေသည်ဟု ထင်၍....

'ကောင်းပြီ၊ ရှင့်ကြောင့် ဟိုလူတွေကပို၍ အငြိုးထားကြတော့မယ် ဒါကြောင့် မနက်မိုးလင်းတာနဲ့ ရှင်ဒီကထွက်သွားပါ'

ပြောလိုက်၏။

လုထင်း မျက်နှာပျက်သွားသည်၊

သို့သော်....

'ကျုပ်မသွားနိုင်သေးပါဘူး'

ချက်ချင်းပြန်ပြောလိုက်၏။

ကျင်းကျင်း အံ့ဩသွား၏၊

ဒေါသလည်း ထွက်သွား၏။

'ဘာ....ဘာပြောတယ်ရှင့်'

လုထင်း ခေါင်းခါယမ်းကာ....

'ဟုတ်ကယ်၊ ကျုပ်မသွားနိုင်သေးပါဘူး'

ပြောလိုက်လေ၏။

ကျင်းကျင်းက ခပြော၏၊

'ကျွန်မက ရှင့်ကိုလက်မခံနိုင်တော့ပါဘူး၊ ဒါကြောင့် ရှင်မနက်မိုးလင်းတာနဲ့ ထွက်သွားရမယ်'

လုထင်းက ခေါင်းခါယမ်းကာ....

'ကျုပ်မှာ သွားစရာနေရာမရှိသေးလို့ မသွားနိုင်တာခွင့်လွှတ်ပါဗျာ'

'ဟင်'

ကျင်းကျင်း အံ့အားသင့်သွားလေသည်၊

'ရှင့်....ရှင်'

ဒေါသလဲ ထွက်လာလေ၏။

'ရှင်က ကျွန်မဘာမှ မတတ်နိုင်ဘူးဆိုပြီးတော့ နိုင်ထက်စီးနင်းလုပ်ချင်တဲ့သဘောလားရှင့်'

ထိုစကားကြားရလျှင် လုထင်း၏မျက်နှာ ကွက်ခနဲပျက်သွားရလေသည်။

စကားထစ်ထစ်ငေါ့ငေါ့ဖြင့်....

'ကျုပ်....ကျုပ်က ဒီလိုသဘောမျိုး မဟုတ်ပါဘူးဗျာ'

သူ၏အသံမှာလည်း တုန်တုန်ယင်ယင် ဖြစ်သွားလေ၏။

ကျင်းကျင်းက အကျပ်ကိုင်လိုက်၏။

'ဒါဆိုရင် ရှင်ဘာဖြစ်လို့ အမှန်အတိုင်း မပြောရတာလဲ'

လုထင်း သက်ပြင်းချလိုက်သည်။



'ကျုပ်....ကျုပ်'

စကား ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

ထိုစဉ်....

ကျင်းကျင်း၏စကားသံ ထွက်ပေါ်လာ၏၊

'ရှင် အမှန်အတိုင်းမပြောရင် ကျွန်မတို့ဆီမှာ ဘယ်နည်းနဲ့မှ လာနေလို့ ရမှာမဟုတ်ဘူး၊ အမှန်အတိုင်းသာ ပြောပါ'

လုထင်း ခေါင်းမော့လာ၏။

သက်ပြင်းတစ်ချက်ချကာ....

'ကောင်းပါပြီဗျာ၊ ကျုပ် အမှန်အတိုင်းပဲ ပြောပါတော့မယ်'

ဟု ပြောလိုက်လေတော့သည်။

• • •

လုထင်း ကောင်းကင်ပေါ်သို့ မော့ကြည့်နေ၏။

ကျင်းကျင်းမှာ လုထင်းပြောမည့်စကားကိုစောင့်ဆိုင်းနေသည်။

အတန်ကြာလျှင်....

လုထင်းထံမှ စကားသံ ထွက်ပေါ်လာ၏။

'အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ ကျုပ်ဟာတစ်ချိန်က အရမ်းကိုဆိုးသွမ်း မိုက်မဲခဲ့တဲ့ သိုင်းသမားဆိုး တစ်ဦးပဲပေါ့ဗျာ'

ထိုသို့အစချီကာ ပြော၏။

ကျင်းကျင်း စိတ်ဝင်စားစွာ နားထောင်နေ၏။

လုထင်းက ဆက်ပြောလိုက်သည်။

'အဲဒီလိုနဲ့ တစ်နေ့မှာ ရင်ဆိုင်တိုက်ပွဲတစ်ခုဖြစ်ပြီး ကျုပ်ဟာ သေလုမျောပါးနဲ့ ဒဏ်ရာအပြင်းအထန် ရခဲ့ပါတယ်....

'ဒဏ်ရာက ပြင်းထန်နေတဲ့အပြင် ကျုပ်ကိုမကျေနပ်ကြတဲ့ လူတွေလက်ထဲကို ရောက်သွားလို့ အသတ်ခံရတော့မယ် ဆဲဆဲမှာ အစ်ကိုကြီးကောင်းစု ရောက်လာပြီး ကျုပ်ရဲ့အသက်ကို ကယ်တင်ခဲ့ပါတယ်....

'နောက်တော့ ကျုပ်ဟာ အစ်ကိုကြီးကောင်းစုရဲ့ ဆုံးမစကားကို နားထောင်ပြီး လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့ပါတယ်'

သူက စကားရပ်ကာ ကျင်းကျင်းကိုကြည့်လိုက်သည်။

ကျင်းကျင်းမှာ စိတ်ဝင်စားစွာ နားထောင်နေသည်ကို တွေ့ရမှ ဆက်ပြောသည်။



'ဒါပေမယ့် ကျုပ်က တစ်ချိန်တုန်းက ဆိုးမိုက်ခဲ့တာကြောင့် ကျုပ်ကို ဘယ်သူကမှ လက်မခံချင်ကြဘူး....

'ရှင်းရှင်းပြောရရင် ကျုပ်ကို လူ့အသိုင်းအဝိုင်းကလက်မခံတော့တာကြောင့်အစ်ကိုကြီးကောင်းစုဆီမှာခိုလှုံဖို့အားကိုးတကြီးနဲ့ လာခဲ့တာပါဗျာ....

'ဒီရောက်မှ အစ်ကိုကြီးကောင်းစုက ခေါပါရဂူဝမ်းလီရဲ့ လက်ချက်နဲ့ သေဆုံးသွားတယ်ဆိုတာ သိရပါတယ်....

'တစ်နေ့ကျရင် အစ်ကိုကြီးကောင်းစုအတွက် ခေါပါရဂူဝမ်းလီနဲ့ ရင်ဆိုင်မယ်လို့လဲ ဆုံးဖြတ်ထားပါတယ်ဗျာ'

ကျင်းကျင်း ခေါင်းခါယမ်းလိုက်သည်။

'မလိုတော့ပါဘူးရှင်'

ပြောလိုက်လေ၏။

လုထင်း အံ့အားသင့်သွားသည်။

အားလားတကြီး မေးလိုက်၏။

'ဘာဖြစ်လို့လဲဗျာ'

ကျင်းကျင်း သက်ပြင်းချလိုက်၏။

ထို့နောက်....

တည်ကြည်သော မျက်နှာထားဖြင့်....

'သိုင်းလောကသားတွေဟာ သိုင်းပညာကို သူသာတယ်၊ ကိုယ်သာတယ် ယှဉ်ပြိုင်ရင်း ရန်ငြိုးတွေ အာဃာတတွေဖြစ်လာခဲ့ကြတယ်....

'သူ့ငါသတ် ငါ့သူသတ်နဲ့ ရန်ကြွေးသံသရာ ဘယ်တော့မှ ဆုံးနိုင်တော့မှာလဲရှင်....

'ကျွန်မဟာ အစ်ကိုကြီး ကောင်းစုကို ဆုံးရှုံးလိုက်ရပေမယ့် ဒီကိစ္စကို ပြည်ဖုံးကား ချထားလိုက်ပါပြီ....

'ကျွန်မ ဘာကိုမှလဲ စိတ်ထဲမှာမထားတော့ပါဘူး၊ အရာအားလုံးကို သည်းခံနိုင်စွမ်း ရှိပါတယ်'

ကျောင်းကျောင်းမှာ သနားစဖွယ် ပြော၏၊

လုထင်း စကားမပြောနိုင်တော့ပါ၊

ကျောင်းကျောင်းအား မယုံကြည်နိုင်သော မျက်လုံးများဖြင့် ငေးကြည့်နေမိတော့သည်၊

ကျောင်းကျောင်းက ဆက်ပြော၏၊

'ဘဝပေးကံကြမ္မာကြောင့် ခုလိုအဖြစ်ဆိုးနဲ့ ကြုံတွေ့ရပေမယ့် ကျွန်မတို့သားအမိက ဒီရွာလေးမှာဘဲ နေသွားကြမှာပါ၊ လက်တုန့်ပြန်ဖို့ဆိုတာ ဘယ်တော့မှကြိုးစားမှာ မဟုတ်ပါဘူးရှင်'

လုထင်း သက်ပြင်းချလိုက်သည်၊

'ခင်ဗျား ခါးပါရဂူဝမ်းလိကို ခွင့်လွှတ်လိုက်တာလား'

မေးလိုက်၏၊

ကျောင်းကျောင်း ခေါင်းညိတ်လိုက်သည်၊

'ခါးပါရဂူဝမ်းလိမှ မဟုတ်ဘဲ ဘယ်သူ့ကိုမဆို ကျွန်မဟာ ခွင့်လွှတ်နိုင်ပါတယ်....



'ခုကိစ္စဟာ သူသေတယ် ကိုယ်သေတယ် ယှဉ်ပြိုင်ကြရင်း ဖြစ်သွားခဲ့ရတာ မဟုတ်လား....

'အဲဒီလိုဝမ်းနည်းစရာ မကြုံရအောင် တစ်ယောက်နဲ့တစ်ယောက် ယှဉ်ပြိုင်ခြင်းမပြုကြတာ အကောင်းဆုံးပဲမဟုတ်လားရှင်'

လုထင်းသည် ကျောင်းကျောင်းအား ကြည့်ကာ ပရုဏာသတ်သွားလေသည်၊

ကျောင်းကျောင်းသည် ရှုပ်ထွေးပွေလီလှသည့် သိုင်းလောက အကြောင်းကို ဘာမှမသိသေးပါတကား၊

သူမသည် စိတ်ထားဖြူစင် ရိုးသားသူပီပီ အရာရာအား ခွင့်လွှတ်သည်းခံနိုင်စွမ်း ရှိနေပါသည်၊

ကျောင်းကျောင်းက ပြောလိုက်၏၊

'ကျေးဇူးပြုပြီး ကျွန်မသားကို သိုင်းပညာသင်မပေးပါနဲ့ရှင်'

လုထင်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်သွားသည်၊

'ကျုပ်....ကျုပ်'

စကား ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏၊

ကျောင်းကျောင်း၏ စကားသည် ဤနေရာ၌ သူ့အားဆက်ပြီး နေထိုင်ခွင့် ပြုသည့်သဘော သက်ရောက်နေသည် မဟုတ်ပါလား၊

ကျင်းကျင်းက ပြော၏။

'ရှင်က ဒီမှာနေခဲ့မယ်ဆိုရင် အတတ်နိုင်ဆုံး သိုင်းပညာ ကို အသုံးမပြုနဲ့လို့ ကျွန်မပြောချင်ရပါဘယ်၊ ဒါပါပဲရှင်'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွား၏။

လုထင်းမှာ ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

* * *

မြေပုံရာ ကာင်းခမှခင့်

---

နေဝန်းနီမှာ အရှေ့ဖက်မှ ထွက်ပေါ်လာ၏။

တစ်ဖန်....

အနောက်ဖက်သို့ တိုးဝင် ပျောက်ကွယ်သွား၏။

နေ့ရက်များ ကုန်ဆုံးသွားသည်။

လုထင်းမှာ ကျင်းကျင်းတို့ အိမ်သို့ ရောက်ရှိလာခဲ့သည်မှာ သုံးလခန့်ပင် ရှိနေပြီ ဖြစ်၏။

သုံးလအတွင်း မည်သည့်ပြဿနာ တစ်ခုတစ်လေမှ မပေါ်ပေါက်ခဲ့ပါ။

ထို့ကြောင့်....

ကျင်းကျင်းတို့ သားအမိမှာ အေးချမ်းစွာ နေထိုင်ခဲ့ရလေသည်။

လုထင်းသည်လည်း စိတ်ရှုပ်စရာများ မရှိတော့သဖြင့် မွေးမြူရေး လုပ်ငန်း၌ပင် စိတ်ရောကိုယ်ပါ နှစ်မြှုပ် ထားလိုက်သည်။

ရှိသမျှ အလုပ်ကို သိမ်းကြုံးလုပ်သည်။

နေ့တစ်ကြိမ် ညတစ်ကြိမ် တောင်ကုန်းပေါ်သို့ တက်၍ စားသောက်၏။

ထောင်းဖု မှာ လုထင်းအတွက် စားသောက် ဖွယ်ရာများ လာမပို့တော့ပါ။

လုထင်းနှင့် မတွေ့အောင် တမင် ရှောင်နေ၏။

ထောင်းဖု မှာ သိုင်းပညာ မသင်ရသဖြင့် စိတ်ကောက်နေပုံရ၏။

အမှန်စင်စစ်....

လုထင်းသည် သူ့ကို သိုင်းပညာ သင်ပေးလို၏။

သို့သော်....

ကျင်းကျင်း၏ စကားကို မလွန်ဆန်ရဲသဖြင့် သင်မပေးရခြင်း ဖြစ်၏။

ထို့ကြောင့်....

သူကိုယ်တိုင်လည်း မတတ်သာတော့ဘဲ မွေးမြူရေးခြံတွင် ကိုယ်ရောစိတ်ပါ နှစ်ထားလိုက်ခြင်း ဖြစ်၏။

သို့ဖြင့်....

နေ့ရက်တစ်လခန့် ကြာသောအခါ အနှောင့်အယှက် တစ်ခု ပေါ်လာပြန်သည်။

• • •



နေခြည် ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

နံနက်စာ စားသောက်ရန်အတွက် လုထင်းက တောင်ပေါ်သို့ တက်လာခဲ့၏။

တောင်ကုန်းပေါ်မှ အိမ်ကလေးမှာ တိတ်ဆိတ် ငြိမ်သက်နေ၏။

လုထင်းသည် နဖူးပေါ်မှ ချွေးများကို လက်ခုံဖြင့် သုတ်လိုက်၏။

ထို့နောက်

အိမ်အနောက်ဖက် တံခါးပေါက်မှ တစ်ဆင့် အိမ်ထဲလှမ်း ဝင်လိုက်၏။

ထိုအခါ

သူ့အတွက် ထမင်းဟင်းများ အဆင်သင့် ခူးခပ်ထားသည်ကို တွေ့ရ၏။

သူသည် ဆာလောင်နေပြီဖြစ်ရာ ထိုင်ခုံ၌ ဝင်ထိုင်ပြီး အားပါးတရ စားသောက်လိုက်၏။

ထိုစဉ်....

အိမ်ရှေ့ဘက်ဆီမှ ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

သူ မျက်မှောင်ကုတ်လိုက်၏။

'ဘာများ ဖြစ်နေကြတာပါလိမ့်'

တီးတိုး ရေရွတ်မိလိုက်၏။

တစ်စုံတစ်ခုသော ပြဿနာ ဖြစ်ပေါ်နေကြောင်းလည်း ချက်ချင်း ရိပ်မိလိုက်၏။

ထို့ကြောင့်

စားသောက်မှုကို လက်စသတ်လိုက်သည်။

ထို့နောက်....

အိမ်ရှေ့သို့ ကပျာကယာ ထွက်ခဲ့၏။

အိမ်ရှေ့ရောက်လျှင် ကျင်းကျင်းတို့ သားအမိနှင့် လူတစ်စု အငြင်းအခုံ ဖြစ်နေကြသည်ကို လုထင်း တွေ့မြင်လိုက်ရ လေသည်။

ထိုလူများသည် ရွာထဲမှ လူများ ဖြစ်ကြောင်း ရိပ်မိသဖြင့် သူက အပြင်သို့ မထွက်တော့ဘဲ တံခါးနောက်ကွယ်မှ နေ၍ တိတ်တဆိတ် ချောင်းကြည့်မိ၏။

ထိုအခါ

အသက်ငါးဆယ်ခန့်ရှိ အဘိုးအို တစ်ယောက်နှင့် လူဆယ်ယောက်ခန့် ရောက်ရှိနေကြပြီး ကျင်းကျင်းကို စွပ်စွဲပြောဆိုနေသံတို့ ကြားရ၏။

အဘိုးအိုက ကျင်းကျင်းအား ကြည့်၍....



'ကျင်းကျင်း နင့်ရဲ့ယောက်ျားရှိတုန်းက ငါ့ဆီက ချေးငှားသွားတဲ့ ငွေသုံးထောင် အခုချိန်ထိ ပြန်မဆပ်သေးဘူးလေ....

'ဒီအတိုင်းသာဆိုရင် ငါ့အကြွေးနဲ့ နင့်ပစ္စည်းတွေကို သိမ်းရလိမ့်မယ်'

သူက မကျေမနပ်လေသံဖြင့် ပြောလာ၏။

ကျင်းကျင်း ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်တာရှင်၊ ဦးဆီက ဘယ်တုန်းကများ ငွေသုံးထောင် ချေးဖူးလို့လဲ'

အဘိုးအို၏ မျက်နှာသည် သူမ စကား ကြားလိုက်ရသော ကြောင့် ရှုံ့မဲ့သွားသည်။

သူက သူမအား စူးရဲသော မျက်လုံးအစုံဖြင့် စိုက်ကြည့် လိုက်ပြီး....

'နင့်ယောက်ျား ကိုယ်တိုင် ယူသွားတာ၊ ငါ့မှာ သက်သေတွေရှိတယ်၊ ငါပြောတာ ဟုတ်ရဲ့လားဟေ့'

စကားဆုံးလျှင် လိုက်ပါလာသူများကို တစ်ချက် ကြည့်မိ လိုက်၏။

အဘိုးအိုနှင့် လိုက်ပါလာသောသူများက တစ်ယောက် တစ်ပေါက် ပြောဆို ထောက်ခံလာကြ၏။

'ဟုတ်တယ်'

'ကောင်းစု....ငွေသုံးထောင် ယူသွားတာ အမှန်ပဲ'

'ကျုပ်တို့ သက်သေရှိတယ်'

လူထင်းမျက်နှာ ရှုံ့မဲ့သွား၏။

သူက အခြေအနေကို အကဲခတ်ပြီးသည်နှင့် အဘိုးအိုက တမင်သက်သက် ကျင်းကျင်းတို့အား လာရောက် ဒုက္ခပေးနေခြင်းဖြစ်ကြောင်း တွေးတော ဆင်ခြင်လိုက်မိ၏။

ထို့ကြောင့်

ကျင်းကျင်းဖက်မှကူညီဖြေရှင်းဖို့ အိမ်အပြင်သို့ လှမ်းထွက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

'ဒီကိစ္စ ကျုပ်ရှင်းပေးမယ်'

စကားသံတစ်ချက် ထွက်ပေါ်လာသည်။

လူတစ်ယောက်သည် ပြောရင်း အဘိုးအိုအနီးသို့ရောက်ရှိလာသည်။

ထိုလူမှာ အာစီးပင်ဖြစ်သည်။

အာစီးကို မြင်လျှင် ကျင်းကျင်းအကြီးအကျယ် စိတ်ပျက်သွားလေတော့သည်။

'အင်း'

သက်ပြင်းတစ်ချက်လည်း မသိမသာ ချလိုက်မိလေ၏။



အာစီးသည် သူမကို ဒုက္ခပေးလိုသူတစ်ယောက်ဖြစ်ကြောင်း နားလည်ထား၏။

လာရောက် စွပ်စွဲပြောဆိုနေသည့် အဘိုးအိုမှာ ရွာ၌ အချမ်းသာဆုံးဖြစ်သည့် သူဌေးကြီး အာလိဂင်ဖြစ်သည်။

စင်စစ်....

သူဌေးကြီးအာလိသည် အာစီး၏ဖခင်လည်းဖြစ်နေခဲ့သည်။

သူတို့နှစ်ယောက် တိုင်ပင်ကာ သူမအား တမင်ဒုက္ခပေးရန် လာခဲ့ကြခြင်းဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

အာစီးရောက်လျှင် အာလိက မျက်မှောင်ကုတ်လိုက်လေသည်။

'မင်းက ဘယ်လိုဖြေရှင်းရမှာမို့ လဲ'

ဟူ၍လည်း မေးလာလေသည်။

အာစီးပြုံးလိုက်၏။

သူက ကျင်းကျင်းအား တစ်ချက်ကြည့်လိုက်ပြီး....

'ညီမလေး....ကျင်းကျင်းက ဖေဖေ့ကို ပေးစရာအကြွေးရှိတယ် မဟုတ်လား'

အာလိက တင်းမာသော မျက်နှာထားဖြင့် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

အာစီးက တစ်ချက် ရယ်မောလိုက်ပြီး ပြောလာခဲ့လေသည်။

'ဒီအကြွေးကို ကျွန်တော်ကြားဝင် စိုက်ပေးလိုက်ပါ့မယ် ဖေဖေရာ'

'ဟင်'

အာလီ မျက်လုံးများပြူးကျယ်သွား၏။

သူက အာစီးအား ဒေါသတကြီးဖြင့် ကြည့်ရင်း အော်ငေါက်လိုက်သည်။

'ဘာကွ...မင်းက ငါ့ပိုက်ဆံနဲ့ ငါ့အကြွေးကိုပြန်ဆပ်မှာပေါ့ ဟုတ်လား'

အာစီး ဘာမှမပြောပဲ ပါးစပ်ပိတ်ထားလိုက်၏။

အာလီက ခေါင်းတွင်တွင် ခါယမ်းလိုက်ပြီး....

'မဖြစ်ဘူး၊ မဖြစ်ဘူး....ငါ့ပိုက်ဆံနဲ့ ငါ့အကြွေးပြန်ဆပ်မယ်ဆိုတာကို ငါလုံးဝလက်မခံနိုင်ဘူး'

အာစီး မျက်နှာချိုးသွားလိုက်၏။

'ဒီကိစ္စ ကျွန်တော် တာဝန်ယူပါရစေ ဖေဖေရယ်၊ ညီမလေးကျင်းကျင်းက'

သူ့စကားဆုံးအောင် မပြောလိုက်ရပါချေ။

အကြောင်းမှာ....



ကျင်းကျင်းက ကြားဖြတ် အော်ငေါက်လိုက်ခြင်းကြောင့် ဖြစ်လေသည်။

'ရှင်တို့အားလုံး ကျွန်မအိမ်ရှေ့က အခုထွက်သွားကြရင် ကောင်းမယ်'

ကျင်းကျင်း၏ လေသံ အနည်းငယ်တင်းမာ၍ နေလေသည်။

အာစီးဆတ်ခနဲ ဖြစ်သွားသည်။

သူက ကျင်းကျင်းအားကြည့်ကာ....

'ညီမ'

သူ၏စကားမဆုံးမီ ကျင်းကျင်းက ကြားဖြတ်ပြောလိုက်ပြန်လေသည်။

'ရှင်တို့ သွားမလား၊ မသွားဘူးလား'

ကျင်းကျင်း၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အာစီး မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။

'ကျင်တ'

စကား တစ်ပိုင်းတစ်စဖြင့် ရပ်ကာ ကျင်းကျင်းအနီးသို့ ချဉ်းကပ်သွားရန် ဟန်ပြင်လိုက်လေသည်။

ရုတ်တရက်....

ကျင်းကျင်းက ဓါးတစ်လက် ဆွဲထုတ်လိုက်သည်။

ကျောင်းစု၏ မိုးကြိုးခါးပင်ဖြစ်သည်။

ကျောင်းစု၏ဂူရှေ့၌ ထိုးစိုက်ထားသော မိုးကြိုးခါးကို ကျောင်းဖုံ့က ယူလာခဲ့ခြင်းဖြစ်သည်။

'ဟင်'

ဓားကိုမြင်လျှင် အာစီးထိတ်လန့်သွား၏။

ကပျာကယာပင် နောက်ဆုတ်သွားလေသည်။

ထိုစဉ်....

'ဖျောင်း ဖျောင်း ဖျောင်း'

လက်ခုပ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

အားလုံး လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ....

မည်သည့်အချိန်က ရောက်ရှိနေမှန်းမသိရသော လူတစ်ယောက် ရောက်ရှိနေသည်ကို တွေ့ရလေသည်။

ထိုလူသည် အပြာရောင်ပိုးဖဲ့အဝတ်အစားများ ဝတ်ဆင်ထား၏။

လက်ထဲတွင် နံ့သာရောင်ယပ်တောင်တစ်လက်ကို ကိုင်ထားပြီး အဖျပ်ဖျပ် ခတ်နေသည်။

စာပေသမားတစ်ယောက်၏ ပုံသဏ္ဍာန်နှင့်တူလှပေသည်။ သို့သော်....



စာပေသမားတစ်ယောက် မဟုတ်သည်ကား ထင်ရှားနေပေသည်။

အဘယ်ကြောင့်ဆိုသော်....

သူ၏လက်များမှာ ကြမ်းတမ်းနေသောကြောင့် ဖြစ်ပေသည်။

အာစီး မကျေမနပ်ဖြစ်နေ၏။

သူ၏ ဒေါသအား လူရွယ်ဘက်သို့ မြားဦးလှည့်လိုက်တော့သည်။

'မင်းဘယ်သူလဲ ဘာလာရှုပ်တာလဲ'

အာစီးက အလိုမကျသည့် ဟန်မူရာဖြင့် လူရွယ်အား မေးလိုက်လေသည်။

လူငယ်က ပြုံးလိုက်၏။

အာစီးအား အထင်သေးသည့် မျက်လုံးအစုံဖြင့်ကြည့်ကာ ပြောလိုက်လေသည်။

'မင်းတို့ တော်တော် အသိဉာဏ်နည်းကြတာပဲ'

'ဘာစကား'

လူရွယ်၏စကားကြောင့် အာစီး အသက်ချောင်းချောင်း ထွက်သွား၏။

လူရွယ်က ခရုမစိုက်သော ဟန်မူရာဖြင့် ဆက်လက်၍ပြောလိုက်၏။

'မင်း စဉ်းစားကြည့်လေ၊ အခြေအမြစ်မရှိဘဲ လူတစ်ဖက်သားကို သွားစွပ်စွဲလို့ ရမလား၊ ဒါကြောင့် အေးအေး ဆေးဆေး ပြန်သွားကြ။ အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ ကျုပ်ပြောချင်တယ်'

အစစီး၏ မျက်နှာရှုံ့မဲ့သွား၏။

သူက လူရှည်အားစူးရဲစွာစိုက်ကြည့်လိုက်ပြီးဒေါသတကြီး ပြောလိုက်၏။

'မင်းကဘာကောင်မို့ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စကို ဝင်ရှုပ်ချင်ရတာလဲ၊ ကျုပ်အကြောင်းကို မသိသေးဘူးထင်တယ်'

စကားဆုံးလျှင် ထိုးရန်လူရှည်ထံသို့ ပြေးဝင်သွားလေသည်၊

တံခါးကြားမှ ချောင်းကြည့်နေသော လုထင်းသည်အစစီး အား တားမြစ်လိုစိတ်များဖြစ်ပေါ်လာ၏၊

သူက ထားမြစ်ရန်ဟန်ပြင်လိုက်၏။

သို့သော်....

သူက တားမြစ်ခြင်းမပြုနိုင်မီ....

အစစီးက ပြေးဝင်သွားပြီဖြစ်သည်။

လူရှည်သတော့ကျသွား၏၊

'ဟား ဟား ဟား'



ဟားတိုက်ရယ်မောရင်း ယပ်တောင်ကို တစ်ချက်ဝှေ့ယမ်း လိုက်၏။

'အင့်'

မသဲမကွဲညည်းညူသံထွက်ပေါ်လာ၏၊

အစစီး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ထို့နောက်....

'ဝုန်း'

မြေပေါ် အရုပ်ကြိုးပြတ် လဲကျသွား၏။

'ဟင်'

'ဟာ'

'အို'

အစစီးတို့လူစု ထိတ်လန့်သွားကြသည်၊

'သား'

အစလီက အာစီးကို ခေါ်ရင်း ပြေးပွေ့လိုက်၏။

ထိုအခါမှ

အစစီး၏ နဖူးတွင် သွေးစို့နေသော အပ်ပေါက်ရာလေး တစ်ခုဖြင့် သေဆုံးနေပြီဖြစ်၏။

အစလီ ဒေါသခြောင်းခြောင်းထွက်သွား၏။

'သေပေတော့'

အော်ဟစ်ရင်း လူရှည်ထံ ပြေးဝင်သွား၏။

'ဟား ဟား ဟား'

လူရှည်သဘောကျစွာ ရယ်မောလိုက်၏။

သူက အစလီကို မျက်လုံးပြူး၍ကြည့်လိုက်ပြီး....

'ဘယ်သူ သေရမှာလဲ'

စကားဆုံးလျှင် ယပ်တောင်တစ်ချက်ဝှေ့ယမ်းလိုက်ပြန်လေသည်။

'အား'

အားစီး ရှူးရှူးစွာအော်ဟစ်လိုက်၏။

ထို့နောက်....

'ဝုန်း'

မြေပေါ်သို့ကျကာ ငြိမ်သက်သွားလေတော့၏။

'ဟင်'

'ဟာ'

'အို'

အာလီနှင့်အတူ လိုက်ပါလာသူများ အံ့အားသင့်သွားကြသည်။

ထို့နောက်....

'ပြေးဟေ့'

'တို့ကိုပါ ရန်မူလိမ့်မယ်'

တစ်ယောက်တစ်ပေါက်အော်ဟစ်ကာ ကြောက်ရွံ့ ထိတ်လန့်စွာဖြင့် ဒရောသောပါး ထွက်ပြေး သွားကြလေတော့သည်။



အားစီးတို့သားအဖမှာ မြေပေါ်လဲကျနေပါသည်။

သူတို့မှာ မည်သည့်အခါမှ စကား ပြောနိုင်ကြတော့မည် မဟုတ်ချေ။

သူတို့သည် လူရှယ်၏လက်ချက်ကြောင့် သေဆုံးသွားခဲ့ပြီ မဟုတ်ပါလား။

'ဟင်'

ကျင် ကျင်းနှင့် ကောင်းဖုတို့ ထိတ်လန့်သွားခဲ့ကြလေတော့သည်။

စာပေသမားနှင့်တူပြီး ပြုံးရယ်နေသူက မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း လူနှစ်ယောက်အား သေးအေးစွာပင် သတ်ပစ်လိုက်သည် မဟုတ်ပါလား။

လူရှယ် ပြုံးလိုက်သည်။

ကျင်းကျင်းတို့ သားအမိနှစ်ယောက်ကို အကဲခတ်ကြည့်၍ ပြောလာလေသည်။

'သူရဲကောင်းကြီး ကောင်းစုရဲ့ ဇနီးနဲ့သား ထင်ပါရဲ့'

ကျင်းကျင်း ရင်ထိတ်သွားသည်။

ထိုလူရှယ်သည် ကောင်းစုအား သိကျွမ်းထားကြောင်းကို ရိပ်မိလိုက်သည်။

သို့သော်....

ကောင်းစု၏ ရန်သူလော မိတ်ဆွေလောဟူ၍တော့ သူမ မခွဲခြားတတ်ပေ။

သို့သော်....

လူရွယ်သည် ရက်စက်ကြမ်းကြုတ်သည့် နှလုံးသားပိုင်ရှင် တစ်ယောက်ဖြစ်ကြောင်း ကျင်းကျင်း နားလည်ထားမိလေသည်။

'သူ့ရဲ့ကောင်းကြီး၊ ထောင်းစုရဲ့ ဇနီးနဲ့သား ဟုတ်ပါသလား ခင်ဗျား'

လူရွယ်က ထပ်မေးလာသည်။

'အင်း'

ကျင်းကျင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက်....

ဆတ်ခနဲ ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ရှင်'

သူမ၏စကားကို ကြားလိုက်ရသောကြောင့် လူရွယ်သည် ကျေနပ်သွား၏။

လူရွယ်၏မျက်နှာ ပြုံးယောင်သန်းလာသည်။

ရက်စက် ကောက်ကျစ်သော အပြုံးမျိုး ဖြစ်နေပါသည်။

လုထင်း မနေနိုင်တော့ပါ။

ထို့ကြောင့်

အိမ်ထဲမှ လှမ်းထွက်လိုက်တော့သည်။



လုထင်းထွက်လာသည်ကို မြင်တွေ့ရလျှင် ကျင်းကျင်းမှာ ဝမ်းသာသွားလေ၏။

ကောင်းဖု က ခေါင်းငုံ့ထား၏။

လုထင်းက စာပေသမားနှင့်တူသော လူရွယ်နှင့် ရင်ဆိုင်လိုက်၏။

ထိုလူရွယ်မှာ အခြားမဟုတ်။

ထောင်းစုအပေါ် မကျေမနပ်ဖြစ်နေသော မြေဘီလူး ပင်ဖြစ်လေ၏။

မြေဘီလူးသည် ရုပ်သွင်နှင့်မလိုက်အောင် ရက်စက်ကြမ်းကြုတ်လှသူ ဖြစ်၏။

မြေဘီလူးက လုထင်းအားမြင်လျှင် ချက်ချင်း မျက်နှာတည်သွား၏။

'မြေခွေးရိုချိုရဲ့လူတွေကို ဆုံးမ မောင်းထုတ်ပစ်လိုက်တာ တခွမ်းမဟုတ်လား'

သူ၏လေသံက အနည်းငယ်အေးစက် ခက်ထန်နေပေ၏။

လုထင်း ပင့်သက်ရှိုက်လိုက်၏။

ထို့နောက်....

သူက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်'

မြေဘီလူး နှာခေါင်းရှုံ့လိုက်၏။

'မင်း ဘယ်သူလဲ'

ခက်ထန်သောလေသံဖြင့် မေးလိုက်လေ၏။

လုထင်းက မြေဘီလူးအား စေ့စေ့ကြည့်ပြီး ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် ဘယ်သူသူဆိုတာ အရေးမကြီးဘူး၊ အရေးကြီးတာက မင်း ဒီက ထွက်သွားဖို့ပဲ'

လုထင်း၏စကားမှာ ပြတ်သားလှသည်။

သူ၏စကားကြားလျှင် မြေဘီလူးက....

'ဟား....ဟား....ဟား'

သဘောကျစွာ ရယ်မောလိုက်သည်။

လုထင်းက စူးရဲသော မျက်လုံးအစုံဖြင့် မြေဘီလူးအား စိုက်ကြည့်လိုက်လေသည်။

ထို့နောက်....

တည်ငြိမ်သောလေသံဖြင့် ပြောလိုက်လေသည်။

'ကောင်းစု သေသွားပါပြီ၊ ကောင်းစုနဲ့ ပတ်သက်တဲ့ကိစ္စတွေဟာ ဇနီးသားတွေနဲ့ မသက်ဆိုင်ပါဘူးဗျာ'

မြေဘီလူး၏မျက်နှာ ချက်ချင်းခက်ထန်သွား၏။

သူက မဲ့ပြုံးပြုံးကာ....

'ကျုပ်ကတော့ ကျူပင်ခုတ် ကျူငုတ်မကျန်ဆိုတဲ့စကားကို အလေးအနက် ထားတယ်'



'အင်း'

လုထင်း သက်ပြင်းတစ်ချက် ချလိုက်၏။

အတန်ကြာမှ....

သူက ဦးခေါင်းတစ်ချက် ညိတ်လိုက်၏။

'ကောင်းပြီလေ၊ ပြောမရရင်လဲ ခင်ဗျားရဲ့ သဘောပေါ့၊ ဒါပေမယ့် သူတို့ကိုနှောင့်ယှက်မယ်ဆိုရင် ကျုပ်ကိုအရင်ဆုံး သတ်ပစ်နိုင်မှ ဖြစ်မယ်ဆိုတာ သိထားပါ'

မြေဘီလူး သဘောကျသွားသည်။

သူက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး လုထင်းအား ကြည့်လိုက်လေသည်။

'စိတ်ချ၊ ကျုပ်က ခင်ဗျားကိုပါ သတ်ပစ်ဖို့ စိတ်ကူးထားပါတယ်'

စကားဆုံးလျှင် ယပ်တောင်ကို ဝှေ့ယမ်းလိုက်သည်။

ထိုအခါ....

သူ၏ ယပ်တောင်ကြားမှ အဆိပ် အပ်ကလေးများသည် လုထင်းထံသို့ တိတ်တဆိတ် ပစ်လွှင့်လာသည်။

လုထင်း ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျား ဘာမှမတတ်နိုင်ပါဘူး'

စကားဆုံးလျှင် အင်္ကျီလက်ကို ဝှေ့ယမ်းလိုက်သည်။

'ဟူး'

ပြင်းထန်သော လေလှိုင်းတစ်ခု ဖြစ်ပေါ်လာပြီး အဆိပ်အပ်များသည် မြေပေါ်သို့ ဖြုတ်ဖြုတ်ကျသွားလေတော့သည်။

'ဟင်'

မြဘီလူး ရင်ထိတ်သွားသည်။

သူက လုထင်းအား မယုံကြည်နိုင်စွာဖြင့် ကြည့်လိုက်သည်။

လုထင်းက ပြုံးနေ၏။

လုထင်းမှာ ခေသူမဟုတ်ကြောင်း မြဘီလူး သဘောပေါက်သွားလေသည်။

လုထင်း မည်သူဆိုသည်ကို သိလိုစိတ် ပြင်းပြလာသည်။

ထို့ကြောင့်....

'မင်း ဘယ်သူလဲ'

ဟူ၍ မေးလိုက်သည်။

လုထင်းက မြဘီလူးအား စူးရဲစွာဖြင့် တစ်ချက်ကြည့်လိုက်လေသည်။

ထို့နောက်....

အေးစက်သောလေသံဖြင့် ပြောလိုက်သည်။



'ကျုပ်က သူတို့ရဲ့ သက်တော်စောင့်ပါ'

ကျောင်းကျောင်းတို့အား ညွှန်ပြ၍ ပြောလိုက်သည်။

'ဟား....ဟား....ဟား'

မြဘီလူးက သဘောကျစွာ ရယ်မောလိုက်သည်။

သူက လုထင်းအား မမာမခန့်ကြည့်ကာ....

'မင်းက တကယ်ပဲ သူတို့သားအမိနှစ်ယောက် စောင့်ရှောက်နိုင်လို့လား'

လုထင်း ပြုံးလိုက်၏။

သူက မြဘီလူးအား အဓိပ္ပာယ်ပါပါ စိုက်ကြည့်ရင်း ခေါင်းညိတ်ပြလိုက်၏။

'သေချာပါတယ်'

မြဘီလူး မဲ့ပြုံးပြုံးမိ၏။

'ကောင်းပြီ'

စကားဆုံးလျှင် မြဘီလူးသည် လုထင်းကို တိုက်ခိုက်ရန် ဟန်ပြလိုက်ပြီး မြေပေါ် ခြေဆောင့်၍ အပေါ်သို့ ခုန်တက်လိုက်၏။

'ဟူး'

လေထဲ ကျွမ်းပစ်လိုက်ပြီး ကျောင်းကျောင်းတို့ အနီး၌ ခုန်ဆင်းလိုက်၏။

တစ်ဆတ်တည်းပင်....

ကောင်းဖုံ အား ဖမ်းဆွဲလိုက်၏။

'အမယ်လေး'

ကောင်းဖုံ အထိတ်တလန့် အော်ဟစ်လိုက်၏။

ထို့နောက်....

အပျော့ကလေး နောက်ဆုတ် ရှောင်တိမ်းလိုက်သည်။

သို့သော်....

မလွတ်မြောက်နိုင်တော့ဘဲ မြေဘီလူး၏ လက်ထဲသို့ ကျရောက်သွား၏။

'ဟင်'

'အို'

ကျင်းကျင်း အထိတ်တလန့် ဖြစ်သွား၏။

လုထင်းလည်း တအံ့တဩ ဖြစ်သွားသည်။

ကျင်းကျင်းသည် တိတ်လန့်နေရာမှ ချက်ချင်းပင်....

'လွှတ်လိုက်စမ်း'

အော်ငေါက်၍ လက်ထဲ ကိုင်ထားသော မိုးကြိုး ဓားဖြင့် ပြေးခုတ်သည်။

သို့သော်

'သွားစမ်း'



မြေဘီလူးက မိုးကြိုး ဓားကို လုယူထားလိုက်ပြီး သူ့အား ဆန့်ကျောက်လိုက်၏။

ထိုအခါ

'ဝုန်း'

'အမယ်လေး'

ကျင်းကျင်းမှာ အထိတ်တလန့် အော်ဟစ်လိုက်ပြီး အဝေးသို့ လွင့်စင်သွား၏။

'ဟာ'

လုထင်း လွှတ်ခနဲ ရေရွတ်လိုက်၏။

သူ၏ မျက်လုံးများ ပြာဝေသွားသည်။

မြေဘီလူး၏ လက်ချက်ဖြင့် ကျင်းကျင်းတို့ သားအမိ ဒုက္ခ ရောက်နေပြီ မဟုတ်ပါလား။

လုထင်းက မြေဘီလူးကို စူးရဲစွာဖြင့် စိုက်ကြည့်မိလေသည်။

'မင်းကို ကျုပ် ခွင့်မလွှတ်ဘူး'

သူ၏ စကားသံက အေးစက်စက် ဖြစ်နေသည်။

မြေဘီလူးရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

သို့သော်....

ချက်ချင်းပင် ရယ်မောလိုက်၍ လုထင်းကို ကြည့်လိုက်ပြီးလျှင်....

'မင်းက ဘာမျှ တတ်နိုင်မှာမို့လဲ'

စကားဆုံးလျှင် ဓားဖြင့် ကောင်းဖုံ ကို ခုတ်ချရန်ပြင်လိုက်သည်။

ထိုစဉ်....

'လူယုတ်မာ'

လုထင်းက အောင်ဝေါက်၍ မြေဘီလူးထံသို့ ခုန်ဝင်သွားလေတော့သည်။

* * *



'ဟား ဟား ဟား'

မြေဘီလူးက သဘောကျစွာ ရယ်လိုက်၏။

ကောင်းဖုံ သည် သူ၏လက်ထဲ ရောက်လာပြီဖြစ်သလို မိုးကြိုးဓားကိုလည်း ရလိုက်ပြီ ဖြစ်၏။

ကောင်းစု၏ လက်စွဲတော် မိုးကြိုးဓားဖြင့် ကောင်းစု၏ သားကို ရှင်းပစ်နိုင်တော့မည် မဟုတ်ပါလား။

'ကောင်းစုရေ....မင်း တမလွန်ကနေ နေဝင်တ ရနေပေဦးတော့'

စကားဆုံးလျှင် ကောင်းဖုံကို ဓားဖြင့် ခုတ်ချရန် ဟန်ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်....

'ယား'

လုထင်းက ခုန်အုပ် တိုက်ခိုက်လာ၏။

မြေဘီလူး ဒေါပွသွား၏။

'မင်းသေချင်ပြီ ထင်တယ်'

အောင်ဝေါက်၍ ဓားဖြင့် လုထင်းကို လှမ်းထိုးလိုက်လေသည်။

'ဟူး'

လုထင်းက လေထဲမှာပင် ခန္ဓာကိုယ် တွန့်လိမ်၍ ပွတ်ကာ သီကာ ရှောင်တိမ်းလိုက်၏။

ထို့နောက်....

ဓားကိုင်ထားသော မြဘီလူး၏ လက်ကို ခြေဖျားနှင့် လှမ်းခတ်လိုက်၏။

'ဟင်'

မြဘီလူး ထိတ်လန့်သွားသည်။

သူက ဓားကိုင်လက်ကို ကပျာကယာ ရုပ်သိမ်းရန်ဟန်ပြင်လိုက်၏။

သို့သော်

လုထင်း၏ ခြေဖျားက သူ၏ ဓားကိုင်လက်အား ခတ်မိသွားသည်။

'ဖြောင်း'

'ချွမ်း'

မြဘီလူး၏ ဓားကိုင်လက် တစ်ခုလုံး ထုံကျဉ်သွားပြီး ဓားမှာ မြေပေါ် ပြုတ်ကျသွားသည်။

တစ်ဆက်တည်းမှာပင်....

လုထင်းက မြဘီလူး၏ မျက်နှာအား လက်သီးဖြင့် ထိုးချလာ၏။

'ဟား'

မြဘီလူး အထိတ်တလန့် ဖြစ်သွားရပြန်၏။



သူက လုထင်းအား မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်၏။

ထို့နောက်....

ချာခနဲလှည့်၍ ထွက်ပြေးရန် ဟန်ပြင်လိုက်၏။

သို့သော်

နောက်ကျသွားပြီ ဖြစ်၏။

'ဝုန်း....'

'ဖြောင်း'

ကျယ်လောင်သော အသံများ ထွက်ပေါ်လာ၏။

'အား'

မြဘီလူး အထိတ်တလန့် အော်လိုက်သည်။

ကောင်းဖု အား လွှတ်၍ ခန္ဓာကိုယ် ယိမ်းယိုင်စွာဖြင့် နောက်ဆုတ်သွား၏။

ထို့နောက်

'ဝုန်း'

မြေပေါ် လဲကျသွားလေသည်။

* * *

'တောင်းဖုံ'

လုထင်းက ကောင်းဖုံကို ဖေးမလိုက်သည်။

ထိုစဉ်....

ကျောင်းကျောင်းမှာဆည်း လူးလိမ့်ထလာသည်ကို တွေ့မြင်လိုက်ရလေသည်။

လုထင်းဝမ်းသာ သွား၏။

'ညီမ....ဘာမှမဖြစ်ဘူးနော်'

သူက စိုးရိမ်တကြီး မေးလိုက်၏။

ကျောင်းကျောင်းက ခေါင်းခါယမ်းလိုက်၏။

'ဘာမှ မဖြစ်ပါဘူးရှင်'

မြေဘိလူးမှာ တုပ်တုပ်မျှ မလှုပ်တော့ပါ။

မြေဘိလူး သေဆုံးသွားပြီ မဟုတ်ပါလား'

အမှန်စင်စစ်....

လုထင်းက လက်သီးဖြင့်ထိုးလိုက်ရာ ထွက်ပြေးဖို့ကြိုးစား လိုက်သဖြင့် နားထင်ထိုးချမိပြီး ဇီဝိန်ချွေသွားရခြင်း ဖြစ်ခဲ့လေသည်။

ထိုစဉ်....

ဆူဆူညံညံ အသံများနှင့်အတူ ရွာသူ ရွာသားများ လုထင်းအား အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြလေသည်။



လုထင်းကြ ရွာသူရွာသားတက်လှည့်ဟာ....

'လူသတ်ကောင်က ကျုပ်ဆုံးမလိုက်ပြီ၊ ကဲ....အလောင်းတွေကို သယ်သွားကြပေတော့'

သူက ခပ်တည်တည်ဖြင့် အော်ပြောလိုက်သည်။

ရွာသူရွာသားများ တစ်ယောက်ကြည့်လိုက်ကြလေ၏။

ရွာသားတစ်ယောက်က....

'အာလိတ္တိုဆိုးအဖကို ဟိုဇတ်စုံပြာနဲ့လူ သတ်ပစ်လိုက်တာ'

လဲကျနေသော မြေဘိလူးအားညွှန်ပြ၍ ကျယ်လောင်စွာ ပြောလာသည်။

ကျန်ရွာသားများ လှုပ်လှုပ်ရွားရွား ဖြစ်လာကြလေ၏။

လုထင်းက ရွာသားများအား တစ်ချက် ဝေ့ကြည့်လိုက်လေသည်။

ထို့နောက်...

အလေးတကြီး လေသံဖြင့် ပြောလိုက်သည်။

'ကဲ... မြန်မြန်သွားကြပါ၊ နေဝင်နေခင် ဒီဘက်ကိုမလာကြနဲ့ အန္တရာယ်များတယ်'

ရွာသားများမှာ လုထင်း၏စကားကြောင့် ကြောက်သွားပုံရလေသည်။

'ဟုတ်တယ်'

'ဟုတ်တယ်'

'ဒီနေရာဟာ အန္တရာယ်နဲ့ မကင်းဘူး'

'အလောင်းတွေ မြန်မြန်သယ်ထားကြဟေ့'

တစ်ယောက်တစ်ပေါက် ပြောဆိုလိုက်ကြသည်။

ထို့နောက်....

အဆောင်းများကိုသယ်ကာ ချက်ချင်းပင် ထွက်ခွာသွားကြလေတော့သည်။

* * *



ရွာသားများ ထွက်သွားကြပြီဖြစ်သည်။

အခြေအနေမှာ ပြန်လည်အေးချမ်းသွားပြီဖြစ်လေတော့သည်။

'အင်း'

ကျင်းကျင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက်....

လုထင်းအား ကြည့်ကာ....

'ရှင်သာမကယ်ရင် ကျွန်ုပ်တို့သားအမိ ဒုက္ခရောက်ရမှာ အမှန်ပဲ'

လုထင်း သက်ပြင်းတစ်ချက် မသိမသာချလိုက်မိလေတော့သည်။

မချိပြုံးပြုံးလိုက်၏။

'ကျုပ်က အမြဲတမ်း အကာကွယ်စောင့်ရှောက်သွားနိုင်ပါစေလို့ ဆုတောင်းပါတယ်'

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားကာ ကျင်းကျင်းအား ကြည့်လိုက်သည်။

'ဒါပေမဲ့ ဘာဖြစ်သလဲရှင်'

ကျင်းကျင်းက မေးလာသည်။

လုထင်း သက်ပြင်းတစ်ချက်ချလိုက်၏။

သူသည် ကျင်းကျင်းအားကြည့်လိုက်ပြီး....

'ညီမတို့ဒီနေရာမှာ ဆက်မနေတဲ့ထွက်သွားတာအကောင်းဆုံးဖြစ်ပါလိမ့်မယ်'

ကျင်းကျင်းမျက်မှောင်ကြုတ်လိုက်ပြန်သည်။

ထို့နောက်....

သူက နားမလည်နိုင်သော ပုံစံမျိုးဖြင့် လုထင်းအား မေးမြန်းလိုက်လေသည်။

'ဘာဖြစ်လို့ ဒီမှာဆက်မနေရတာလဲရှင်'

လုထင်းက ကျင်းကျင်းအား တစ်ချက်ကြည့်လိုက်ပြီး....

စုကောင်းစုအပေါ် မကျေနပ်လို့လူမှန်သမျှ ညီမတို့ကိုလာပြီး ဒုက္ခပေးမှာ စိုးလို့ပါ၊ အခုဆိုရင် ဒီနေရာကို သိုင်းလောကတစ်ခုလုံး သိနေကြပြီထင်တယ်'

ဟူ၍ ရှင်းပြလေသည်။

ကျင်းကျင်း ငိုင်တွေသွား၏။

သို့သော်....

ချက်ချင်း ခေါင်းခါယမ်းလိုက်၏။

ဝမ်းနည်းပါတယ်ရှင် ကျွန်မ ဒီနေရာကနေပြီး ဘယ်လိုမှ ထွက်သွားနိုင်မှာ မဟုတ်ပါဘူး'

'ဟင်'

မမျှော်လင့်သော စကားကြားလိုက်ရသောကြောင့် လုထင်း အံ့ဩသွားလေသည်။

သူက ကျင်းကျင်းအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး....

'ဘာဖြစ်လို့ ညီမ'

ဟူ၍ မေးမြန်းလိုက်လေသည်။

ကျင်းကျင်းက သက်ပြင်းချလိုက်၏။

သူမ၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်နေသည်။



'ဒီနေရာဟာ ကျွန်မတို့မိသားစုရဲ့ ဘူမိနက်သန်နယ်မြေဖြစ်နေလို့ပါရှင်'

လုထင်း စိတ်ပျက်သွား၏။

သူက ပင့်သက်တစ်ချက်ရှိုက်လိုက်၏။

'ဒီနေရာမှာဆက်နေရင် အန္တရာယ်ကြုံရမှာပဲရှိတယ်၊ ဘာမှအကျိုးမှာ မဟုတ်ပါဘူး'

ကျင်းကျင်း ခေါင်းညိတ်ပြီးဆိုသည်။

'ကျွန်မ သဘောပေါက်ပါတယ်ရှင်'

'ဒါဖြင့်'

ကျင်းကျင်း မဲ့ပြုံးပြုံးလိုက်သည်။

'ကျွန်မက ဒီနေရာကနေ ဘယ်မှမသွားဘူးလို့ ဆုံးဖြတ်ထားပါတယ်၊ တကယ်လို့ ရှင်ဒီနေရာက ထွက်သွားချင်ဆိုရင်တော့ ကျွန်မ မတားပါဘူး သွားနိုင်ပါတယ်ရှင်'

'ဟင်'

မမျှော်လင့်သောစကားကြားလိုက်ရသောကြောင့် လုထင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ခန္ဓာကိုယ်မှာလဲ ဆတ်ခနဲတုန်ခါသွား၏။

ချက်ချင်းပင် ချာခနဲလှည့်ထွက်သွား၏။

သူက ကျင်းကျင်းတို့အား စွန့်ခွာထွက်သွားခြင်းမဟုတ်ပါ၊ ကြက်ခြံသို့ ဆင်းသွားခြင်းဖြစ်ပါသည်။

* * *

မအောင်ပွဲ

---

ရှောင်လင်ကျောင်း—

ရှောင်လင်ကျောင်းသို့ လူငယ်မံားသမား တစ်ယော…
လာရောက်စိန်ခေါ်သည်။

ရှောင်လင်ကျောင်းမှ နဂါးနိုင်ဓားသိုင်းနှင့် သူ၏ …
သိုင်း မည်သူကသာသည်ကို ယှဉ်ပြိုင်ရန် ဖြစ်သည်။

အစပထမတွင် ရှောင်လင်ကျောင်းထိုင်က ငြင်းဆန်ခဲ့…
သည်။

သို့သော်....



လူငယ်က အကြိမ်ကြိမ် စိမ်ခေါ်နေခြင်းကြောင့် မလွဲမရှောင်သာပဲ ရှောင်လင်ကျောင်းမှ ထိပ်တန်း သိုင်းသမား တစ်ဦးက လက်ခံယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲအဆုံးသတ်သောအခါ စိန်ခေါ်သူလူငယ်က အနိုင်ရရှိသွားခဲ့တော့သည်။

*   *   *

ငွေတန်းဂိုဏ်း....

ငွေတန်းဂိုဏ်းတွင် ငါးလပိုင်၊ ငါးရက်နေ့၌ ပြုလုပ်ခဲ့သော ဓားသိုင်းပြိုင်ပွဲမှာ ပရိသတ်အလွန်စည်ကား ခဲ့လေသည်။

ငွေတန်းဂိုဏ်းချုပ်နှင့် လာရောက်စိန်ခေါ်သူ လူငယ်တစ်ယောက်တို့ ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

စိန်ခေါ်သူ လူငယ်သည် ဓားကွက်သုံးဆယ်ခန့် အတွင်း ငွေတန်းဂိုဏ်းချုပ်ကို အနိုင်ယူလိုက်ခြင်းဖြင့် ပြိုင်ပွဲကို ပြီးဆုံးသွား စေခဲ့လေသည်။

* * *



ဗေဒါဂိုဏ်း....

ဗေဒါဂိုဏ်းသည် သိုင်းလောကတွင် ကျော်ကြားနေသော ထိပ်တန်းဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။

ဗေဒါဂိုဏ်းတွင် လူအင်အား သုံးထောင်ကျော်ခန့် ရှိသည်။

ထိပ်သီးသိုင်းသမားကြီးများ အယောက်တစ်ရာကျော်ခန့် ရှိပြီး ထင်ရှားကျော်ကြားသောဓားသမားများ အယောက်နှစ်ရာကျော် ခန့်ရှိ၏။

ကျန်လူများမှာ ဂိုဏ်းသားများဖြစ်သည်။

ဂိုဏ်းသားများဆိုသော်လည်း အထင်သေး၍ မရပါချေ။

တော်ရုံ သိုင်းသမားလောက်ကိုမူ စားမဖွဲ့ချေ၊

သိုင်းလောကတွင် ဗေဒါဂိုဏ်းမှာ အင်အား အကြီးဆုံးဂိုဏ်းပင်ဖြစ်သည်၊

ဗေဒါဂိုဏ်းချုပ်၏ သိုင်းပညာမှာ ပြိုင်စံရှားလှသည်၊

ထို့အပြင်....

ဗေဒါဂိုဏ်း၏ ဂိုဏ်းခွဲမှူး ဆယ့်နှစ်ယောက်၏ သိုင်းပညာသည် အခြားသော ထိပ်တန်းဂိုဏ်းချုပ်များ၏ သိုင်းပညာနှင့်တန်းတူရည်တူရှိနေ၏။

ထို့ကြောင့်....

ဗေဒါဂိုဏ်းအား ထိပ်သီးဂိုဏ်းများပင် ရန်မစဝံ့ချေ၊

ပြဿနာတစ်ခုဖြေရှင်းရာတွင် ဗေဒါဂိုဏ်းချုပ် ကိုယ်တိုင်ဝင်ပါနေစရာမလိုချေ။

အကြောင်းမှာ....

ပြဿနာတစ်ခုတစ်ရာရှိလျှင် ဂိုဏ်းခွဲမှူး ဆယ့်နှစ်ယောက်စာ တာဝန်ယူ ဖြေရှင်းပေးနိုင်ခြင်းကြောင့်ပင်။

ထို့ကြောင့်....

ဗေဒါဂိုဏ်းချုပ်သည် ဂိုဏ်းခွဲမှူးဆယ့်နှစ်ယောက်အား အလွန်အားထားယုံကြည်သည်။

သို့သော်....

ခြောက်လပိုင်း ခြောက်ရက်ခန့်၌ ပြဿနာ ဖြစ်ပေါ်လာသည်ကို ဂိုဏ်းခွဲမှူးဆယ့်နှစ်ယောက်က မဖြေရှင်းနိုင်ခဲ့ပေ။

ထိုပြဿနာကား....

* * *



ခြောက်လပိုင်း ခြောက်ရက်နေ့....

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

နေရောင်ခြည်အောက်တွင် ဗေဒါဂိုဏ်း၏ ဌာနချုပ်မှာ မှိန်းနေသည့်ဝါစွာဖြင့် တည်ရှိနေသည်။

မှန်းမတည့်မီ အချိန်တွင် ဗေဒါဂိုဏ်းသို့ ဧည့်သည် တစ်ယောက်ရောက်ရှိလာသည်။

ထိုဧည့်သည်ကား....

နာမည်ကြီး ထိပ်တန်းသိုင်းသမားများကို လိုက်လံစိန်ခေါ် ယှဉ်ပြိုင်နေသည့် လူငယ်ပင်ဖြစ်လေသည်။

* * *

'ခွပ်ခွပ်...ခွပ်ခွပ်'

မြင်းခွာသံကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ဒုံးစိမ်းရောင် ဖျင်ကြမ်းအင်္ကျီ ဝတ်ဆင်ထားသောလူငယ် တစ်ယောက်သည် မြင်းကိုဒုန်းစိုင်းနှင်လာသည်။

လူငယ်သည် ခမ်းနားထည်ဝါသော အဆောက်အအုံ ကြီးတစ်ခုရှေ့တွင် မြင်းကိုရပ်လိုက်သည်။

ထို့နောက်....

မြင်းပေါ်မှ ခုန်ဆင်းကာ ခြံဝင်းတံခါးတွင် ချိတ်ဆွဲထား သည့် ရွှေရောင်ဆိုင်းဘုတ်ကြီးအားကြည့်လိုက်သည်။

ဆိုင်းဘုတ်ပေါ်တွင် ရွှေရောင်စာလုံးဖြင့်....

'ဗေဒ ဂိုဏ်း'

ဟူ၍ရေးသားထားသည်ကို တွေ့ရသည်။

လူငယ်က ကျေနပ်စွာပြုံးလိုက်သည်။

ထို့နောက်....

ခြံဝင်းတံခါးဆီသို့ လျှောက်သွားလေ၏။

ခြံဝင်းတံခါးစောင့်နှစ်ယောက်မှာ လူငယ်ကို မြင်လျှင်

'ရပ်လိုက်'

ဟန့်တားလာကြလေ၏။



လူငယ်က ခြေလှမ်းရပ်တန့်လိုက်၏။

အစောင့် နှစ်ယောက်က လူငယ်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ရင်း....

'မင်းဘယ်သူလဲ၊ ဘာကိစ္စနဲ့ ရောက်လာတာလဲ'

လူငယ် ပြုံးလိုက်သည်။

သူက အစောင့်နှစ်ယောက်အား ဦးညွတ်လိုက်ပြီး....

'ကျုပ်က ချူးစန်းပါ၊ ကိစ္စကတော့ ဗေဒဂိုဏ်းချုပ်နဲ့ တွေ့ချင်လို့ပါ'

သူ၏စကားကြောင့် အစောင့်နှစ်ယောက် ပြုံးလိုက်မိကြ သည်။

သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက် ကြပြီး....

အစောင့်တစ်ယောက်က ခက်ထန်သောလေသံဖြင့် ပြော လာ၏။

'ဟေ့ ....မင်းက ဂိုဏ်းချုပ်ကို တွေ့ချင်တိုင်း တွေ့ရလိမ့် မယ်လို့ ထင်တာလား'

လူငယ်က ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

အစောင့်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး....

'မင်းလို ကျေးတောသားမှုပ် ပေါက်နေတဲ့လူကို ကျုပ်တို့ ဂိုဏ်းချုပ်ကြီးက တွေ့မှာမဟုတ်ဘူး'

လူရှယ် ပခုံးတွန့်လိုက်၏။

'ကျုပ်မှာ အရေးကြီးတဲ့ ကိစ္စရှိလို့ ဗေဒါဂိုဏ်းချုပ်နဲ့ တွေ့ရမှဖြစ်မယ်'

အစောင့်ကမဲ့ပြုံး ပြုံးလိုက်ပြီး....

'ဘာကိစ္စလဲ'

လူရှယ်က ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် ပြောလို့မဖြစ်ဘူး'

အစောင့်၏မျက်နှာ ချက်ချင်းခက်ထန်သွား၏။

သူက လူရှယ်အား စူးရဲစွာဖြင့်ကြည့်ကာ....

'မင်းက ပြောလို့မဖြစ်ရင် ကျုပ်တို့ဟာ အရမ်းကာရော ဝင်ခွင့်မပေးနိုင်ဘူး'

'ကျုပ်က'

လူရှယ် ငြင်းဆန်ရန် ဟန်ပြင်ပြီးမှ ဦးခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။

'ကောင်းပြီ၊ ကျုပ်ပြောပြမယ်'

'ပြော'

လူရှယ်က အေးစက်သောလေသံဖြင့်....

'ကျုပ်က ဗေဒါဂိုဏ်းချုပ်နဲ့ ဓားပညာယှဉ်ပြိုင်ဖို့ လာခဲ့တာပါ'



သူ၏စကားကြားလျှင် အစောင့်နှစ်ယောက်က....

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

ရယ်စရာ ပြက်လုံးတစ်ခု ကြားလိုက်ရသလို ဝါးလုံးကွဲ ရယ်မောလိုက်ကြလေ၏။

လူရှယ် မကျေမနပ် ဖြစ်သွား၏။

'ခင်ဗျားတို့ ဘာရယ်တာလဲ'

အစောင့်တစ်ယောက်က လူရှယ်အားကြည့်ရင်းပြောလိုက်လေ၏။

'မင်းက ရယ်စရာ ပြောနေတာကိုးကွ'

'ကျုပ်က ရယ်စရာပြောနေတာ မဟုတ်ဘူး'

အစောင့်မှာ နှာခေါင်းရှုံ့လိုက်သည်။

'ဟွန်း....မင်းလို ပါးမွှားလေးတစ်ယောက်က ဂိုဏ်းချုပ်ကြီးကို ယှဉ်ပြိုင်ဖို့လာတယ်ဆိုတာ အတော်လေးကို ရယ်စရာကောင်းနေတာပေါ့ကွ'

လူရှယ်၏မျက်နှာ တည်ကြည်လေးနက်သွားလေ၏။

သူက အစောင့်အား စူးစိုက်ကြည့်ကာ အေးစက်သည့် လေသံဖြင့် ပြောလိုက်သည်။

'ကျုပ် ရယ်စရာပြောနေတာ မဟုတ်ဘူး၊ ခင်ဗျားတို့ရဲ့ ဂိုဏ်းချုပ်ကြီးကိုယှဉ်ပြိုင်ဖို့ ကျုပ်လာခဲ့တာဗျ'

ထိုစဉ်....

'ဘယ်သူလဲကွ၊ ဂိုဏ်းချုပ်ကြီး ကို ယှဉ်ပြိုင်ဖို့ လာခဲ့တယ် ဆိုတာ'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်၊

အနီးရှိ လူရိပ်တစ်ခုသည် သူတို့အနီးသို့ ရိပ်ခနဲရောက်ရှိလာသည်၊

လူရှယ် အကဲခတ်ကြည့်လိုက်၏၊

အနီရောင်ဝတ်ဆင်ထားပြီး အသက်ငါးဆယ်ခန့် ရှိသော လူကြီးတစ်ယောက် ဖြစ်၏၊

အစောင့်နှစ်ယောက်က ထိုလူကြီးအားမြင်လျှင် ဦးညွှတ်လိုက်ကြပြီး....

'အမှတ်တစ်ဆယ် ဂိုဏ်းခွဲမှူး ဆရာလွှခင်ဗျာ၊ ဒီလူရှယ်ဟာ ဂိုဏ်းချုပ်ကြီးကိုယှဉ်ပြိုင်ဖို့ရောက်လာခြင်း ဖြစ်ပါတယ်'

အနီရောင် ဝတ်ဆင်ထားသူသည် ဇေဒ ဂိုဏ်း၏ အမှတ်တစ်ဆယ် ဂိုဏ်းခွဲမှူး သွေးနီခေါ် ချင်းလွှပင် ဖြစ်လေသည်၊

ချင်းလွှက သူ့အား အကဲခတ်ကြည့်ကာ....

'မင်းက ဂိုဏ်းချုပ်ကြီးကိုယှဉ်ပြိုင်ဖို့ လာခဲ့တာဟုတ်လား'

လူရှယ် ခေါင်းညိတ်လိုက်၏၊

'ဟုတ်ပါတယ်ဗျာ'

ချင်းလွှက သဘောကျစွာ ရယ်မောလိုက်ပြီး....

'ဟော....သူငယ် ဂိုဏ်းချုပ်ကြီးက မင်းနဲ့ယှဉ်ပြိုင်ဖို့ လက်ခံမှာမဟုတ်ဘူး'

လူရှယ် မျက်မှောင်ကြုတ်လိုက်သည်၊



'ဘာဖြစ်လို့လဲဗျာ'

ချင်းလွှက လူရှယ်အား အထင်သေးစွာဖြင့်ကြည့်ကာ....

'မင်းလို ပါမွှားလေးတစ်ယောက်အတွက် အချိန်မဖြုန်းနိုင်လို့ပါ'

လူရှယ် ဒေါပွသွားသည်၊

ချင်းလွှက စကားဆက်လိုက်၏၊

'မင်းက ယှဉ်ချင်စိတ် ရှိတယ်ဆိုရင် ကျုပ်ကမင်းအတွက် အချိန်ဖြုန်းပေးပါမယ်'

လူရှယ် ဒေါသခြောင်းခြောင်း ထွက်သွားသည်၊

'ကောင်းပြီ ခင်ဗျားအတွက်နဲ့ ကျုပ်လဲ အချိန်မဖြုန်းနိုင်ဘူး'

စကားဆုံးလျှင်....

လူရှယ်က စတင်တိုက်ခိုက်လိုက်လေ၏၊

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာလေ၏၊

သို့သော်....

ချက်ချင်း ပြန်လည်ပျောက်ကွယ်သွား၏၊

ချင်းလွှ မျက်စိမျက်နှာ ပျက်သွား၏၊

သူက လူရှယ်က မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ပြူးကြည့်လိုက်သည်၊

လူရှယ် ပြုံးလိုက်သည်၊

'ခင်ဗျား ဘာမှမတတ်နိုင်ပါဘူး'

ချင်းလွှ တုပ်တုပ်မျှပင် မလှုပ်ရဲချေ၊

သူလှုပ်ရှားလိုက်သည်နှင့် သေဆုံးသွားရမည် ဖြစ်ပေ၏၊

အကြောင်းမှာ....

လူရွယ်၏ခေါင်းသည် သူ့ လည်မျိုအား ထောက်ထားခြင်း ကြောင့်ပင်။

ချင်းလေ့ သက်ပြင်းတစ်ချက် မသိမသာ ချလိုက်သည်။

လူရွယ် ပြုံးလိုက်သည်။

'ကျုပ်က ဘယ်သူ့ကိုမှ မမှုဘူးဆိုတာ မှတ်ထားလိုက်ပါ'

စကားဆုံးလျှင်....

ခေါင်းကိုင်လက်အား ရုပ်သိမ်းလိုက်၏။

ထို့နောက်

မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ ခြံစည်းအတွင်းသို့ လှမ်းဝင်သွား လေတော့၏။

ချင်းလေ့မှာ လူရွယ်အား မဟန့်တားမိပါချေ။

လူရွယ်၏ နောက်ကျောအား ကြည့်ကာ ကျောက်ရုပ် တစ်ရုပ်ကဲ့သို့ ငြိမ်သက်စွာ ရှိနေပါတော့သည်။

* * *



လှိုင်ယမ်မှစ ထိပ်တန်းသိုင်းအကျော်အမော်များကို လိုက်လံ စိန်ခေါ် ယှဉ်ပြိုင်နေသည့် ချူစန်းပင်ဖြစ်ပေသည်။

ချူစန်းသည် မည်သူ့ကိုမျှ အမှုမထားဘဲ ခြံဝင်းအတွင်းသို့ ဝင်ရောက်လာ၏။

သူသည် ကျောက်ဖြူပြားများခင်းထားသော လမ်းကလေး အတိုင်း လျှောက်လှမ်းလာ၏။

တစ်နေရာသို့အရောက်တွင်....

'ရပ်လိုက်'

ဟန့်တားသံနှင့်အတူ မီးခိုးရောင်ဝတ်ဆင်ထားသည့်အဘိုး အို တစ်ယောက် သူ့ထံဦးတည်လျှောက်လာသည်ကိုတွေ့လိုက် ရသည်။

ထိုမီးခိုးရောင်ဝတ်ဆင်ထားသည့် အဘိုးအိုမှာ....

ပေဒါဂိုဏ်းခွဲမှူး ဆယ့်နှစ်ယောက်တွင် သိုင်းပညာအမြင့် မားဆုံးဖြစ်သည့် လေးပွေခေး စုကျောင်းပင်ဖြစ်သည်။

စုကျောင်းက ချူစန်းအား အကဲခတ်ကြည့်လိုက်ပြီး....

'မင်းက ဂိုဏ်းချုပ်ကြီးနဲ့ ယှဉ်ပြိုင်ဖို့ လာခဲ့တာလား'

ချူစန်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ခင်ဗျာ'

စုကျောင်းက ခေါင်းတဆတ်ဆတ် ညိတ်၏။

'မင်းရဲ့ သိုင်းပညာဟာ အဆင့်မြင့်တယ် ဆိုတာ ကျုပ် အကဲခတ်မိပါတယ်'

ချူးစန် ပြုံးလိုက်၏။

'ကျေးဇူးပါပဲ'

ထို့နောက်....

စုကျောင်းက ခေါင်းတစ်ချက် ဟန့်လိုက်ပြီး....

'ဂိုဏ်းချုပ်ကြီးနဲ့ မတွေ့ခင် ကျုပ်နဲ့ အရင် ယှဉ်ပြိုင်ကြတာပေါ့'

'ကျုပ်....'

ချူးစန်က ငြင်းဆန်ရန် ပြင်လိုက်၏။

စုကျောင်းက လက်ကာပြပြီး....

'ဒီကိုလာတဲ့ ဧည့်သည်မှန်သမျှ ကျုပ်ကို ကျော်ဖြတ်နိုင်မှ ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ဆုံခွင့်ရတာဟာ စည်းကမ်း တစ်ခုလို ဖြစ်နေပါပြီ....

'ဒါကြောင့် ကျုပ်က တာဝန်အရ မင်းနဲ့ သိုင်းပညာကို လေ့လာမလို့ပါ'

ချူးစန် ခေါင်းညိတ်လိုက်၏။

'ကျုပ်က ခင်ဗျားကို ကျော်ဖြတ်နိုင်ရင် ဧဗဒါဂိုဏ်းချုပ်နဲ့ တွေ့ဆုံခွင့်ပြုရမှာ သေချာတယ်နော်'



စုကျောင်းက ပြုံးလိုက်၏။
သူ၏အပြုံးမှာ သရော်ပြုံးဖြစ်၏။
သူက ခေါင်းဆတ်ခနဲ ညိတ်၍....

'သေချာပါတယ်'

ချူးစန် ကျေနပ်သွား၏။

'ကောင်းပြီ၊ ကျုပ်က ခင်ဗျားကို အနိုင်ယူပြမယ်'

စုကျောင်း ပခုံးတွန့်လိုက်သည်။

ချူးစန်သည် ကြွားလုံးကြီးသော လူငယ် တစ်ယောက်ဟု မှတ်ထင်လိုက်၏။

သူ၏ စိတ်ထဲ၌....

'ဒီလောက် လေလုံးထွားတဲ့ လူငယ်ကို မှတ်လောက်သားလောက်အောင် ဆုံးမပစ်မယ်'

ဟူ၍ ကြုံးဝါးထားသည်။

သူက ချူးစန်အား ကြည့်၍....

'ကဲ....မင်းပဲ စတိုက်ပေတော့'

သူက ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ....သတိထား'

စကားဆုံးလျှင် ဓားကိုင်လက်ကို ဝှေ့ယမ်း၍ စုကျောင်းအား တိုက်ခိုက်လိုက်၏။

'ချွမ်း'

စုကျောင်းက ခါးမှ ဓားကို ဆွဲထုတ်၍ ချူးစန်အား ပြန်လည် တိုက်ခိုက်လိုက်၏။

ကျောက်ပြူပြား ခင်းထားသော လမ်းတွင် ပြင်းထန်သော တိုက်ပွဲတစ်ခု ပေါ်ပေါက်လာလေသည်။

* * *



'ယား'

စုကျောင်းက ညာခြသံပေးရင်း ဓားရှည်ဖြင့် ခုတ်ချလိုက်သည်။

ချူးစန်က နောက်သို့ တစ်ချက် ဆုတ်၍ ဓားကိုင်လက်ကို ဝှေ့ယမ်းလိုက်၏။

'ဟူး....'

ပြင်းထန်သော လေလှိုင်းတစ်ခုက စုကျောင်းထံ တိုးဝင်သွား၏။

'ဟင်'

စုကျောင်း မျက်နှာပျက်သွား၏။

ကပျာကယာ ကျွမ်းပစ်၍ ရှောင်တိမ်းလိုက်၏။

တိုက်ခိုက်ရင်းမှပင် ချူးစန်၏ဓားပညာသည် ကြောက်မက်ဖွယ် ကောင်းအောင် ထက်မြက်နေကြောင်း စုကျောင်း နားလည်လာ၏။

ထို့ကြောင့်....

သူက ချူးစန်အား အထင်မသေးရဲတော့ဘဲ သူ၏ထင်ရှား ကျော်ကြားသော သိုင်းကွက်များဖြင့် ပြင်းထန်စွာ ပြန်လည် တိုက်ခိုက်လိုက်၏။

သူ၏ သိုင်းပညာသည် ထိပ်တန်းအဆင့်တွင် ရှိသည်။

ယခု....

သူ့က ခံပြင်းစွာဖြင့် တိုက်ခိုက်လာသောအခါ သူ၏ သိုင်းပညာမှာ ကြောက်မက်ဖွယ်ရာ ကောင်းအောင် ပြင်းထန်နေတော့သည်။

စုကျောင်း၏ ဓားရိပ်များသည် ချူးစန်၏ တစ်ကိုယ်လုံးကို ဖုံးလွှမ်းထား၏။

မကြာမီ....

စုကျောင်း၏ ဓားချက်ကြောင့် ချူးစန် တစ်ယောက် ရှုံးနိမ့်ရတော့မည်ဟု ထင်ရသည်။

ချူးစန် မဲ့ပြုံး ပြုံးလိုက်၏။

သူ၏ ခေါင်းတွင်တွင် ခါယမ်း၍....

'ခင်ဗျား ဘာမှ မတတ်နိုင်ပါဘူး'

စကားဆုံးလျှင် သိုင်းကွက် တစ်ခုကို ရုတ်ခြည်း ပြောင်းလဲပစ်လိုက်၏။

သူက ဓားကို ဝှေ့ယမ်း တိုက်ခိုက်နေရာမှ ဆတ်ခနဲဖြင့် ထိုးချလိုက်ခြင်း ဖြစ်၏။

'ဟာ'

စုကျောင်း မျက်လုံးပြူးသွား၏။

သူ၏ ဓားရိပ်များ ကြားထဲမှ ချူးစန်၏ ဓားသည် သူ၏ ရင်ဝသို့ ဦးတည်လာနေသည် မဟုတ်ပါလား။



စုကျောင်း ထိတ်လန့်သွားသည်။

သူက ခံနိုင်ရည်အား ရုပ်သိမ်းကာ နေရာကိုကျွမ်းပစ် ရှောင်တိမ်းလိုက်သည်။

ထိုအခါ....

ချူးစန်က ခံနိုင်လက်အား ဆန့်တန်းကာ ကိုယ်တစ်ပက် ဝှေ့ယမ်းလိုက်သည်။

'ဟူး'

ချူးစန်၏ ခန္ဓာကိုယ်သည် လေပွေတစ်ခုမှ စုကျောင်းထံသို့ တိုးဝင်သွားလေသည်။

စုကျောင်း အံကြိတ်လိုက်သည်။

လူငယ်တစ်ယောက်၏ တိုက်ခိုက်မှုကြောင့် နောက်ဆုတ်ရသည်မှာ ယခု ပထမဆုံးအကြိမ်ဖြစ်၏။

စုကျောင်း ခံပြင်းသွားသည်။

'ယား'

သူက ညာသံပေးကာ တိုးဝင်လာသော ချူးစန်အား ထိပ်တိုက် ရင်ဆိုင်တိုက်ခိုက်လေသည်။

လူရိပ်များ ပူးကပ်သွားသည်။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာသည်။

မကြာမီ....

'ယား'

'စွပ်'

'အား'

ရှူးရှဲသောအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စုကျောင်းသည် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။

သူ၏ဓားသည် မြေကြီးပေါ်ပြုတ်ကျနေပြီး ဓားကိုင်လက်မှာ သွေးချင်းချင်း နီရဲနေသည်။

ယုက ချူစန်းအား မယုံကြည်နိုင်စွာဖြင့် စိုက်ကြည့်လိုက်လေသည်။

အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြောလာလေသည်။

'မင်း....မင်း'

ချူစန်း ပြုံးလိုက်သည်။

သူက အေးစက်သောလေသံဖြင့်....

'ခင်ဗျား ရှုံးသွားပြီ'

'ဟင်'

စုကျောင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်၊

သူက ချူစန်းအား မြူးကျယ်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေ၏။

ချူစန်းက ဓားကို ဓားအိမ်ထဲပြန်လည်ထိုးသွင်းလိုက်၏။

ထို့နောက် စုကျောင်းအား ကြည့်ကာ....

'ကဲ....ကျုပ် ပေဒ္ဒါဂိုဏ်းချုပ်ကြီးနဲ့ တွေ့လို့ရပြီထင်တယ်'

'အင်း'



စုကျောင်း သက်ပြင်းချလိုက်၏။

ဦးခေါင်းတစ်ချက် လေးပင့်စွာညိတ်လိုက်ပြီး....

'ကောင်းပြီ၊ ကျုပ်နောက်က လိုက်ခဲ့ပါ'

စကားဆုံးလျှင်သူက ရှေ့သို့ လှမ်းထွက်သွား၏၊

ချူစန်းက သူ၏နောက်မှ ထပ်ကြပ်မကွာ လိုက်သွားလေတော့သည်။

• • •

သီးသန့်ခန်း....

သီးသန့်ခန်းထဲ၌ ဗေဒါဂိုဏ်းချုပ် ကွမ်းကြုံးရှိနေ၏။

ကွမ်းကြုံသည် သီးသန့်ခန်းအတွင်း၌ သိုင်းကျမ်းတစ်စောင်အား စိတ်ဝင်စားစွာ ဖတ်ရှုနေခြင်းဖြစ်သည်။

ထို့ကြောင့်....

အပြင်ဘက်တွင် ဖြစ်ပွားသည်များကို သတိမထားမိခဲ့ခြင်းဖြစ်သည်။

ထိုစဉ်....

'ဒေါက် ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာသည်။

သိုင်းကျမ်းထဲတွင် စိတ်အာရုံဝင်စားနေသော ကွမ်းကြုံးမှာ သတိမထားမိပေ။

'ဒေါက် ဒေါက်'

တံခါးခေါက်သံထွက်ပေါ်လာသည်။

ယခုတစ်ကြိမ်....

ကျယ်လောင်စွာ ထွက်ပေါ်လာခြင်းဖြစ်သည်။

ကွမ်းကြုံးဆတ်ခနဲဖြစ်သွားသည်။

အနည်းငယ် ဒေါပွသွားသည်။

'ဘယ်သူလဲ'

သူက မေးလိုက်သည်။

သူ၏လေသံက အနည်းငယ်တင်းမာနေသည်။

အပြင်ဘက်မှစကားသံ ထွက်ပေါ်လာသည်။

'ကျွန်တော် စုံကျောင်းပါ'



ကွမ်းကြုံး မျက်မှောင်ကြုတ်လိုက်သည်။

စုကျောင်းသည် အရေးအကြောင်းမရှိဘဲနှင့် သူ့ဆီရောက်မလာပါချေ။

ယခုရောက်ရှိလာခြင်းမှာ....

ကွမ်းကြုံးက သိုင်းစာအုပ်အား သိမ်းထား လိုက်ပြီးလျှင်

'ဝင်ခဲ့'

'ကျွိ'

သီးသန့်အခန်းတံခါးပွင့်သွားပြီး၊ စုကျောင်းလှမ်းဝင်လာခဲ့သည်။

ကွမ်းကြုံးက စုံကျောင်းအားကြည့်ကာ အကဲခတ်လိုက်၏။

စုံကျောင်းမှာ မျက်စိမျက်နှာပျက်နေသည်။

ပြဿနာတစ်စုံတစ်ခု ရှိနေပြီဖြစ်ကြောင်း ကွမ်းကြုံးနားလည်သည်။

သူက စုကျောင်းအားကြည့်လိုက်ပြီး

'ဘာကိစ္စလဲ'

'စုံကျောင်းက အရိုအသေပြုလိုက်ပြီး

ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ဆုံဖို့ ဧည့်သည်တစ်ယောက် ရောက်ရှိလာပါတယ်'

ကွမ်းကြုံး မျက်မှောင်ကြုတ်လိုက်သည်။

'ဧည့်သည် ဟုတ်လား။

'ဟုတ်ပါတယ်'

ကွမ်းကြိုး ပြုံးလိုက်သည်။

'ဒါဆိုရင် စည်းကမ်းအတိုင်း ပင်းပဲတာဝန်ယူ ဖြေရှင်းလိုက်ပါ'

'ကျုပ်'

ကွမ်းကြိုးက စုကျောင်းအား မျက်မှောင်ကြုတ်၍ကြည့်လိုက်ပြီး....

'ဘာလဲမင်းတာဝန် မယူနိုင်ဘူးလား'

စုကျောင်းသက်ပြင်းချလိုက်၏။

'ကျုပ်ကတာဝန်မယူတာ မဟုတ်ပါဘူး၊ တာဝန် မကျေတာပါ'

ကွမ်းကြိုး အံ့ဩသွားသည်။

စုကျောင်းထံဆက်ပြောလာ၏။

'သူဟာ ဗေဒါဂိုဏ်းကို ရောက်ရှိလာခဲ့ဘူးတဲ့ ညှို့သည်တွေအားလုံးထဲမှာ ဂိုဏ်းချုပ်ကြီးအတွေ့ချင်ဆုံး ညှို့သည်တစ်ယောက်ပါပဲ'

'ဒီလောက်တောင်ပဲလား'

စုကျောင်း မဲ့ပြုံးပြုံးလိုက်၏။

'သူ့ရဲ့ သိုင်းပညာဟာ ကျုပ်ထက်မြင့်ကားတော့ အမှန်ပဲ'

ကွမ်းကြိုး၏ ခန္ဓာကိုယ် မသိမသာ တုန်ခါ သွားသည်



သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'သူက ဘာရည်ရွယ်ချက်နဲ့ရောက်လာတာလဲ'

စုကျောင်းက

'ဂိုဏ်းချုပ်ကြီးနဲ့ သိုင်းပညာ ဖလှယ်ဖို့ပါ'

ကွမ်းကြိုး ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်၊

ပြီးမှ....

တည်ကြည်သော မျက်နှာထားဖြင့်

'ကျုပ်ရဲ့အထင် မမှားဘူးဆိုရင် သူဟာဝူတန်း ဂိုဏ်းချုပ်ကို အနိုင်ယူသွားခဲ့တဲ့ ဓားသမားလူငယ် ချူးစန်းပဲ ဖြစ်လိမ့်မယ်'

စုကျောင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး'

ကွမ်းကြိုး၏မျက်နှာတည်ကြည် လေးနက်သွားသည်၊

သူကာတစ်စုံတစ်ရာကို စဉ်းစားနေသည်။

အတန်ကြာမှ....

ပြုံးရွှင်သော မျက်နှာထားဖြင့် ပြောလာသည်။

'သူအခုဘယ်မှာလဲ'

စုကျောင်းက....

'ညှို့ခန်းထဲမှာပဲ'

ကွမ်းကြိုး ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ ကျုပ်သွားတွေ့လိုက်မယ်'

သူ၏စကားကြောင့် စုံကျောင်းကျေနပ်သွားသည်။

ခေါင်းမာသည့် ချူစန်းအား ဗေဒါဂိုဏ်းချုပ်က ဆုံးမနိုင်မည်ဟု ယုံကြည်ထားသည် မဟုတ်ပါလား။

*　　*　　*



ဧည့်ခန်း....

ဧည့်ခန်းထဲ၌ချူစန်းရှိနေသည်။

သူ၏ စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ ပြည့်နှက်နေသည်။

သို့သော်....

ချူစန်းက လက်ဖျားနှင့်ပင် မတို့ချေ။

သူက ဗေဒါဂိုဏ်းချုပ်ရောက်လာမည့် အချိန် ကိုသာ စောင့်မျှော်နေ၏။

မကြာမီ....

ဧည့်ခန်းအတွင်းသို့ စုကျောင်းနှင့် အဘိုးအိုတစ်ယောက် ဝင်ရောက်လာ၏။

အဘိုးအိုမှာ အသက် ခြောက်ဆယ်ခန့်ရှိပြီး အဖြူရောင် ပိုးဖဲ့ဝတ်စုံကိုဝတ်ဆင်ထား၏။

ဥပဓိရုပ်မှာ တည်ကြည်ခန့်ညားပြီးအတွင်းအား အလွန်ကောင်းသူဖြစ်ကြောင်း ချူစန်းအကဲ ခတ်လိုက်မိသည်။

ထိုအဘိုးအိုမှာ ဗေဒါဂိုဏ်းချုပ် ကွမ်းကြိုး ဖြစ်ကြောင်း ချူစန်းရိပ်မိလိုက်သည်။

ထို့ကြောင့်....

သူက ထိုင်ရာမှထကာ ဂါရဝပြုလိုက်သည်။

'ဗေဒါဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်'

ကွမ်းကြိုးကပြုံးလိုက်သည်။

'သူငယ်က အခုတလော ကျော်ကြားနေတဲ့ ဓားသမား ချူစန်းထင်တယ်'

ချူစန်းခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ဗျာ'

ကွမ်ကြုံး ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'အင်း....ဒီလောက် အောင်မြင် ကျော်ကြားနေတဲ့ မစ္စတာ တစ်ယောက်က ဒီလောက်ငယ်ရွယ်လိမ့်မယ်လို့ ကျုပ်မထင်ခဲ့မိဘူး'

ချူစန်းပြုံးလိုက်၏။

ကွမ်ကြုံးကို ဆက်ပြောလာသည်။

'ဒါနဲ့ သူငယ်က ကျုပ်ဆီကို ဘယ်လို အကြောင်းကိစ္စနဲ့ ရောက်လာတာလဲ'

သူက မသိချင်ဟန်ဆောင်၍ မေးလိုက်ခြင်းဖြစ်၏။

ချူစန်းကတည်ကြည်သော မျက်နှာထားဖြင့်....

'ဂိုဏ်းချုပ်ကြီးရဲ့ ဗေဒါစေးသိုင်းဟာအတော့် ကိုနာမည်ကြီးတယ်လို့ သိရပါတယ်၊ ဒါကြောင့် ကျွန်တော်လေ့လာချင်လို့ပါ'

ကွမ်ကြုံး ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

'မင်းက ဗေဒါစေးသိုင်းကိုလေ့လာချင်တယ်ဆိုတာ ကျုပ်ကိုစိန်ခေါ်တာနဲ့အတူတူပဲ'

စကားဆုံးလျှင် သူ့အားအကဲခတ်ကြည့်လိုက်၏။

သူက ဘာမှမပြောတဲ ပါးစပ် ပိတ်ထားလိုက်၏။

ချူစန်းသည် မာန်မာန ခက်ထန်ပုံရသော လူငယ် တစ်ယောက်သိုင်းပညာ အဆင့်မြင့်မားသော လူငယ် တစ်ယောက်ဖြစ်ကြောင်း ကွမ်ကြုံးအကဲခတ်မိသည်။



မည်သို့ဆိုစေ....

သူကယခုတလောနာမည်ကြီးနေသော လူငယ်၏စိန်ခေါ်မှုကိုလက်ခံရန်ဆုံးဖြတ်ထားသည်။

ထို့ကြောင့်....

'ကောင်းပြီ မင်းရဲ့စိန်ခေါ်မှုကို ကျုပ်က လက်ခံပါတယ်၊ ဒါပေမယ့် စားသောက်ပြီး အနားယူလိုက်ပါဦး ပြီးတော့မှ ယှဉ်ပြိုင်ကြတာပေါ့'

ချူစန်းခေါင်းခါယမ်းလိုက်သည်။

'ရပါတယ်၊ ကျွန်တော် အနားယူစရာ မလိုအပ်ပါဘူး၊ အချိန်ရှိတုန်းကျွန်တော်တို့ ယှဉ်ပြိုင်ကြတာပေါ့'

ကွမ်ကြုံးမှာ လူငယ်အား ကြည့်ရင်း သဘောကျသွားသည်။

'မင်းဟာ အစဂလူငယ်ပါပဲ၊ ကဲ....ကျုပ်တို့သိုင်းလေ့ကျင့်ဆောင်ထဲမှာ သွားယှဉ်ပြိုင်ကြတာပေါ့'

ချူစန်းခေါင်းညိတ်လိုက်၏။

'ကောင်းပါပြီဗျာ'

* * *

သိုင်းလေ့ကျင့်ဆောင်....

သိုင်းလေ့ကျင့်ဆောင်သည် အလွန်ပင် ကျယ်ဝန်းလှပေသည်။

ချူးစန်တို့ သိုင်းလေ့ကျင့်ဆောင်သို့ ရောက်ရှိလာကြလေသည်။

ကွမ်းကြုံးက ချူးစန်ကို စေ့စေ့ကြည့်လိုက်ပြီး....

'ကျုပ်ရဲ့ ဗေဒါသိုင်းကွက်ဟာ အတော့်ကို အစွမ်းထက်ပြီး အန္တရာယ်များတယ်၊ ဒါကြောင့် မယှဉ်ပြိုင်သေးခင် မင်းထွက်သွားမယ်ဆိုရင် ကျုပ်ခွင့်ပြုပါတယ်'

ဗေဒါသိုင်းသည် အလွန်ပင် အန္တရာယ်များ၏။

ဗေဒါဂိုဏ်းတွင် ဗေဒါဓားသိုင်းကို ဂိုဏ်းချုပ်ဖြစ်သူ တစ်ယောက်သာ လေ့ကျင့်ခွင့်ရ၏၊

ဗေဒါဓားသိုင်းသည် စတင် ဖော်ထုတ် တိုက်ခိုက်ပြီးလျှင် တိုက်ပွဲပြီးမှ ဓားကွက်ကို ရုပ်သိမ်း၍ ရပေ၏။

ထို့ကြောင့်....

ကွမ်းကြုံးက အခွင့်အရေးပေးသည့် အနေဖြင့် ချူးစန်ကို ပြောလိုက်ခြင်း ဖြစ်၏။

ချူးစန်က ခေါင်းခါယမ်းလိုက်၏။

'ကျွန်တော် နောက်ဆုတ်ဖို့ စိတ်မကူးထားပါဘူး'

ကွမ်းကြုံး ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

'ကောင်းပြီလေ၊ ဒါဆိုလဲ ကျုပ်တို့ ယှဉ်ပြိုင်ကြတာပေါ့'



သူ၏ စကားဆုံးလျှင် စုကျောင်းက ဓားရှည်တစ်လက် ယူဆောင်လာသည်။

ထိုဓားရှည်မှာ အကောင်းစား သံမဏိဖြင့် ပြုလုပ်ထားသော ဓားဖြစ်၏။

'ချွမ်း'

ချူးစန်က ခါးမှ ဓားကို ဆွဲထုတ်လိုက်၏။

စုကျောင်းက အတော်ဝေးဝေးသို့ ဆုတ်သွားသည်။

ချူးစန်နှင့် ကွမ်းကြုံးတို့ မျက်နှာချင်း ဆိုင်လိုက်သည်။

သူတို့သည် ရင်ဆိုင်ရန် အသင့် ဖြစ်နေကြပြီ ဖြစ်လေသည်။

ကွမ်းကြုံးက ချူးစန်အား စိုက်ကြည့်ပြီး....

'မင်းက ဧည့်သည်ဆိုတော့ မင်းပဲ စတိုက်ပေတော့'

သူ ခေါင်းညိတ်လိုက်၏။

'ကောင်းပါပြီဗျာ၊ သတိထား'

သူက သတိပေးစကား ဆိုပြီး....

'ယား'

ကျယ်လောင်သော ညာသံတစ်ချက် ပေး၍ ဗေဒါ ဂိုဏ်းချုပ်ကို စတင် တိုက်ခိုက်လိုက်၏။

'ကျား'

ဗေဒါဂိုဏ်းချုပ်ကလည်း ညာသံပေး၍ ပြန်လည် တိုက်ခိုက်လိုက်တော့သည်။

* * *

တီမ်ဖောက်ခေါးသိုင်း

---

သိုင်းလေ့ကျင့်ဆောင်အတွင်း ပြင်းထန်သော ကိုက်ပွဲတ...
ပေါ်ပေါက်လာ၏၊

သိုင်းလောကတ အထင်တရ ဗေဒါ ဂိုဏ်းချုပ်နှင့် ပြို...
တိုင်း၌ ဝိုလ်စွဲနေသော လူငယ်ခေါးသမား ချူးစန်တို့၏ ...
ပြိုင်ပွဲပင် ဖြစ်၏၊

ဤပြိုင်ပွဲကိုသာ သိုင်းလောကသားများ သိလျှင် လာ...
ကြည့်ရှုသူများဖြင့် အုန်းအုန်း ကျွက်ကျွက် ဖြစ်နေမည်...
သေချာလှ၏၊

ယခု ပရိသတ်က စုကျောင်း တစ်ဦးတည်းသာ ဖြစ်...
သည်၊



စုကျောင်းသည် မမြင်ဖူးသော အလေးငယ် တစ်ဦး၏ မျက်လုံးဖြင့် တိုက်ပွဲကို ငေးကြည့်နေသည်၊

ယခု....

ယှဉ်ပြိုင်ပွဲကို တွေ့လိုက်ရမှ သူ၏ သိုင်းပညာသည် ပမာဏ အဆင့်သာရှိကြောင်း စုကျောင်း နားလည်လိုက်၏၊

ကွမ်းကြုံး၏ ဗေဒါခေါးသိုင်းမှာ အစွမ်းထက်ပြီး ကြောက်မက်ဖွယ်ရာ ကောင်းကြောင်း စုကျောင်း နားလည်သိရှိထားသည်၊

ချူးစန်၏ ခေါးသိုင်းမှာ လျှို့ဝှက်လွန်းသဖြင့် မှန်းဆ၍ရဘဲ ရှိနေသည်၊

ထိုစဉ်....

'ယား'

ကွမ်းကြုံးက ညာသံပေး၍ ခေါးကွန်ခြာ သိုင်းကွက်ဖြင့် ချူးစန်ကို တိုက်ခိုက်၏၊

ခေါးကွန်ခြာ သိုင်းကွက်၏ အစွမ်းမှာ ထိပ်တန်း သိုင်းသမား တစ်ဦးပင်လျှင် လဲကျသွားစေနိုင်သော အစွမ်းရှိလေသည်၊

ချူးစန် မဲ့ပြုံး ပြုံးလိုက်၏၊

'ကျုပ်ကို ဒီလိုလာစမ်းလို့ မရဘူးလေ'

စကားဆုံးလျှင် ကြမ်းပြင်ပေါ် ခြေဆောင့်၍ အပေါ်သို့ ခုန်တက်သွား၏၊

တစ်ဆက်တည်းပင်....

လယ်ထဲမှ ဓါးကို ဝှေ့ယမ်းလိုက်၏။

'ချွင်....ချွင်'

သံသံချင်း ထိသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကွမ်းကြုံး အလျာအယာ နောက်ဆုတ်လိုက်၏။

အဆယ်၍....

သူသာ နောက်မဆုတ်ပါက ချူးစန်၏ ဓါးချက်ကြောင့် ဒုက္ခရောက်သွားမည် မဟုတ်ပါလော။

ကွမ်းကြုံး၏ ရင်ထဲ လှုပ်ရှားသွားသည်။

ချူးစန်သည် ကြောက်မက်ဖွယ်ရာ တော်သော လူငယ်တစ်ဦး ဖြစ်ကြောင်း သဘောပေါက်လိုက်မိ၏။

ချူးစန်သည် သူ၏ ဓါးကွန်ခြာ သိုင်းကွက်များကို ဖျက်ဆီးပစ်နိုင်ရုံသာမက သူအား နောက်ဆုတ်အောင်တိုက်ခိုက်ခဲ့သည် မဟုတ်ပါလော။

ကွမ်းကြုံး အံတင်းတင်း ကြိတ်လိုက်၏။

'သတိထား'

သူက အော်ဟစ် သတိပေးရင်း ခဝဒါစက်ဝန်း ဓါးရှည်ဖြင့် ချူးစန်ကို တိုက်ခိုက်လာ၏။



ဓါးစက်ဝန်းတစ်ခုသည် ပြင်းထန်သော အရှိန်အဟုန်ဖြင့် ချူးစန်ထံသို့ တိုးဝင်သွား၏။

ချူးစန်က

'ယား'

ညာသံပေး၍ တိုးဝင်လာသော ဓါးစက်ဝန်း၏ အလယ်ဗဟိုတည့်တည့်သို့ သူ၏ ဓါးကိုင်လက်အား ထိုးသွင်းလိုက်သည်။

'ဟင်'

ကွမ်းကြုံး မျက်လုံးပြူးသွား၏။

သူ၏ ဓါးစက်ဝန်းကြားထဲမှ ချူးစန်၏ ဓါးဖျား ထိုးထွက်လာ၍ သူ၏ ရင်ဝသို့ ဝင်ရောက်လာသည် မဟုတ်ပါလား။

ကွမ်းကြုံး အထိတ်တလန့် ဖြစ်သွား၏။

သူ၏ ဓါးကိုင်လက်ကို ရုပ်သိမ်း၍ ခန္ဓာကိုယ် ယိမ်းနွဲ့ကာ ရှောင်တိမ်းပေးလိုက်သည်။

သူ၏ လှုပ်ရှားမှုမှာ အနည်းငယ် နှေးကွေးသွားသည်။ ထိုကြောင့်

'ဗြိ....'

ချူးစန်၏ ဓါးဦးက သူ၏ အင်္ကျီ ရင်ဘတ်အား ထိုးခွဲသွားလေတော့သည်။

* * *

အရိပ်များ ကွယ်ပျောက်သွားလေသည်။

ချူးစန်းက ဓားကို ဓားအိမ်ထဲသို့ ပြန်လည်ထိုးသွင်းလိုက်လေသည်။

တိုက်ပွဲမှာ ပြီးဆုံးသွားပြီမဟုတ်ပါလား။

ချူးစန်းက ကွမ်းကြိုးကို ပြုံးပြလိုက်ပြီး

'ခင်ဗျား ရှုံးသွားပြီ'

သူက လေသံအေးအေးဖြင့် ပြောလိုက်ခြင်းဖြစ်လေသည်။

သို့သော်

ကွမ်းကြိုး၏နှလုံးထဲတွင် မိုးကြိုးပစ်ခံလိုက်ရသလို ဆတ်ခနဲ ဖြစ်သွား၏။

သူက အင်္ကျီရင်ဘတ်ကို ငုံ့ကြည့်လိုက်၏။

အင်္ကျီရင်ဘတ်မှာ သုံးလက်မခန့် စုတ်ပြဲနေသည်။

ချူးစန်းကသာ အားကို အလွန်အကျွံ သုံးမိသွားပါက သူသေဆုံးသွားရမည် ဖြစ်သည်။

ချူးစန်းက အချိန်အဆကောင်း၍သာ သူ၏အင်္ကျီရင်ဘတ် စုတ်ပြဲသွားခြင်း ဖြစ်လေ၏။

ကွမ်းကြိုးက မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ချူးစန်းကို စိုက်ကြည့်လိုက်၏။

'မင်း....မင်း'



ချူးစန်း ပြုံးလိုက်သည်။

'ခင်ဗျား ရှုံးသွားပြီ'

သူက ထပ်မံပြောလိုက်၏။

ကွမ်းကြိုး သက်ပြင်းချလိုက်သည်။

ထို့နောက်....

သူက ခေါင်းကိုလေးပင်စွာဖြင့် ညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်ရှုံးသွားပြီ'

သူ၏စကားသံမှာ ခံပြင်းသောအသံပင် ဖြစ်သည်။

ချူးစန်းလို နောက်ပေါက် လူငယ်လေး တစ်ယောက်ကို ရှုံးနိမ့်ခဲ့မည်ကို အိပ်မက်ပင် မမက်ဖူးခဲ့ချေ။

သို့သော်....

သူက ချူးစန်းကို အမှန်တကယ်ပင် ရှုံးနိမ့်သွားခဲ့ပြီ ဖြစ်သည်။

ချူးစန်းက သဘောကျစွာဖြင့် ရယ်မောလိုက်၏။

'ဟား....ဟား....ဟား'

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'အင်း'

ကွမ်းကြိုး သက်ပြင်းတစ်ချက် ချလိုက်၏။

သူက ချူးစန်းကိုကြည့်ပြီး....

'မင်းအသုံးပြုသွားတာ တိမ်ဖောက်ခေါ်သိုင်းကွက်မဟုတ်လား'

ချူးစန်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

'ဟင်'

ကွမ်းကြုံး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သူက ချူးစန်းကို မယုံကြည်နိုင်စွာဖြင့် ကြည့်လိုက်ပြီး...

'မင်းဟာ ခါးပါရဂူရဲ့ တပည့်မဟုတ်လား'

'ဘာ'

ချူးစန်း၏မျက်နှာ ရုတ်ခြည်း ခက်ထန်သွား၏။

သူသည် ကွမ်းကြုံးကို စူးရဲသောမျက်ဝန်းအစုံဖြင့် ကြည့်ပြီး ပြောလိုက်လေသည်။

'ကျုပ်က ခါးပါရဂူရဲ့ တပည့်မဟုတ်ဘူး၊ ခါးပါရဂူကလဲ တပည့်မွေးတဲ့လူစားမျိုး မဟုတ်ဘူး'

ကွမ်းကြုံးက အံ့အားသင့်သော လေသံမျိုးဖြင့်...

'တိမ်ဖောက် ခေါ်သိုင်းက ခါးပါရဂူရဲ့ ထိပ်တန်း သိုင်းကွက်တွေပဲ'

ချူးစန်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒါပေမယ့် ကျုပ်က ပြန်ပြီး တီထွင်ထားခဲ့တာ'

ကွမ်းကြုံး ပင့်သက်ရှိုက်လိုက်လေသည်။

ချူးစန်းသည် ပညာဂုဏ်မောက်သော လူငယ်တစ်ဦးဟု မှတ်ထင်လိုက်သည်။



ချူးစန်းက ကွမ်းကြုံးကို ကြည့်လိုက်ပြီး

'သိုင်းလောကရဲ့ ပထမခါးသမားဘွဲ့ကို ကျုပ်ပဲ ရသင့်ရထိုက်ပါတယ်ဗျာ၊ ဟား...ဟား...ဟား'

စကားဆုံးလျှင် ရယ်မောလိုက်၏။

တို့နေစဉ်

ကွမ်းကြုံးကိုပင် နှုတ်ဆက်ခြင်းမရှိတော့ဘဲ ချာခနဲလှည့်၍ ထွက်သွားလေတော့သည်။

* * *

## ဒုတိယမြောက် ပထမ ဓားသမား

သိုင်းလောက၌ လူတိုင်း ထိတ်လန့် တုန်လှုပ်သွားသော သတင်းတစ်ခု ထွက်ပေါ်လာသည်။

ထိုသတင်းမှာ....

ဗေဒါဂိုဏ်းချုပ်အား လူငယ်ဓားသမား တစ်ယောက်က အနိုင်ယူသွားခဲ့သည့် သတင်းဖြစ်သည်။

ထိုလူငယ်ဓားသမားကို ရှုံးနိမ့်သွားသူများမှာ ထိပ်သီး သိုင်းသမားကြီးများပင် ဖြစ်သည်။

ထို့ကြောင့်

ထိုလူငယ်ဓားသမား၏ အမည်သည် ဗေဒါဂိုဏ်းချုပ်ကို အနိုင်ပြီးသည့် အချိန်မှစ၍ တစ်ဟုန်ထိုး ကျော်ကြားလာခဲ့တော့သည်။



စိန်ခေါ်သူ လူငယ်လေးသည်....

ပွဲတိုင်းလိုလိုတွင် အနိုင်ရသည့်အပြင် ဗေဒါဂိုဏ်းချုပ်ကို အနိုင်ရလိုက်သောအခါ....

အခြားထိပ်သီး သိုင်းသမားကြီးများသည် ဓားသမား လူငယ်နှင့် ယှဉ်ပြိုင်ရမည်ကို စိုးရိမ်လာကြသည်။

ထို့ကြောင့်....

ဓားသမားလူငယ်အား သိုင်းလောက၏ ပထမဓားဘွဲ့ကို တစ်ညီတစ်ညွတ်တည်း ပေးအပ်ခဲ့ကြသည်။

ပထမဓားဘွဲ့ ရရှိခဲ့သည့် လူငယ်မှာ ချူးစန်းပင် ဖြစ်လေတော့သည်။

* * *

ချူးစန်းသည် ပထမဆုံးသမားတော်ဆုကြီးကို ပိုင်ဆိုင်သွားလေသည်။

သူ၏သိုင်းပညာသည် ပြိုင်ဘက်မရှိဟု သိုင်းလောကသားများက တစ်ညီတစ်ညွတ်တည်း သတ်မှတ်ကြလေ၏။

ချူးစန်း၏အမည် လျှမ်းလျှမ်းတောက် ကျော်ကြားလာသောအခါ....

ယခင် ပထမဆုံးသမားတော်ဆု ရရှိခဲ့သည့် ဓားပါရဂူဝမ်းလီ အမည်သည် တဖြည်းဖြည်းနှင့် ကွယ်ပျောက် သွားလေတော့သည်။

* * *

စိတ်ဓါတ်စေရာ

---

သိုင်းလောကတွင် ထူးခြားမှုတစ်ရှိသည်။

နာမည်ကျော်ကြားခြင်းနှင့် ပစ္စည်းဥစ္စာ ကြွယ်ဝခြင်းတို့ ခွဲခြားမရအောင် တည်ရှိနေတတ်ခြင်းဖြစ်သည်။

ချူးစန်းနာမည် ကျော်ကြားလာသောအခါ ဂုဏ်ပြုချီးမြှင့်သည့်လူများ၊ လက်ဆောင်ပဏ္ဏာဆက်သသူများ ရေတွက်၍မကုန်အောင် ပေါ်ပေါက်လာ၏။

ထို့ပြင်....

ချူးစန်းသည် လိုလေသေးမရှိအောင် ချမ်းသာကြွယ်ဝလာလေသည်။

သို့သော်....

ချူစန်းသည် သူ့ဘဝတွင် ပြည့်စုံမှုရှိဖို့ အချက်တစ်ချက် လိုအပ်နေသေးသည်ဟု အမြဲဆင်ခြင်မိ၏။

ထိုအချက်မှာ....

* * *



သာယာငြိမ့်ငြောင်းသော စောင်းသံများ ထွက်ပေါ်လာသည်။

ကချေသည် မိန်းမချောကလေးများသည် စောင်းသံနှင့်အတူ ကခုန်နေကြသည်။

အမွှေးနံ့သာ ပက်ဖျန်းထားခြင်းကြောင့် ခန်းမအတွင်း၌ မွှေးကြိုင်နေသည်။

ချူစန်းသည် ရွှေခွက်ဖြင့်ထည့်ထားသော အရက်ခွက်ကိုအရသာခံကာ သောက်နေ၏။

ချူစန်း၏မျက်လုံးများ မှေးစင်းသွားသည်။

သူ၏ဘဝသည် လိုလေသေးမရှိအောင် ပြည့်စုံနေပြီဖြစ်လေသည်။

ယခုလိုဘဝမျိုးကို ပိုင်ဆိုင်ခဲ့ရမည်ကို အိပ်မက်ပင် မမက်ဖူးပါချေ။

ဦးလေးဖြစ်သူ ချူးတ၏ ကူညီစောင်မမှု အကြံဥာဏ်ပေးမှုကြောင့်သာလျှင် အောင်မြင်စွာ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်ပေသည်။

'အင်း'

ချူစန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက်....

နံဘေး၌ထိုင်နေသော ချူးတဘက်လှည့်ကာ....

'ဘာဘာ'

ချူးတက သူ့အားကြည့်လာသည်။

'ဟေ....ဘာလဲ'

ချူစန်းတ တစ်ချက်စဉ်းစားလိုက်ပြီး....

'ကျွတော် တစ်ခုမေးချင်လို့'

ချူးတက ပြုံးလိုက်သည်။

'မေးလေကွာ'

ချူစန်းတ ချူးတအား စေ့စေ့ကြည့်ကာ....

'ကျွန်တော့်ဘဝမှာ အစစအရာရာပြည့်စုံနေပြီလို့ အားလုံးက ထင်ကြမှာပဲနော်'

ချူးတ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ'

ချူစန်းတ မချိပြုံးပြုံးလိုက်သည်။

'ကျွန်တော် ဒီလိုမယူဆသွားဘူး'

'ဟေ'

ချူးတ အံ့ဩသွားသည်။

သူက ချူစန်းအား နားမလည်နိုင်စွာဖြင့်ကြည့်ကာ မေးလိုက်လေသည်။



'ဘာဖြစ်လို့ကွ'

ချူစန်းတ သက်ပြင်းချလိုက်သည်။

'လိုအပ်ချက်တစ်ခု ရှိနေသေးလို့ပါ'

ချူးဘမျက်မှောင်ကြုတ်လိုက်၏။

'ဘာတွေများလိုအပ်နေဘာလဲ ပြောစမ်းပါဦး'

သူက....

'ကျွန်တော်က လူတစ်ယောက်ကို အမြဲတမ်းစိုးရိမ်နေရသလိုဖြစ်နေမိတယ်'

'ဟင်'

ထိုစကားကြားလျှင် ချူးတလှုပ်လှုပ်ရှားရှားဖြစ်လာလေသည်။

သူက ချူးစန်းအား စေ့စေ့ကြည့်ကာ....

'ဝမ်းလီကို ပြောတာလား'

သူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်ဘာဘ'

ချူးတ ပြုံးလိုက်သည်။

'သူဆီ အခုချိန် ယောအာပေါ်မှာ ဒဘာခင်ရှိနေချင်မှ ရှိနေတော့မှာ'

သူက ခေါင်းခါယမ်းလိုက်သည်။

သူ့မှာ အလိုမကျနိုင်သေးသလောဖြင့်....

'ဘာပဲဖြစ်ဖြစ် သူရှိနေသရွေ့တော့ ကျွန်တော်ဟာ ပထမ ခရီးသမားမဖြစ်နိုင်သေးဘူးလို့ ထင်မိတာပဲ'

ချူးတ လက်ကာပြလိုက်သည်။

'ဒီအတွက် ဘာမှ မပူပါနဲ့ သူရှိနေရင်တောင်မှ ခရီးကိုင် တော့မှာ မဟုတ်ပါဘူး၊ ဝမ်းလီဟာ ကတိတည်တဲ့ လူတစ် ယောက်ပါ၊ သူ့ရဲ့ခရီးကိုတောင် မင်းကိုလက်ဆောင်ပေးခဲ့တာ ပဲကြည့်ပါလား၊ ကျုပ်ပြောရဲတယ်၊ သူဟာ ခရီးမကိုင်တော့ ဘူး၊ သိုင်းလောကထဲကို လုံးဝဝင်မှာမဟုတ်တော့ဘူး'

သူ ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော် ဒီလိုမယူဆဘူး'

ချူးတက....

'ဒါဖြင့် မင်းက ဘာယ်လိုလုပ်ချင်လို့လဲ'

သူက မဲ့ပြုံးပြုံးကာ....

'သူနဲ့ ပညာပြိုင်ချင်တယ်'

'အင်း'

ချူးတ သက်ပြင်းတစ်ချက်ချလိုက်သည်။

သူမည်သို့ ခံစားရမည်ကို သူကောင်းစွာသဘောပေါက် ထားလေသည်။



ယခုလို....

နာမည်ကျော်ကြား လာရသည်မှာ ဝမ်းလီ၏ ကျေးဇူး ကြောင့် မဟုတ်ပါလား'

ဝမ်းလီက တပည့်မထားဖို့ ဆုံးဖြတ်ထားသည့်ဖြစ်၍ သူ့ ကို သိုင်းပညာမသင်ပေးခဲ့ပါ။

သို့သော်....

ချူးစန်က ဝမ်းလီ၏ ပညာကို အတုခိုး သင်ယူခဲ့ခြင်း ဖြစ် သည်။

ထို့ကြောင့်....

သူသည် ဝမ်းလီ၏ အရိပ်အောက်၌ ကျရောက်နေသည်ဟု လည်း ဆိုနိုင်သည်။

အမှန်တော့....

ဝမ်းလီအား မြင်ဆရာအဖြစ် သတ်မှတ်ထားလိုက်လျှင် အားလုံး ပြေလည်သွားမည် ဖြစ်၏။

ချူးစန်က ဝမ်းလီကိုပင် ယှဉ်ပြိုင် အနိုင်ယူနိုင်သည် ဟူ သော ဂုဏ်တို့ လိုချင်မက်မောနေရကား အခြေအနေ ရှုပ်ထွေး သွားရပေမည်။

သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'မင်းရဲ့ စိတ်ထဲက ဝမ်းလီကို ဖျောက်ဖျက်ထားလိုက်ရင် ကောင်းမယ်'

သူက သတိပေးလိုက်၏။

ထိုနေ့တွင်....

ချူးစန်က ခေါင်းတွင်တွင် ခါယမ်းလိုက်၏။

'ကျွန်တော် ဘယ်တော့မှ မေ့ပျောက်နိုင်မှာ မဟုတ်ပါဘူး ဘာကြောင့်လဲဆိုရင် လောကပေါ်မှာ ပသမခံစားဆိုတာ နှစ်ယောက်မရှိရလို့ဘဲ'

သူက ခပ်ပြတ်ပြတ် ပြောလာ၏။

ချူးတာ မျက်မှောင်ကုတ်သွားသည်။

ချူးစန်သည် သူ၏ စကားကိုပင် အမှုမထားတော့သည့် သဘောရှိ၏။

ရုတ်တရက်....

ချူးတာ၏ ခန္ဓာကိုယ် ထစ်ချက် တုန်ခါသွားသည်၊

ရင်ထဲ မကောင်းသော အတိတ် နိမိတ်များ ခံစားရပြီး ခြဲဆွဲထားသလို လေးလံလာမိ၏၊

'ကျွန်တော် စမ်းလိကို တွေ့အောင်ရှာမယ်'

ချူးစန်က ပြတ်သားစွာဖြင့် ပြောလာတော့သည်၊

* * *

ပဟေဠိဆန်သော ခရီးတစ်ကွက်

---

နေ့....

မိုး....

ဆောင်း....

ရာသီအလီလီ ပြောင်းလဲသွားပြီ ဖြစ်သည်၊

လုထင်းသည် ကျင်းကျင်းတို့ထံ ရောက်ရှိလာခဲ့သည်မှာ သုံးနှစ်တင်းတင်း ပြည့်လေပြီ ဖြစ်၏။

ထောင်းဖုသည် သိုင်းပညာ အလွန်သင်လိုလှ၏၊

မိခင်ဖြစ်သူကို ပူဆာသည့်အပြင် လုထင်းကိုလည်း အပူကပ်လေ၏၊

ထို့ကြောင့်

လုထင်းက သိုင်းပညာ တတ်မြောက်လာခြင်းဖြင့် မိမိကိုယ်ကို ကာကွယ် စောင့်ရှောက်နိုင်သလို အများအကျိုးသယ်ပိုး ဆောင်ရွက်နိုင်ကြောင်း ကျင်းကျင်း နားဝင်အောင် ရှင်းပြရ၏။

ထိုအခါမှ....

ကျင်းကျင်းသည် ကောင်းဖုံအား သိုင်းပညာ သင်ကြားခွင့်ပြုလိုက်၏။

လုထင်းက ကောင်းဖုံကို ဓားပညာသာ သင်ကြားပေးခဲ့လေသည်။

* * *



ကောင်းဖုံသည် မိုးကြိုးခါး ကောင်းစု၏ သွေးပါသူဖြစ်သည့်အတိုင်း သိုင်းပညာ ဝါသနာထုံလှသည်။

ဉာဏ်ထက်သလို ကြိုးစားအားထုတ်မှုလည်း ရှိ၏။

ထို့ကြောင့်....

အချိန်အနည်းငယ် အတွင်းမှာပင် လုထင်း သင်ကြားပေးသော သိုင်းပညာကို တတ်မြောက်ခဲ့လေတော့သည်။

• • •

နေဝန်းနီမှာ အနောက်ဖက်တွင် ငုပ်လျှိုး ကွယ်ပျောက်သွားတော့မည် ဖြစ်၏။

ကျင်းကျင်းက ညစာပြင်လိုက်သည်။

ယခု....

လုထင်းသည် အိမ်သားတစ်ဦး ပမာ ဖြစ်လာခဲ့ရပေတော့သည်။

ကျင်းကျင်း၊ ကောင်းဖု တို့နှင့်အတူ ထမင်းတစ်ဝိုင်းတည်း စားခွင့်ရရှိနေပြီ ဖြစ်၏။

လုထင်းက ငြင်းသော်လည်း ကောင်းဖုရော ကျင်းကျင်းတစ်ပါ အတင်း ခေါ်ကြသဖြင့် မငြင်းသာအောင် ဖြစ်ခဲ့ရခြင်း ဖြစ်သည်။

ကောင်းဖု သည် အသက် ဆယ့်ငါးနှစ်ခန့် ရှိသေးသော်လည်း အလွန် သန်မာထွားကျိုင်းသဖြင့် လူကြီး တစ်ယောက်တူပင် ထင်ရ၏။

သုံးယောက်သား ညစာ စားသောက်ကြရင်း ကောင်းဖု က မေးလာသည်။

'ဦးလေးလု....ကျွန်တော် ဒီကနေ့ လေ့ကျင့်တဲ့ ဓားကွက်တွေ အဆင်ပြေရဲ့လား'

လုထင်းက ခေါင်းညိတ်လိုက်၏။

'အဆင်ပြေပါတယ်၊ ဘာဖြစ်လို့လဲ'

ကောင်းဖုက အံတစ်ချက် ကြိတ်လိုက်ပြီး....

'ကျွန်တော်ဟာ အမှားအယွင်း မဖြစ်စေချင်လို့ပါ၊ ဒါမှ တစ်နေ့ ထိပ်တန်းဓားသမားကြီး တစ်ယောက် ဖြစ်လာမယ်၊



ကျွန်တော် ဖေဖေ့ကို သတ်သွားတဲ့ ဓမ်းလီကို သုတ်သင် ရှင်းပစ်နိုင်မှာပေါ့'

ထိုစကားကြားလျှင် လုထင်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ထို့နောက်....

လုထင်းက သက်ပြင်းတစ်ချက် ချလိုက်၏။

'သားရယ်.... ထမင်းဝိုင်းမှာ ဒီစကားမျိုးတွေ ပြောတာ မကောင်းပါဘူး၊ ကဲ....စား....စား'

ကျင်းကျင်းက ဖျောင်းဖျလိုက်မှ ကောင်းဖု ဘာမှ ဆက်မပြောတော့ဘဲ စားသောက်လိုက်လေ၏။

လုထင်းကား....

အဘယ်ကြောင့်မှန်း မသိ။

ယနေ့ည ထမင်းစား မဝင်ချေ။

တစ်လုတ်တစ်ဆုပ် စားပြီး ထမင်းဝိုင်းမှ ထသွားလေတော့သည်။

* * *

တောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏၊

လုထင်းက လဝန်းကို ငေးမောကြည့်နေသည်၊

အကယ်၍....

အနီးကပ် ကြည့်မည်ဆိုပါလျှင် သူ၏ မျက်ဝန်းအစုံတို့မှ မျက်ရည်များ စီးကျနေသည်ကို တွေ့မြင်ရမည်ဖြစ်၏၊

လုထင်းသည် မည်သို့သော ဝမ်းနည်းကြေကွဲစရာအဖြစ်နှင့် ကြုံတွေ့နေရပါသနည်း။

* * *



'ရှီး....'

လေချွန်သံကစ်ချက် ထွက်ပေါ်လာသည်၊

တစ်ဆက်တည်းပင်....

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာ၏၊

လူရိပ်နှစ်ခုသည် တောင်ကုန်းပေါ်သို့ ရိပ်ခနဲရိပ်ခနဲ ပြေးတက်လာကြသည်၊

သူတို့သည် ကျောင်းကျောင်း၏အိမ်အနီးသို့ တိုးကပ်လာကြ၏၊

ထိုစဉ်....

'ဘယ်သူလဲ'

အော်ဟစ် မေးမြန်းသံနှင့်အတူ ကောင်းဖုံခုန်ထွက်လာသည်ကို တွေ့လိုက်ရ၏၊

အိမ်ရှေ့သို့ လူနှစ်ယောက် ရောက်ရှိလာ၏၊

ထိုလူနှစ်ယောက်သည် တစ်ယောက်က အဖြူရောင်အဝတ်အစားကို ဝတ်ဆင်ထားပြီး....

ကျန်တစ်ယောက်က အဝါရောင် အဝတ်အစားကို ဝတ်ဆင်ထားလေ၏၊

ထိုလူနှစ်ယောက်သည် အသက်လေးဆယ်ကျော်ခန့်ရှိပြီး ရက်စက်ကြမ်းကြုတ်မည့် အသွင်ရှိနေ၏၊

သူတို့သည် ကောင်းဖုံကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

ကောင်းဖုံက ထိုလူနှစ်ယောက်ကို ပြန်လည်၍ အကဲခတ်ကြည့်ပြီး မေးလိုက်လေ၏။

'ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ညကြီးအချိန်မတော်မှာ ဘာကိစ္စနဲ့ လာကြတာလဲ'

ထိုစဉ်....

ကျင်းကျင်းဆာ စကားသံများကြားရသဖြင့် အိမ်ထဲမှထွက်လာသည်။

မလှမ်းမကမ်း၌ရှိ သစ်ပင်တစ်ပင်အောက်၌ ရပ်ကာ....

လဝန်းကို ရပ်ကြည့်နေသော လုဆင်းကိုလည်း မည်သူမျှ သတိမပြုမိကြပါချေ။

လုထင်းသည် ညစာစားပြီး ထွက်လာကာတည်းကပင် ထိုနေရာ၌ ရပ်နေမိခဲ့ခြင်း ဖြစ်၏။

အတွေးမျှား ရစ်ပတ်ဖွဲ့နှောင်လျက် ပတ်ဝန်းကျင်အား မေ့လျော့နေမိခြင်း ဖြစ်၏။

ညဉ့်နက်နေပြီ ဖြစ်သော်လည်း သူက သတိမထားမိတော့ချေ။

ကောင်းဖုံ၏ စကားသံကြားမှ သတိဝင်လာပြီး လှမ်းကြည့်လိုက်၏။



အဖြူရောင် ဝတ်ထားသူနှင့် အဝါရောင်ဝတ်ထားသူ နှစ်ယောက်အား တွေ့လျှင်....

'ဟင်....သိုင်းဘီလူးနဲ့ မီးဘီလူးပါလား'

သူက လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

မှန်ပေသည်။

ယခုရောက်ရှိလာသူ နှစ်ယောက်မှာ သိုင်းလောကတွင် နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် ဘီလူး လေးဖော်တို့မှ သိုင်းပညာ အမြင့်မားဆုံးဖြစ်သည့် သိုင်းဘီလူးနှင့် မီးဘီလူးတို့ပင် ဖြစ်သည်။

အဖြူရောင်ဝတ်ဆင်ထားသော သိုင်းဘီလူးက ကောင်းဖုံ့ကို စိုက်ကြည့်လိုက်ပြီး....

'မင်းဘာရော မိုးကြိုးဓားကောင်းစုနဲ့ ဘယ်လို ပတ်သက်နေသလဲ'

သူက ခက်ထန်သောလေသံဖြင့် မေးလေသည်။

ကောင်းဖုံက ထိုလူနှစ်ယောက်ကို စူးရဲစွာဖြင့်စိုက်ကြည့်လိုက်ပြီး....

'မိုးကြိုးဓားကောင်းစုက ကျုပ်ရဲ့အဖေပဲ'

ဟု အေးစက်စွာဖြင့် ပြောလိုက်သည်။

သိုင်းဘီလူးတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်သည်။

မီးဘီလူးက ကောင်းဖုံအား စူးရဲသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

ထို့နောက်....

သိုင်းဘီလူးအား ကြည့်ကာ....

'ဒီကောင်လေးက တို့ရဲ့ရန်သူတော် မကောင်းစုံရဲ့သားတဲ့'

သိုင်းဘီလူးက အံ့ဩသောဟန်မူရာဖြင့်....

'ဟုတ်လား'

'ဒါကြောင့် ဒီကောင်လေးကို အရင် ဆုံးမလိုက်ကြတာပေါ့၊ ကျုပ်တာဝန်ယူလိုက်မယ်'

သိုင်းဘီလူးက....

'ဖြစ်ပါ့မလား'

မီးဘီလူး ခေါင်းညိတ်လိုက်သည်။

'သိပ်ဖြစ်တာပေါ့'

သိုင်းဘီလူး ပြုံးလိုက်သည်။

'ကောင်းပြီလေ၊ တစ်ခြားကိစ္စတွေကို ကျုပ်တာဝန်ယူပြီး ဖြေရှင်းလိုက်ပါ့မယ်'



သိုင်းဘီလူးက သဘောတူလိုက်လျှင် မီးဘီလူးကျေနပ်၍ သွားလေသည်။

သူက ပြုံးရွှင်သော မျက်နှာထားဖြင့် ရှေ့သို့လှမ်းထွက်လိုက်လေ၏။

ထို့နောက်....

ကောင်းဖုံနှင့် မျက်နှာချင်း ဆိုင်လိုက်သည်။

ကောင်းဖုံက မိုးကြိုးခဲကို အသင့်ဆွဲကာ ထွက်လာခဲ့ခြင်း ဖြစ်သည်။

ကျင်းကျင်းသည် တိုက်ပွဲပေါ်ပေါက်တော့မည်ဖြစ်သည်ကို ရိပ်မိလိုက်လေသည်။

ထို့ကြောင့်....

ကောင်းဖုံအား သတိပေးလိုက်သည်။

'သား....စိတ်လိုက်မာန်ပါ မလုပ်နဲ့နော်၊ အေးဆေးစွာနဲ့ ဖြေရှင်းတာ ကောင်းမယ်'

ကောင်းဖုံ ခေါင်းညိတ်လိုက်၏။

'စိတ်ချပါ မေမေ''

စကားဆုံးလျှင်....

မီးဘီလူးအား လှမ်းမေးလိုက်သည်။

'ခင်ဗျားတို့ ဘယ်သူဘယ်ဝါဆိုတာ ပြောပါ'

'ဟား ဟား ဟား'

'ဟား ဟား ဟား'

ထိုစကားကြားလျှင်....

သိုင်းဘီလူးနှင့် မီးဘီလူးတို့ သဘောကျစွာ ရယ်မောလိုက်လေသည်။

ကောင်းဖုံ မကျေမနပ်ဖြစ်သွား၏။

'ခင်ဗျားတို့ ဘာရယ်တာလဲ'

သိုင်းဘီလူးက....

'မင်းက ရယ်စရာလာပြောနေတာကိုး'

ကောင်းဖုံ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်ပြောတဲ့အထဲမှာ ရယ်စရာတစ်ခုမှမပါဘူး'

မီးဘီလူး၏ မျက်နှာတည်ကြည်သွား၏။

သူက ကောင်းဖုံအား အေးစက်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်ပြီး....

'မင်းအဖေက ငါ့ညီ အငယ်ဆုံးကို သတ်ပစ် လိုက်တယ်၊ နောက်တစ်ခါ ထပ်ပြီး ငါ့ညီ အသတ်ခံရတယ်၊ ဒါနဲ့များ တောင် ငါတို့ဘယ်သူတွေလဲ ဘာ့ကြောင့် ရောက်လာရသလဲ ဆိုတာမေးနေရသေးသလား'



လုထင်က ကောင်းဖုံအား သိုင်းပညာ သင်ပေးသည့်အပြင်....

သိုင်းလောကအကြောင်း ပြောပြထား၍ သူတို့နှင့်ရန်ငြိုး ရန်စရှိနေသော ဘီလူးလေးဖော်အကြောင်း သိထားပြီးဖြစ်သည်။

ထို့ကြောင့်....

ဝတ်စုံဝါအား ကြည့်ကာ မေးလိုက်၏။

'ခင်ဗျားက သိုင်းဘီလူးလား မီးဘီလူးလား'

မီးဘီလူးက....

'ကျုပ်က မီးဘီလူးပါ'

'ကြော်'

'ဘာလဲ မင်းက ကျုပ်နဲ့ရင်ဆိုင်ဖို့ ကြိုးစားဦးမယ်ဆိုပါတော့'

ကောင်းဖုံအား စေ့စေ့ကြည့်ရင်းမေးလိုက်၏။

ကောင်းဖုံ ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ဗျာ'

မီးဘီလူး မဲ့ပြုံးပြုံးလိုက်သည်။

'ဒီတစ်ခါတော့ ငါတို့အလှည့်ရောက်ပြီဆိုတာ မင်းနားလည်ဖို့ကောင်းတယ်'

ကောင်းဖုံ ခေါင်းခါယမ်းလိုက်၏။

'ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်ဖေဖေ မရှိတော့ပေမယ့်လဲ ကျုပ်ကဖေဖေ့ရဲ့ရန်သူကို ဆုံးမနိုင်ပါသေးတယ်'

'ဘာကွ'

သိုင်းဘီလူးအော်ငေါက်လိုက်၏။

မီးဘီလူးဒေါပွသွားသည်။

'ဒီကောင်လေးက တော်တော် အပြောကြီးတာပဲ သေဖို့ သာပြင်ထားပေတော့'

စကားဆုံးလျှင်....

လက်နှစ်ဖက်ကို စွန်ကုပ်လက်သည်း ပုံသဏ္ဌာန်ဖြင့် စတင် တိုက်ခိုက်လိုက်၏။

ကောင်းဖုံသည် လူငယ်ပီပီ စိတ်ဓာတ် တက်ကြွနေပါသည်။

ထို့ပြင်....

လုထင်းထံမှ ခံ့ပညာသင်ထားရသည်ဖြစ်ရာ ကောင်းစွာ ယှဉ်နိုင်လိမ့်မည်ဟု ယုံကြည်ထား၏။

မီးဘီလူးက ကောင်းဖုံအား တိုက်ခိုက်လာလျှင်ကျင်းကျင်း ရင်ထိတ်သွားသည်။

'သား....သတိထား'



သူမက သတိပေးပြီး ရှေ့တိုးသွားရန် ဟန်ပြင်လိုက်ချေသည်။

ထိုစဉ်....

'သူ့ကိုအနှောက်အယှက် ပေးလိုက်သလို ဖြစ်သွားပါမယ် နောက်ဆုတ်လိုက်ပါ'

လုထင်းကအနီးသို့ ရောက်ရှိလာပြီး ပြောလိုက် သဖြင့် ကပျာကယာ နောက်ဆုတ်လိုက်ရသည်။

ကျင်းကျင်းက လုထင်းကိုကြည့်ပြီ၊ အားမလို အားမရ ပြောလာသည်။

'သူ့ကို ဒီအတိုင်း လွှတ်ထားတော့မှာလားရှင့်၊ တော်ကြာ ဒုက္ခရောက်သွားဦးမယ်'

လုထင်းခေါင်းခါယမ်းလိုက်သည်။

သူလျှို့ဝှက်စွာ ပြုံးလိုက်ပြီး

'ကိစ္စမရှိပါဘူး သူကောင်းကောင်းကြီး ရင်ဆိုင် နိုင်မှာပါ'

သူက ဂရုဏာထားသော လေသံဖြင့် ပြောလိုက်သည်။

ကျင်းကျင်းမယုံမရဲဖြစ်သွားသည်။

ထိုစဉ်....

'ယား'

ကောင်းဖုံက ကြုံးသံပေးအော် မီးဘီလူးနှင့် ယှဉ်ပြိုင် တိုက်ခိုက်လိုက်ပြီဖြစ်သည်။

လရောင်အောက်တွင် ဓါးရောင်များ ဖွေးဖွေး လျှပ်သွားလေသည်။

ကျင်းကျင်း၏ အိမ်ရှေ့ကွက်လပ်လေး၌ မမျှော်လင့်သော တိုက်ပွဲတစ်ခုရုတ်တရက်ဖြစ်ပေါ်လာလေတော့သည်။

* * *



'ချွမ်း....ချွမ်း'

သံသံချင်းထိသံ ဆူညံစွာ ထွက်ပေါ်လာ၏။

မီးဘီလူးက ကောင်းဖုံအား ရက်စက်ကြမ်းကြုတ်သော သိုင်းကွက်များဖြင့် တိုက်ခိုက်လာသည်။

သူက ကောင်းဖုံအား အသေသတ်ရန် ဆုံးဖြတ်ထားလေသည်။

ထို့ကြောင့်....

သူ၏ဓားကွက်များသည် ကြောက်မက်ဖွယ်ရာ ကောင်းအောင်ပြင်းထန်နေသည်။

သို့သော်....

ကောင်းဖုံက နည်းနည်း ကလေးမျှပင် ကြောက်ရွံ့စိတ် မဖြစ်ပေါ်မိချေ။

စိတ်ကို တည်ငြိမ်စွာထားပြီး တက်ကြွစွာ ပြန်လည်တိုက်ခိုက်နေ၏။

သူက လုထင်းထံမှ သင်ယူထားသော ဓားကွက် များကို တစ်ကွက်ချင်းစီဖော်ထုတ် တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက်သည် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေကြခြင်းဖြစ်သည်။

သို့သော်....

ကောင်းဖုံက နည်းနည်းကလေးမျှပင် ကြောက်စိတ်မဖြစ်ပေါ်မိပါချေ။

စိတ်ကို တည်ငြိမ်စွာထားပြီး၊ တက်ကြွစွာ ပြန်လည်တိုက်ခိုက်နေ၏။

သူက လုထင်းထံမှ သင်ယူထားသော ဓားကွက်များကို တစ်ကွက်ချင်းစီ ဖော်ထုတ်တိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက်သည် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေကြခြင်းဖြစ်သည်။

သို့သော်....

မကြာမီမှာပင် ကောင်းဖုံမှာ အသာစီးရလာသည်။

ကောင်းဖုံမှာ တည်ငြိမ်စွာပင် တိုက်ခိုက်နေခြင်းဖြစ်လေသည်။

ထို့ကြောင့်....

မီးဘီလူး၏ အခြေအနေမှာ ဆိုးရွားလာသည်။

မကြာမီ....

မီးဘီလူးသည်အခြေအနေမကောင်းမှန်း သဘောပေါက်သွားလေသည်။

နောက်သို့ ကမျာကယာ ဆုတ်လိုက်၏။

သို့သော်....

'ခင်ဗျား ဘယ်ပြေးမလဲ'



ကောင်းဖုံက အော်ပေါက်ရင်း၊ ထရကြမ်း၊ တိုက်ခိုက်ရာ မီးဘီလူးမှာ အခက်ကြုံသွားရလေတော့သည်။

ထိုအချိန်မှာပင်....

'ကျုပ်ရှိသေးတယ်'

သိုင်းဘီလူးက အော်ပေါက်ကာ တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာသည်။

သူသည် ဘီလူးအခြေအနေ မဟန်မှန်း၊ သဘောပေါက်၍ နှစ်ယောက်ပေါင်း၊ တိုက်ခိုက်ရန် ခုန်ဝင်လာခဲ့ခြင်းဖြစ်လေသည်။

ဘီလူးလေးဖော်တွင် သူတို့နှစ်ယောက်၏ သိုင်းပညာမှာ အမြင့်မားပင် မဟုတ်ပါလား။

ထို့ကြောင့်....

သူတို့နှစ်ယောက် ပေါင်းတိုက်လျှင် ကောင်းဖုံအား အလွယ်တကူ အနိုင်ရလိမ့်မည်ဟု ယုံကြည်ထားသည်။

'ဟင်'

ကျင်းကျင်း အထိတ်တလန့် ဖြစ်သွားသည်။

နှစ်ယောက်တစ်ယောက် ဖြစ်သွားခြင်းကြောင့် လုထင်းပင် ရင်ထိတ်သွားသည်။

ကောင်းဖုံ အတွက် စိုးရိမ်သွားသည်။

သို့သော်....

ကောင်းဖုံသည် ကြောက်ရွံ့ ထိတ်လန့်ခြင်းမန့်ဘဲ ခေါ၊ ငေ့ယမ်းကာ လုထင်းသင်ကြားပေးထားသည့် သိုင်းကွက်များ ထုတ်ဖော်တိုက်ခိုက်လျက်....

'ဝုန်း'

'အား'

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာ၏။

သိုင်းဘီလူးနှင့် မီးဘီးလူးတို့သည် ကပျာကယာနောက် ဆုတ်သွားကြသည်။

သူတို့၏အဝတ်အစားများ စုတ်ပြဲနေသည်။

ဒဏ်ရာကိုယ်စီ ရသွားကြပြီဖြစ်လေသည်။

'ဟင်'

'ဟာ'

ဘီလူးနှစ်ဖော် ပါးစပ်အဟောင်းသားဖြစ်နေ၏။

သူတို့သည် ကောင်းဖုံကို မယုံကြည်နိုင်စွာဖြင့်ကြည့်နေသည်။

ဝါရင့်သိုင်းသမားကြီးနှစ်ယောက်အား လူငယ်လေးတစ်ယောက်က အနိုင်ယူလိုက်သမှာ အံ့ဩစရာ ကောင်းလှသည် မဟုတ်ပါလား။

ကောင်းဖုံသည် ဘီလူးနှစ်ဖော်အား အနိုင်ရလိုက်သဖြင့် ဝမ်းသာ ပျော်ရွှင်နေပေတော့သည်။



သိုင်းဘီလူးက ကောင်းဖုံကို မယုံကြည်နိုင်စွာကြည့်လိုက်ပြီးလျှင်....

'မင်း....မင်းရဲ့ခြားသိုင်းဟာ မင်းအဖေကောင်းစုရဲ့ မိုးကြိုးခြားသိုင်းမဟုတ်ဘူး'

'ဟင်'

ထိုစကားကြားလျှင် လုထင်းရင်ထိတ်သွား၏။

ရုတ်တရက်....

ရှေ့သို့ ခုန်ထွက်လိုက်ပြီး....

'ဟိတ်....မင်းတို့ နောက်ထပ်လာပြီး ဒုက္ခပေးဖို့ မကြိုးစားကြနဲ့ မြန်မြန်ထွက်သွားကြစမ်း'

ဘီလူးနှစ်ဖော် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ပြီးမှ....

သိုင်းဘီလူးက လုထင်းအား ကြည့်လိုက်ပြီး....

'ကျုပ်တို့ထွက်သွားရမှာဟုတ်လား'

ဟု မေးလာသည်။

လုထင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

သိုင်းဘီလူးက မဲ့ပြုံးပြုံးလိုက်၏။

'ကောင်းပြီ'

သူချာခနဲလှည့်ကာ ထွက်ခွာရန်ဟန်ပြင်လိုက်ပြီးမှ လက်တစ်ဖက် ဝှေ့ယမ်းလိုက်သည်။

'ဝှစ် ဝှစ် ဝှစ်'

လေတိုးသံများ ထွက်ပေါ်လာသည်။

ခါးပျံလေးများသည် လုထင်းနှင့် ကောင်းဖုံ့တို့ထံသို့ တရစပ် လွင့်လာလေသည်။

လုထင်း မျက်လုံးပြူးသွားသည်။

'သတိထား'

ယူက ကောင်းဖုံ့ကို အော်ဟစ်သတိပေးလိုက်ပြီး တွန်းထုတ်လိုက်သည်။

တစ်ဆက်တည်းပင်....

ခန္ဓာကိုယ်ကို လေထဲ ဝမ်းလျားထိုးချကာ ရှောင်တိမ်းမရှောင်ပေးလိုက်လေသည်။

သိုင်းအီလူးက....

'သေပေတော့'

အခွင့်အရေးကို လက်လွှတ်မခံဘဲ လုထင်းကို မြေးဝင် တိုက်ခိုက်လိုက်၏။



လုထင်းသည် လေထဲတစ်ပတ်လှည့်ပြီး ခြေထောက်ဖြင့် ဆန့်ကြောက်လိုက်လျှင်....

'ဝုန်း'

'အား'

သိုင်းဘီလူးမှာ စူးရှစွာအော်ဟစ်ရင်း အဝေးသို့လွင့်စဉ် သွားလေသည်။

ထိုအချိန်တွင်....

'ယား'

ကောင်းဖုံ့နှင့် မီးဘီလူးတို့သည် ညဲသံပေး၍ တိုက်ခိုက်နေကြပြီ ဖြစ်၏။

မီးဘီလူးသည် အတွေ့အကြုံ ရင့်ကျက်သူ ပီပီ လှည့်စားတိုက်ခိုက်ဖို့ ကြိုးစားသော်လည်း ကောင်းဖုံ့၏ ဓားကွက်တို့က အလွန် ထက်မြက်နေ၍ ဘာမှ မတတ်နိုင်တော့ဘဲ နေရာသို့ တစ်ဆုတ်တည်း ဆုတ်နေရ၏။

ထိုစဉ်....

လုထင်း၏ လက်ချက်ကြောင့် အဝေးသို့ လွင့်စင်သွားသည့် သိုင်းဘီလူး မှာ လူးလှဲထလာသည်။

သူက အခြေအနေကို အကဲခတ် ကြည့်ပြီး မီးဘီလူးနှင့် တိုက်ခိုက်နေသော ကောင်းဖုံ့ထံ ဓားမြှောင်တစ်ချောင်းတိတ်တဆိတ် ပစ်လွှတ်လိုက်၏။

'ဝုစ်'

လေတိုးသံ တစ်ချက် ထွက်ပေါ်လာပြီး ခွေးမြှောင်မှာ ကောင်းဖုထံ ပြေးဝင်သွား၏။

လုထင်းက ခွေးမြှောင်သွားရာ လမ်းသို့ ပိတ်ဆို့ထားလိုက်ပြီး လက်တစ်ဖက် ဆွဲယမ်းလိုက်၏။

'ဝုစ်....'

ခွေးမြှောင်မှာ ကောင်းဖုထံသို့ မရောက်ဘဲ နောက်ပြန်လှည့်လာ၏။

'ဟင်'

သိုင်းဘိုးလူး အထိတ်တလန့် ဖြစ်သွားသည်။

သူ၏ ခွေးမြှောင်သည် သူ့ထံသို့ အရှိန်ပြင်းစွာဖြင့် ပြေးဝင်လာနေပြီ မဟုတ်ပါလား။

သူက ချက်ချင်းပင် ရှောင်တိမ်းရန် ဟန်ပြင်လိုက်တော့သည်။

သို့သော်

တိုးဝင်လာသော ခွေးမြှောင်၏ အရှိန်မှာ လျင်မြန်လွန်းရသည်ကား နောက်ကျသွားပြီ ဖြစ်သည်။

ခွေးမြှောင်သည် သိုင်းဘိုးလူး၏ ရင်ဝသို့ တစ်ဆုံး စိုက်ဝင်သွား၏။



'စွပ်'

'အား'

သိုင်းဘိုးလူး စူးဝါးစွာ အော်လိုက်၏။

ထို့နောက်....

လုထင်းအား မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့်ကြည့်ရာ....

'ဝုန်း'

မြေပေါ် လဲကျသွား၏။

* * *

မီးဘီလူးနှင့် ကောင်းဖုံတို့မှာ သဲသဲမဲမဲ ထိုးကြိတ်နေကြသည်။

မီးဘီလူးသည် ကောက်ကျစ်သူ တစ်ဦးဖြစ်ရကား လက်နက်ပုန်းတို့ဖြင့်ပါ အသုံးပြုလာ၏။

သို့သော်....

အရာမထင်ဘဲ ဖြစ်နေသည်။

အေးဆေး တည်ငြိမ်လှသော ကောင်းဖုံ၏ဓားချက်များအောက်တွင် အလူးအလဲ ခံနေရသည်။

ထိုစဉ်....

'အား'

သိုင်းဘီလူး၏ စူးရှသော အော်ဟစ်သံ တစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်သည်။

'ဟင်'

မီးဘီလူး၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ ဖြစ်သွားပြီး သိုင်းဘီလူးဆီသို့ စိတ်အာရုံ ရောက်ရှိသွား၏။

ထိုသို့ စိတ်အာရုံ ပျက်ပြားသွားသည်က သူ၏ အမှားပင်ဖြစ်သည်။

ကောင်းဖုံက ရရှိသော အခွင့်အရေးကို လက်လွှတ်မခံဘဲ ဓားကိုင်လက်အား ဝှေ့ယမ်းလိုက်၏။

မရှေးမနှောင်းမှာပင်....

'အား'

စူးရှသော အော်ဟစ်သံ တစ်ချက် ထွက်ပေါ်လာ၏။



မီးဘီလူးမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေတော့သည်။

သူ၏ ရင်ဝတွင် သွေးချင်းချင်း နီရဲနေသည်။

သူက ကောင်းဖုံကို မယုံကြည်နိုင်စွာဖြင့် ကြည့်လိုက်ပြီးလျှင်....

'မင်း....မင်းက ဓားပါရဂူ ဝမ်းလို့နဲ့ ဘယ်လိုများ ပတ်သက်နေသလဲ'

'ဟင်'

မဖြေလင့်သောစကားကြားလိုက်ရသောကြောင့် ကောင်းဖုံ အံ့သြသွား၏။

မီးဘီလူး၏ မျက်နှာ ရှုံ့မဲ့သွားသည်။

'မင်း....မင်းဟာ ဓားပါရဂူ ဝမ်းလို့ရဲ့ ပညာအမွေကို ရရှိထားလို့ ကျုပ်တို့ကို အနိုင်ရ....'

သူ၏ စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။

'ဝုန်း'

ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး မြေပေါ် လဲကျသွားသည်။

သိုင်းလောကတွင် ဆိုးသွမ်းနေသော ဘီလူး ဆွေဖော်မှာ အမိုက်ဇာတ် သိမ်းသွားကြပြီ ဖြစ်လေသည်။

• • *

အကြွေ။

---

ကောင်းဖုံ၏ မျက်လုံးအစုံ ပြူးကျယ်နေသည်။

သူက လုထင်းကို စိုက်ကြည့်နေ၏။

လုထင်းကလည်း တိတ်ဆိတ်စွာ ရပ်၍ သူ့ကို ငေးကြည့်နေသည်ကို တွေ့ရ၏။

ဘိုလူး နှစ်ဖော်မှာ သေဆုံးသွားကြပြီ ဖြစ်သည်။

တောင်းစုနှင့် ပတ်သက်သော ရန်ကြွေးမှာ ပြီးဆုံးသွားပြီ ဖြစ်သည်။

သို့သော်....

ပြဿနာတစ်ခုက ကျန်ရစ်ခဲ့ပါသည်။

လုထင်း မည်သို့မျှ မဖြေရှင်းနိုင်သော ပြဿနာပင် ဖြစ်လေသည်။



ကောင်းဖုံက လုထင်းကို စေ့စေ့ကြည့်လိုက်ပြီး....

'ဦးလေး'

လုထင်း၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။

သူက အတန်ကြာမှ သက်ပြင်းတစ်ချက်ချကာ....

'ပြောပါ'

ကောင်းဖုံက လုထင်းအား စိုက်ကြည့်လိုက်ပြီး စိတ်လှုပ်ရှားသော လေသံဖြင့် ပြောလေ၏။

'ကျွန်တော်အသုံးပြုခဲ့တဲ့ ဓားကွက်တွေဟာ ဓားပါရဂူဝမ်းလိရဲ့ ဓားသိုင်းကွက်တွေလို့ မီးဘီလူး ပြောသွားတယ်၊ အဲဒါဟုတ်တာလား'

လုထင်းက သက်ပြင်းတစ်ချက်ကို လေးပင်စွာချလိုက်၏။

ထို့နောက်....

ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်၏။

'ဟုတ်ပါတယ်'

'ဟင်'

ကောင်းဖုံ၏ ခန္ဓာကိုယ် မသိမသာ တုန်ခါသွားသည်။

သူက လုထင်းအား မျက်လုံးပြူး၍ကြည့်လိုက်ပြီး

'ဦး... ဦးလေးဟာ'

အထစ်ထစ် အငေါ့ငေါ့ဖြင့် မေးလိုက်သည်။

လုထင်းက မဲ့ပြုံးပြုံးလိုက်၏။

ထို့နောက်....

သူက ရင်ထော့လိုက်ပြီး....

'ကျုပ်ဟာ ဓားပါရဂူဝမ်းလိပါပဲ'

ဟု ပြောလိုက်လေသည်။

သူ၏လေသံတွင် ကြေကွဲမှုများ ရောယှက်နေ၏။

သူ၏ စကားအဆုံးတွင်....

'ဟာ'

ကောင်းဖုံ့က အထိတ်တလန့် အော်ဟစ်လိုက်သေသည်။

ထို့နောက်....

'ချွမ်း'

လက်ထဲတွင် ကိုင်ထားသော မိုးကြိုးစေးမှာ မြေပေါ်သို့ လွတ်ကျသွားလေတော့သည်။

* * *



ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

ကောင်းဖုံ့ မလှုပ်မယှက်ရပ်နေ၏။

သူ၏မျက်လုံးအစုံက လုသင်းကိုစူးရဲစွာဖြင့် စိုက်ကြည့်နေလေသည်။

သူ၏ မျက်နှာတွင်....

မယုံကြည်နိုင်ခြင်း၊ အံ့သြခြင်း၊ ဝမ်းနည်းခြင်း၊ ခံပြင်းခြင်း၊ ဒေါသထွက်ခြင်း စသည့်အရိပ်အယောင်များ လွှမ်းမိုးနေပေသည်။

ရုတ်တရက်....

ကျင်းကျင်းက ရှေ့တိုးလာသည်။

ထို့နောက်....

ကောင်းဖုံ့၏ လက်တစ်ဖက်ကို ဆွဲကိုင်ထားလိုက်သည်။

ဤတွင်....

ကောင်းဖုံ့သည် လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး....

'သူဟာ ဖေဖေ့ကို သတ်သွားတဲ့ လူသတ်သမားဝမ်းလီတဲ့ မေမေ'

ဟု ကြေကွဲသောလေသံဖြင့် ပြောလေ၏။

ကျင်းကျင်းက တစ်ချက်မျှမပြောချေ။

လုသင်းကိုသာ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေတော့သည်။

'အင်း'

လုသင်းက သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

ထို့နောက်....

ကောင်းဖုံ အားကြည့်ကာ ဝမ်းနည်းသော လေသံတို့ဖြင့် ပြောလိုက်လေ၏။

'ကျုပ်ဟာ ဝမ်းလိဆိုတာ အမှန်ပါပဲဗျာ၊ ဒါပေမယ့် ကျုပ်က မင်းအဖေကို တမင်သတ်သက် သတ်ပစ်ခဲ့တာမဟုတ်ဘူးဆိုတာ မင်းသိစေချင်တယ်'

ကောင်းစု သူ့ထံသို့ ရောက်လာပုံ။

သူက အချိန်ဆွဲထားပြီး ရက်အတန်ကြာ အတူတကွနေခဲ့ကြပုံ၊

ယှဉ်ပြိုင်ခြင်း မပြုဖို့အတွက်အမျိုးမျိုး နားချခဲ့သော်လည်း ကောင်းစုက လက်မခံသဖြင့် ယှဉ်ပြိုင်ခဲ့ရပုံ၊

သူက အရှုံးပေးရန် ကြံစည်ခဲ့သော်လည်း ကောင်းစု၏ မမျှော်လင့်သော တိုက်ကွက်ကြောင့် ဒဏ်ရာပြင်းထန်စွာဖြင့် ရရှိခဲ့ပုံ၊

သူ၏ လက်ထဲမှ လွတ်ထွက်သွားခဲ့ရသော ဓားကြောင့် ကောင်းစု အသက်ဆုံးရှုံးရပုံများကို ရှင်းပြလေသည်။

လုထင်၊ (၀၁) ခေါ်ပါရဂူဝမ်းလိက....

'တကယ်တော့ ကျုပ်က ပြိုင်ပွဲတွေကိုရွံမုန်းလို့ တိတ်တဆိတ် ဇာတ်မြုပ်နေခဲ့တယ်၊ ဒါပေမယ့် ကျုပ်ဘယ်နေရာမှာပဲ နေနေ ပြိုင်ချင်သူတွေက ကျုပ်ဆီကိုရောက်ခဲ့ကြတာ အံ့သြစရာပါပဲ....

'တကယ်လို့ ကျုပ်အကြောင်းကို ဘယ်သူမှ မသိကြဘူးဆိုရင် ခုလိုပြဿနာတွေ ပေါ်ပေါက်လာမှာ မဟုတ်ပါဘူး'

သူက ယူကျုံးမရသောလေသံဖြင့် ပြောပြလေ၏။



သူ့လက်ချက်ကြောင့် ကောင်းစု သေဆုံးသွားရသကဲ့သို့ ကောင်းစု၏ဓားချက်ဖြင့် သူလည်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

အချိန်မီ ကုသမှုခံယူခဲ့၍ အသက်မသေဆုံးခဲ့ခြင်း ဖြစ်ပေသည်။

သူတို့နှစ်ယောက်သည် တရားမျှတစွာ ရင်ဆိုင်ခဲ့ကြခြင်း ဖြစ်လေသည်။

ကောင်းဖုံ အံကြိတ်လိုက်သည်။

သူက စိုက်၍ကြည့်ကာ ဝမ်းလိအား မေးမြန်းလိုက်လေသည်။

'ခင်ဗျားက ဘာသဘောနဲ့ ကျုပ်တို့ဆီမှာ လာနေရတာလဲ၊ ပြောစမ်းပါဦး'

ဝမ်းလိက သက်ပြင်းချလိုက်၏။

သူက လေးနက်စွာဖြင့် ပြောလေ၏။

'ကျုပ်ရဲ့ဓားချက်ကြောင့် ဘယ်သူမှ အသက်မသေစေရဘူးလို့ သစ္စာပြုထားပါတယ်၊ ဒါပေမယ့် ကျုပ်ကြောင့်ပဲ ကောင်းစု သေဆုံးသွားခဲ့ရတယ်'

ပြောရင်း သူ၏အသံတိမ်ဝင်သွား၏။

အတန်ကြာမှ....

အံတစ်ချက် ကြိတ်လိုက်ပြီး

'ဒါကြောင့် ကျုပ်လဲ သူ့ရဲ့ကိုယ်စား ကျုပ်ရဲ့အပြစ်ကြွေးတွေကို ဆပ်ခဲ့ဖို့ဆုံးဖြတ်တာပါ'

ဝမ်းလိက ကောင်းစုံ၏ကိုယ်စား သူတို့သားအမိနှစ်ဦးအား စောင့်ရှောက်နေခြင်း ဖြစ်သည်။

ပင်ပန်း နွမ်းနယ်သည့်တိုင် သဘောမထားဘဲ မည်သည့်အလုပ်မျိုးမဆို သိမ်းကျုံး၍ လုပ်ပေးသည်။

ကျရောက်လာသော ဘေးအန္တရာယ်အပေါင်းမှ ကာကွယ်စောင့်ရှောက်ပေးသည်။

အမှန်စင်စစ်....

ဝမ်းလိသည် ကောင်းစုံကိုယ်စား တာဝန်ကျေပွန်ခဲ့သည် မဟုတ်ပါလော။

သို့သော်....

ကောင်းဖုံက....

'ကျုပ်အဖေကို သတ်လိုက်တဲ့အတွက် ခင်ဗျားကို ကျုပ်မကျေဘူး'

သူက ဒေါသတကြီးဖြင့် ပြောလေ၏။

ဝမ်းလိ ပြုံးလိုက်၏။

သူ၏အပြုံးမှာ မချိပြုံးပင်ဖြစ်၏။

'ဒီကိစ္စအတွက် တစ်နေ့ ကျုပ်ပြန်ပြီးပေးဆပ်ရမယ်ဆိုတာ နားလည်ပြီးသားပါ'

ကောင်းဖုံ၏မျက်နှာ ရုတ်ခြည်းဆိုသလို ခက်ထန်သွားလေ၏။

သူက ဝမ်းလိအား မုန်းတီးစွာဖြင့် ကြည့်လိုက်ပြီး....

'ခင်ဗျားကို ကျုပ်သတ်မယ်'



စကားဆုံးလျှင် မြေပေါ်ကျနေသောဓားကို ကောက်ယူလိုက်၏။

ထို့နောက်....

ဝမ်းလိထံ ပြေးဝင်၍ တိုက်ခိုက်လိုက်သည်။

ဝမ်းလိမှာ မလှုပ်မယှက်ရပ်နေ၏။

ထိုစဉ်....

'သား....မလုပ်နဲ့'

ကျင်းကျင်းက ဟန့်တားလိုက်သေး၏။

ကောင်းဖုံ တုံ့ခနဲဖြစ်သွား၏။

သူက မိခင်ဖြစ်သူကို ကြည့်လိုက်ပြီး

'မေမေ၊ သူဟာ ဖေဖေ့ကိုသတ်သွားတဲ့ လူသတ်သမား ဆိုတာ မသိဘူးလား'

ကျင်းကျင်း မချိပြုံးပြုံးလိုက်သည်။

'မေမေသိတာ ကြာပါပြီကွယ်'

'ဟင်'

'ဟာ'

ထိုစကားကိုကြားရသျှင် ကောင်းဖုံသာမက ဝမ်းလိပင် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

● ● ●

ကျင်းကျင်းမျက်နှာ တည်ကြည်လေးနက်နေသည်။

သူက ကောင်းဖုံ အားကြည့်ကာ....

'အစစီးက မေမေတို့ကိုဒုက္ခပေးပြီး သူရောက်လာကာတည်းက မေမေရိပ်မိခဲ့ပါတယ်....

'ဒါပေမယ့် အဲ့ဒီတုန်းကတော့ မသေချာခဲ့ သေးဘူး။ မြေဘီလူးရောက်လာတဲ့အခါမှသေချားတယ်....

'သူဟာ သိုင်းပညာကို လျှို့ဝှက်ထားခဲ့မှန်းလဲရိပ်မိခဲ့တယ်၊ မေမေဟာ မြို့ကိုသွားရင်းလူပျော်ကြီးဆီကသတင်းတွေမကြားမကြားစုံစမ်းသိရှိခဲ့ရပါတယ်....

သားဖေဖေသေဆုံးသွားခဲ့သလို ဝမ်းလိလဲပဲ့ ဒဏ်ရာပြင်းထန်စွာရရှိသွားတယ်ဆိုတာ သိခဲ့ရတယ်....

'သူတို့ဟာ တရားမျှတစွာ ယှဉ်ပြိုင်ခဲ့ကြတယ် ဆိုတာ သိခဲ့ရတယ်'

သူ တစ်လုံးချင်းပြောလေ၏။

ကောင်းဖုံက မကျေမနပ်ဖြင့်....

'ဘာပဲဖြစ်ဖြစ် ဖေဖေ သေဆုံးသွားရတာဟာသူ့လက်ချက်ကြောင့်ပါပဲ'

ကျင်းကျင်း အဓိပ္ပာယ်ပါပါပြုံးလိုက်၏။

သူမက ကောင်းဖုံ အား ကြည့်ပြီး....

'ဒါကြောင့် သိုင်းပညာ မသင်ပါနဲ့လို့ သားကို မေမေ ပြောခဲ့တာပေါ့....

'တစ်ယောက်နဲ့ တစ်ယောက် ယှဉ်ပြိုင်ကြရင်း သေချင်သေမယ်၊ ဒါမှမဟုတ်ရင် ဒဏ်ရာရချင် ရမယ်မဟုတ်လား'



'ဟင်'

ကောင်းဖုံ၏ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွား၏၊

သူက မိခင်ဖြစ်သူအား မယုံကြည်နိုင်စွာဖြင့် ကြည့်ရင်း မေးလိုက်မိလေ၏။

'မေမေက သူ့ကို ခွင့်လွှတ်နိုင်တယ်ပေါ့ ဟုတ်လား'

ကျင်းကျင်းသက်ပြင်းတစ်ချက်ချလိုက်၏။

ထို့နောက်....

တည်ငြိမ်သောလေသံဖြင့် ပြော၏။

'မေမေဟာ လောကဓံ တရားကို ကြံ့ကြံ့ခံနိုင်ခဲ့ပါပြီ ကွယ် သားရဲ့ဖေဖေဆုံးသွားခဲ့ပါပြီ....

'သူ့ကိုသတ်လိုက်လို့ သားဖေဖေ အသက်ပြန်ရှင် လာမယ် ဆိုရင် မေမေကိုယ်တိုင် သားထက်လက်ဦးအောင်သူ့ကို သုတ်သင်ရှင်းလင်းပစ်မှာပါ'

ကောင်းဖုံ၏မျက်နှာပျက်သွား၏။

ကျင်းကျင်းက ဆက်ပြောသည်။

'သူ့ကိုသတ်ပစ်လိုက်တော့ရော ဘာထူးမှာလဲ သူက ဘာကြောင့် မေမေတို့နဲ့လာနေရသလဲ....

'သားကို ဘာကြောင့် သိုင်းပညာ သင်ပေးခဲ့တာလဲ.... ဒါတွေကို သားပြန်ပြီးစဉ်းစားကြည့်ပါ၊ သူဟာသာ အသက်ရှင်လျက်သေဆုံးနေတာနဲ့မထူးခြားပါဘူး'

သူမက ကောင်းဖုံး နားလည်အောင် ရှင်းပြလိုက်လေတော့သည်၊

ကောင်းဖုံ့းတဖြည်းဖြည်း နားလည်သဘောပေါက်လာတော့၏။

ဝမ်းလိသည် တရားမျှတစွာ ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲ၌ အနိုင်ရခဲ့ပေ၏။

ဉ်တိုင်....

သူ၏လက်ချက်ဖြင့် ကောင်းစုသေဆုံး သွားခဲ့ရသည့်အခါ နစ်နာဆုံးရှုံးရသည်ဟု သဘောပိုက်တာ အနစ်နာခံပြီး လာရောက်ကူညီစောင့်ရှောက်ပေးခဲ့၏။

ဝမ်းလိသည် ခါးသမား ကောင်း တစ်ယောက် ဖြစ်သည့် အပြင် အလွန်သဘောထားကြီးသူ စိတ်ထားဖြူစင်သူ တစ်ဦး ဖြစ်နေသည် မဟုတ်ပါလား။

ကျင်းကျင်းက....

'သားစိတ်လိုက်မာန်ပါ လုပ်မယ်ဆိုရင် အမှားကြီး မှားသွားလိမ့်မယ်'

ကောင်းဖုံ့းမည်သို့ ဆုံးဖြတ်ရမှန်းမသိ ဖြစ်နေ၏။

သူက ကျေးဇူးရှင်ဟု လည်းကောင်း ဆရာဟု လည်းကောင်း သတ်မှတ်ထားသူသည် သူ၏ ဖခင်အား အသက်သေဆုံးအောင် ပြုခဲ့သူဖြစ်နေသည် မဟုတ်ပါလား။

'အင်း'

ဝမ်းလိသက်ပြင်းချလိုက်၏။

'ကောင်းဖုံ့ မင်းက ကျုပ်ကို သတ်ပစ်လိုက်လဲ့ ကျုပ်က မင်းကိုအပြစ်မတင်ပါဘူး....



'ကျုပ်အတွက် မင်းကိုပြန်ပြီး လက်စားချေမယ့် လူလဲ မရှိပါဘူး....

'မင်းကြိုက်သလို စီရင်လိုက်ပါကွာ၊ ကျုပ်သေလဲ ဘာမှ ထူးမှာလဲ ဒီလောကကြီးထဲမှာ နေရတာကျုပ်လဲ ညည်းငွေ့လှပါပြီ'

သူက ခံစားချက်ကင်းမဲ့သော လေသံဖြင့် ပြောလာလေသည်။

ကောင်းဖုံ့ အံကြိတ်လိုက်သည်။

'စိတ်ချ ခင်ဗျားကို သတ်ပစ်ရမှာပဲ'

စကားဆုံးလျှင် ဝမ်းလိထံသို့ လှမ်းသွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'တော....နောက်ဆုတ်လိုက်စမ်း၊ ဝမ်းလိဟာ ကျုပ်အတွက် အဲဖြစ်ရမယ်'

စကားသံတချက် ထွက်ပေါ်လာသည်။

မြက်ကွက်လပ်သို့ လူရိပ်တစ်ခု ရောက်ရှိလာသည်။

ထိုလူရိပ်က ကောင်းဖုံ့အား တွန်းထုတ်လိုက်၏။

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး....

ကောင်းဖုံ့မှာ လွင့်စဉ်သွားတော့သည်။

● ● *

ကောင်းဖုံ ကပျာကယာလှမ်းလိုက်၏။

မမျှော်လင့်ဘဲ ရောက်ရှိလာသူ၏ တိုက်ခိုက်ခြင်းခံလိုက်ရသဖြင့် ထိတ်လန့်သွား၏။

နှုတ်ခမ်းထောင့်မှ စီးကျလာသောသွေးများကို လက်ခုံဖြင့် သုတ်ပစ်လိုက်မိသည်။

ထို့နောက်....

သူ့အား တိုက်ခိုက်လာသူကို မျက်လုံးပြူးကာ ကြည့်လိုက်မိသည်။

အခါ...

လူရွယ်တစ်ယောက်နှင့် အဘိုးအိုတစ်ယောက်တို့ ရောက်ရှိနေကြသည်ကို တွေ့လိုက်ရ၏။

လူရွယ်မြင်ရလျှင် ကောင်းဖုံ၏ရင်ထဲ မကောင်းသော အတိတ်နိမိတ်များ ခံစားလာရသည်။

ထိုလူရွယ်သည် အလွန်ကြောက်မယ်ဖွယ်ရာ ကောင်းသူ တစ်ဦးဖြစ်ကြောင်း၊ ချက်ချင်းပင် ဆင်ခြင်လိုက်မိလေသည်။

လူရွယ်ထံမှ သူ့အား လုံးဝဂရုမစိုက်ပါချေ။

ဝမ်းလီကို လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်ပြီးလျှင်....

'အစ်ကိုကြီးကို ကျွန်တော် လိုက်ရှာနေတာ အတော်ကြာသွားပါပြီ'

ဝမ်းလီက မျက်မှောင်ကုတ်လိုက်၏။

သို့သော်

လူက ဘာမှ မပြောဘဲ ပါးစပ်ပိတ်ထားလိုက်၏။

လူရွယ်က ဆက်ပြောလာသည်။



'အစ်ကိုကြီးက ကောင်းစုရဲ့ ဇနီးသည် အိမ်မှာ လာပြီး အလုပ်အကျွေး ပြုစုနေတာကို၊ အကြွေးဆပ်တဲ့သဘောပေါ့ လေ'

သူက ပြုံး၍ ပြောလိုက်ခြင်း ဖြစ်၏။

ဝမ်းလီ၏ မျက်နှာ တည်ကြည်လေးနက်သွားသည်။

သူက လူရွယ်အား ကြည့်ရင်း အေးစက်စက် ပြောလိုက်သည်။

'ချူးစန် မင်းဘာလိုချင်သလဲ'

ထိုလူရွယ်မှာ....

ချူးစန်ပင် ဖြစ်သည်။

သူက ဝမ်းလီကို ယဲကြီးမှဲ့ကြီး လိုက်ရှာနေရာမှ နေ့တဆုံး တွေ့ရှိသွားခဲ့ပြီ ဖြစ်၏။

ချူးစန်က ဦးညွှတ်လိုက်ပြီး....

'ကျွန်တော် အရင်ဆုံး ပြောချင်တာကတော့ အစ်ကိုကြီးကို ကျေးဇူးတင်တယ်ဆိုတဲ့ အကြောင်းပါပဲ'

ဝမ်းလီ မဲ့ပြုံးပြုံးလိုက်၏။

သူက ချူးစန်အား စေ့စေ့ကြည့်၍....

'မင်းတာ ငါ့ရဲ့ ဓားကွက်တွေကို ခိုးပြီး လေ့လာခဲ့ရလို့ မဟုတ်လား'

ချူးစန် မျက်နှာပျက်သွား၏။

သို့သော်

ချက်ချင်းပင် ခေါင်းညိတ်မိ၏။

'ဟုတ်ပါတယ်ဗျာ'

ဝမ်းလီက သူ့ကို ကြည့်၍ အေးစက်သော လေသံဖြင့်ပြော လာပြန်၏။

'ဒါတင် ဘယ်ကဦးမလဲ၊ ထိပ်တန်း ခါးသမားတော့ ကျုပ် နဲ့ လာပြီး ယှဉ်ပြိုင်တဲ့အခါ မင်းက ဖြိုင်ပွဲကို စောင့်ကြည့်ပြီး သိုင်းကွက်တွေကို လေ့လာ မှတ်သားခဲ့တယ် မဟုတ်လား'

ချူးစန်က ခေါင်းညိတ်၍....

'ဟုတ်ပါတယ်ဗျာ'

ဟု၍ ဝန်ခံလိုက်၏။

ဝမ်းလီ၏ မျက်နှာ တင်းမာသွားသည်၊

သူက ချူးစန်အား ရှရှားသော မျက်လုံးအစုံဖြင့် စိုက် ကြည့်လိုက်ပြီးလျှင်....

'ဒါကြောင့် ကျုပ်က သိုင်းလောကသားတွေနဲ့ ဝေး အောင် ဘယ်လိုပဲ ရှောင်တိမ်းပြီး ဇာတ်မြှုပ်ခဲ့ပေမယ့် ကျုပ် ဘယ်နေရာမှာ ရှိတယ်ဆိုတာ သိုင်းလောကသားတွေ သိသွား အောင် မင်းပဲ သတင်းလွှင့်ခဲ့တာ မဟုတ်လား'

ချူးစန်က ပြုံးလိုက်သည်။

သူက ဝမ်းလီအား သနားစရာ သတ္တဝါ တစ်ကောင်ပမာ စိုက်ကြည့်လိုက်ပြီး....

'ဟုတ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဘယ်သူမှ လာပြီး မယှဉ်ပြိုင်ကြဘူးဆိုရင် ကျုပ်က အစ်ကိုကြီးရဲ့ သိုင်းကွက်တွေ ကို လေ့လာဖို့ အခွင့်အရေး မရနိုင်ဘူးလေ....



'ပြိုင်ဖက်တွေ တစ်ယောက်ပြီး တစ်ယောက် ရောက်လာ မှသာ အစ်ကိုကြီးရဲ့ ဓားကွက်တွေ ထွက်ပေါ်လာရမယ်၊ ဒါမှ ကျုပ်က လေ့ကျင့်လို့ ရမယ် မဟုတ်လားဗျ'

သူက လုံးဝ ရှင်းဆန်ခြင်း မပြုဘဲ ဝန်ခံနေပါသည်၊

ဝမ်းလီက....

'ကောင်းစု ကျုပ်ဆီကို လာတယ်'

ချူးစန်က ပြုံးလိုက်၏၊

သူက ဝမ်းလီအား ကြည့်၍...

'ကျုပ်က သတင်းအရောင်းအဝယ်လုပ်တဲ့ ဇီးကွက်နဲ့ တိုင် ပင်ပြီး စီစဉ်လိုက်တာပါ၊ သိုင်းလောကမှာ အစ်ကိုကြီး ပြီး ရင် မိုးကြိုးဓား ကောင်းစုဟာ သိုင်းပညာ အတော်ဆုံး ဆို တာ သူရပါတယ်....

'ရတနာဓား မုယုကို လုပ်ကြံချင်သူတွေ ရှိနေကြသေး တယ်၊ ရတနာဓား မုယု ဒုက္ခ ရောက်သွားရင် မိုးကြိုးဓား ကောင်းစုဟာ သိုင်းလောကထဲ ဆင်းလာမယ်...

'ပြီးတော့...အစ်ကိုကြီးနဲ့ ရင်ဆိုင်တွေ့မယ်၊ ဒီလိုဖြစ်လာ အောင်လို့ ကျုပ်က သေသေချာချာ အကွက်ချစီစဉ်ခဲ့ရတာ ပါပဲ'

ယခု....

ချူးစန်သည် အလွန် ကောက်ကျစ်စဉ်းလဲသူ ဖြစ်ကြောင်း ထင်ရှား ပေါ်လွင်နေပါတော့သည်၊

ကောင်းဖို့ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

သူတို့အားလုံးသည် ဘုမသိဘမသိ လူတစ်ယောက်၏ လှည့်ကွက်ထဲဝင်မိခဲ့ကြသည် မဟုတ်ပါလား။

ထိုလူဖြစ်စေချင်သည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်ဖြစ်ပျက်ခဲ့ကြသည် မဟုတ်ပါလော။

ထို့အပြင်....

ချူးစန်းသည်ဝမ်းလီ၏ဘဝကိုလည်းကြိုက်သလို ခြယ်လှယ်ခဲ့ရသည်ဟု ဆိုနိုင်ပါတော့သည်။

ဝမ်းလီ ပြုံးလိုက်သည်။

'မင်းကို ချီးကျူးပါတယ်ကွာ'

'ဟား...ဟား....ဟား'

ချူးစန် သဘောကျစွာ ရယ်မောလိုက်သည်။

ဝမ်းလီက....

'ဦးလေးချူးတလဲ့ နေကောင်းတယ်နော်'

ဟု ချူးတကို လှမ်းပြီးနှုတ်ဆက်လိုက်သည်။

ချူးတ မျက်နှာပျက်နေပါသည်။

'ကျုပ်....ကျုပ်'

ဝမ်းလီ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က ဦးလေးချူးတကို ဘယ်တော့မှ အပြစ်တင်မှာမဟုတ်ပါဘူးဗျာ'

'အင်း'

ချူးတ သက်ပြင်းတစ်ချက်ချလိုက်သည်။

သူက ဝမ်းလီအားကြည့်ကာ....



'ကျုပ် တောင်းပန်ပါတယ်၊ ကျုပ်တို့ကို လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ သိုင်းသမားတစ်ယောက်ဖြစ်လာစေချင်လို့ လုပ်လိုက်တာပါ'

'ကျုပ် နားလည်ပါတယ်ဗျာ၊ အခုတော့အားလုံးကျေနပ်သွားပြီဟုတ်လား'

ဟု မေးလိုက်၏။

ချူးတ ခေါင်းငုံ့ထားလိုက်လေသည်။

ဝမ်းလီက ချူးစန်အား ကြည့်လိုက်ပြီး....

'ချူးစန်'

သူက ခေါ်လိုက်၏။

ချူးစန်က သူ့အားစိုက်ကြည့်လာသည်။

'ပြောပါ အစ်ကိုကြီး'

ဝမ်းလီက စေ့စေ့ကြည့်ပြီး....

'ငါ့ညီလိုချင်တဲ့ သိုင်းပညာတွေ ရခဲ့ပြီလို့ ထင်တယ်'

ချူးစန်ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် အစ်ကိုကြီး'

ဝမ်းလီ သက်ပြင်းချလိုက်၏။

သူက ချူးစန်အား အကဲခတ်ကြည့်လိုက်ပြီး....

'ဒါဖြင့် ငါ့ညီရောက်လာတာဟာ'

ချူးစန်မျက်နှာ တည်ကြည်သွား၏။

'ကျွန်တော့်မှာ အစစအရာရာပြည့်စုံနေပြီလို့ ဆိုပေမယ့် တစ်ခုလိုအပ်နေပါသေးတယ်'

ဝမ်းလီ ခေါင်းညိတ်လိုက်၏။

'ပြောပါ'

ချူးစန်က....

'ကျွန်တော် သိုင်းလောကရဲ့ ပထမဓားသမားတစ်ယောက် ဖြစ်ချင်လို့ပါ'

သူ၏စကားကြားရလျှင်....

'ဟား....ဟား....ဟား'

ဝမ်းလိသဘောကျစွာ ရယ်မောလိုက်လေ၏။

'ငါ့ညီဟာ အခုဆိုရင် သိုင်းလောကမှာ ပထမဓားဘွဲ့ ရထားလောက်ပါပြီ'

ချူးစန် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ဒါပေမယ့်'

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလေ၏။

ဝမ်းလိ မျက်မှောင်ကြုတ်လိုက်၏။

'ဒါပေမယ့် ဘာဖြစ်သလဲ'

ချူးစန် မဲ့ပြုံးပြုံးလိုက်သည်။

'ဒါပေမယ့် သိုင်းလောကက ပထမဓားက နှစ်ယောက် ဖြစ်နေပါတယ်'

'ဪ'

'ဒါကြောင့် လောကပေါ်မှာ အစ်ကိုကြီးနဲ့ ကျွန်တော် တစ်ယောက်ယောက်မရှိမှ ဖြစ်ပါလိမ့်မယ်'

ထိုစကားကြားရလျှင် ကောင်းဖုံနှင့် ကျင်းကျင်းတို့ခံပြင်း သွားကြလေသည်။



ကောင်းဖုံသည် ဖခင်နှင့် ဝမ်းလိတို့မှာ ချူးစန်၏ ထောင်ချောက်အတွင်းသို့ ကျရောက်လူးခဲ့ရကြောင်း သဘောပေါက်သွားပြီဖြစ်သည်။

ယခု....

ချူးစန်၏စကား ကြားလိုက်ရသောအခါ ခံပြင်းဒေါသ ထွက်သွားလေတော့သည်။

'ခင်ဗျားယုတ်မာလှချည်လား'

အော်ငေါက်ကာ မိုးကြိုးဓားကိုဝှေ့ယမ်းပြီး ချူးစန်အား ခုန်ဝင်တိုက်ခိုက်လေသည်။

သို့သော်....

ချူးစန်နှင့် ရင်ဆိုင်လိုက်ရသောအခါ မရှူမလှ ခံလိုက်ရလေတော့သည်။

ချူးစန်က လက်ဝှေ့ယမ်းလိုက်သည်။

လက်တစ်ဖက်က ကောင်းဖုံ၏ လက်ထဲမှဓားကို လုယူလိုက်ပြီး ကောင်းဖုံ၏ရင်ဝကိုဓားဖြင့် ပြန်လည်ထိုးစိုက်ချလိုက်ခြင်းဖြစ်သည်။

ချူးစန်သည် အလွန်ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်သည်ကိုတွေ့ရလျှင်....

'ရပ်လိုက်စမ်း'

ဝမ်းလိ မနေနိုင်တော့ဘဲ ခုန်ဝင်လိုက်လေတော့သည်။

• • *

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာ၏။

ဝမ်းလိက ကြားဝင်လိုက်ခြင်းကြောင့် ကောင်းဖုံ ကုံ ကောင်းသွား၏။

သို့မဟုတ်လျှင်....

ချူစန်း၏ လက်ချက်ဖြင့် ယူသေဆုံးသွားရမည်မှာ သေချာလှသည်။

'ဟား ဟား ဟား'

ချူစန်းက သဘောကျစွာ ရယ်လိုက်သည်။

'အစ်ကိုကြီး၊ ကျုပ်ရဲ့ ဓားကွက်ကို ကြည့်ထားပေးတော့'

အော်ပြောလိုက်ပြီး ဓားကို ဆွဲထုတ်၍ တရကြမ်းတိုက်ခိုက်လာ၏။

ကောင်းဖုံ နေရာက်ဆုတ်လိုက်၏။

သူ၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

အသက်တစ်ချောင်း ကျောက်ရသူပမာ ခံစားနေရ၏။

ဝမ်းလိုသာ ကြားဝင်မလာခဲ့လျှင် သူသေရမည်မှာ သေချာလှ၏။

'သား'

ကျင်းကျင်းက သားဖြစ်သူကို ဖော့မလိုက်၏။

ထိုအချိန်တွင်....

ချူးစန်သည် လင်းစွဲတော်ဓားဖြင့် ဝမ်းလိအား ပြင်းထန်စွာ တိုက်ခိုက်နေပြီ ဖြစ်၏။

• • •



ဝင်းလက် တောက်ပသော ဓားရောင်များ ထွက်ပေါ်လာခဲ့သည်။

ချူစန်သည် ဓားဝှေ့ယမ်း၍ ပြင်းထန်စွာ တိုက်ခိုက်နေသည်။

ယခု....

သိုင်းလောကသားတို့က ပထမဓားဟု သတ်မှတ်ထားသူနှစ်ယောက် ထိပ်တိုက် ရင်ဆိုင် တွေ့နေကြပြီ ဖြစ်၏။

ချူစန်သည် ဝမ်းလိအား ပြတ်သားစွာ အနိုင်ယူရန် ဆုံးဖြတ်ထား၏။

သူက ဝမ်းလိ၏ သိုင်းကွက်တို့ကို သာမက ဝမ်းလိနှင့်ယှဉ်ပြိုင်ကြသည့် ပြိုင်ဖက်များ၏ သိုင်းကွက်တို့ကိုပါ လေ့လာခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့်....

သူ၏ သိုင်းပညာသည် ဝမ်းလိထက် ပို၍သာမည်ဟု ယုံကြည်မိသည်။

ဝမ်းလိကို သုတ်သင်ပြီးသည်နှင့် သူသည် သိုင်းလောက၌ အမှန်တကယ် ပြိုင်ဖက်ကင်းသည့် ပထမဓားသမားဖြစ်သွားပေလိမ့်မည်။

'ယား'

ချူးစန်က ညာသံပေး၍ ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

ဝမ်းလိက သူနှင့် ယှဉ်ပြိုင်လိုစိတ် မရှိပါ။

ကောင်းဖုံ ဒုက္ခရောက်သွားမည်ကို စိုးရိမ်၍ ခုန်ဝင်လာခဲ့ခြင်းဖြစ်၏။

ကောင်းဖုံကို ဝေးရာသို့ တွန်းထုတ်လိုက်ပြီး သူကိုယ်တိုင်လည်း နေရာဆုတ် ရှောင်ရန် ကြိုးစားမိ၏။

သို့သော်....

ချူးစန်က ဓားဆွဲထုတ်ပြီး တိုက်ခိုက်လာသောအခါ ရှန်းထွက်မရတော့ဘဲ ဖြစ်သွား၏။

ဓားရိပ်တို့သည် သူ၏ တစ်ကိုယ်လုံး လွှမ်းခြုံသွား၏။

ဝမ်းလိသည် ချူးစန်၏ ဓားချက်တို့ကို ကြာရှည်ရှောင်နိုင်မည် မဟုတ်ဟု ဆင်ခြင်မိသည်။

ထို့ကြောင့်....

'ယား'

မြေပေါ် ခြေဆောင့်၍ လေထဲ ကျွမ်းပစ်ကာ ရှောင်ထွက်လိုက်၏။

ချူးစန်က ဓားဝှေ့ယမ်းလိုက်လျှင်

'ဗြိ....'

'အား'

အဝတ်အစား စုတ်ပြဲသွားသောအသံ၊ စူးရှစွာ အော်ဟစ်သံများ ထွက်ပေါ်လာ၏။

ကောင်းဖုံနှင့် ကျင်းကျင်းတို့ မျက်နှာပျက်သွားကြ၏။

ချူးစန်၏ လက်ချက်ဖြင့် ဝမ်းလိ ဒုက္ခရောက်သွားပြီဟု ထင်မှတ်လိုက်ကြသည်။

ကောင်းဖုံ အံ့ကြိတ်လိုက်သည်။



ဓားဆွဲထုတ်၍ ပြေးဝင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

'သွားမလုပ်နဲ့'

ကျင်းကျင်း ကပျာကယာ ဟန့်တားလိုက်ရ၏။

ထိုစဉ်....

ဓားရိပ်များ ပျောက်ကွယ်သွားသည်။

ဝမ်းလိ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားသည်။

သူ၏ အင်္ကျီရင်ဘတ်မှ အဝတ်အစားတို့ စုတ်ပြဲနေသည်။

မွှားဒဏ်ရာတစ်ချက် ရရှိသွားသဖြင့် နီရဲသောသွေးတို့ စီးကျနေသည်ကို တွေ့ရ၏။

ချူးစန်က တအံ့တသြဖြင့်....

'အစ်ကိုကြီး ဘယ်လိုဖြစ်တာလဲဗျ'

'ကျုပ်က မင်းကို ရှုံးသွားပါပြီ၊ ငါညီ ကျေနပ်ပြီမဟုတ်လား'

သူ ခေါင်းခါယမ်းလိုက်သည်။

'မကျေနပ်သေးဘူး'

'ဟင်....ဘာဖြစ်လို့လဲ'

'ကျွန်တော်က အစ်ကိုကြီးနဲ့ ဓားပညာ မယှဉ်ရသေးလို့ပါဗျာ'

ဝမ်းလိ ခေါင်းခါယမ်းလိုက်၏။

'ကျုပ်က ဓားမကိုင်တော့ဘူး'

'ဘာဖြစ်လို့လဲ'

'ကျုပ်ရဲ့ ဓားနဲ့ ကောင်းစု သေဆုံးသွားတတည်းက ဓားမကိုင်တော့ဘူးလို့ ဆုံးဖြတ်ခဲ့တာ'

'ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ ကိုင်ရပါလိမ့်မယ်'

ဝမ်းလီက ခေါင်းခါယမ်းလိုက်သည်။

'ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ် ခေါ်ကိုင်နိုင့်မှာ မဟုတ်ဘူး'

ဝမ်းလီခေါင်းညိတ်လိုက်၏။

'သေချာပါတယ် မင်းကျေနပ်ပါတော့ကွာ'

တစ်ချိန်လုံးရပ်ကြည့်နေခဲ့သော ချူတက မနေနိုင်တော့ဘူ ဝင်ပြော၏။

'ချူစန်းတော်လောက်ပါပြီကွာ'

'ဘာလဲဗျ'

ချူစန်း၏အသံ ခက်ထန်ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

ချူးတသည် သက်ပြင်းချလိုက်၏။

'ဝမ်းလီက မင်းကိုအရှုံးပေးလိုက်ပြီလေ မင်းဟာ ပြိုင်ဘက်ကင်းတဲ့ ပထမစေ့းသမား ဖြစ်သွား၊ပြီလေ ကျေနပ်ဖို့သင့်ပါပြီ'

ချူစန်း မဲ့ပြုံးပြုံးလိုက်၏။

'ကျွန်တော်က ကျေနပ်မယ်ဆိုရင် ဒီကို လာစရာတောင် မလိုဘူး'

ချူတက....

'ချူစန်းပြန်ကြပါစို့'

ချူစန်း၏မျက်နှာ ရှည်ခြည်းထင်းမာ ခက်ထန်သွားလေသည်။



'ကျွန်တော့်ကို ဆက်ပြီးဟန့်တားမယ်ဆိုရင် ကျွန်တော် သည်းခံမှာမဟုတ်ဘူး'

ချူးတမျက်မှောင်ကြုတ်လိုက်၏။

'ချူစန်း မင်းဘယ်လိုဖြစ်နေတာလဲ လာတို့ပြန်ကြစို့'

ချူစန်း ဘာမှမပြောတော့ပါ။

ချူခနဲလှည့်ကာ ချူတကို ဓားဖြင့် ခုတ်ချ ပစ်လိုက်လေသည်။

'အား'

စူးရှသော အော်ဟစ်သံထွက်ပေါ်လာ၏။

ချူတမှာ မြေပေါ်သို့ ပုံလျက်သားလဲကျသွားလေတော့သည်။

* * *

'ဟာ'

'ဟင်'

'ဟယ်'

ကျင်းကျင်းနှင့် ကောင်းဖုတ်တို့သာမက ဝမ်းလီပါ အံ့သြသွားရသည်။

ချူစန်းသည် အလွန်ရက်စက်ကြမ်းကြုတ်သူ တစ်ဦး ဖြစ်နေသည်မဟုတ်ပါလော။

ဝမ်လီကပြော၏။

'မင်းကကျေးဇူးရှင်ကို ကျေးဇူး ဆပ်လိုက်တာပဲ'

ချူစန်းက ပြော၏။

'ဒါတာအရေးမကြီးပါဘူး၊ အရေးကြီး တာက ကျုပ်တို့ ဓားပညာပြိုင်ကြဖို့ပါ'

ဝမ်းလီ ခေါင်းခါယမ်းလိုက်၏။

'ကျုပ်က ဓားမကိုင်တော့ဘူးလို့ ဆုံးဖြတ်ပြီးပြီလေ'

'ခင်ဗျား ဓားကိုင်ရမှာပါ'

သူက ကျင်းကျင်းတို့ဘက်သို့ လှည့်ကာလွတ်ညို့၊ ညွှန်ပြလေသည်။

'ကျုပ်က သူတို့ကို သတ်ပစ်မယ်ဆိုရင်ရော ခင်ဗျားဘယ်လိုသဘောရသလဲ'

'ဘာ'

ဝမ်းလီလှုံ်လှုပ်ရှားရှားဖြစ်သွား၏။

ချူစန်းက ပြောလိုက်၏။



'သူတို့နှစ်ယောက်ကို ကျုပ်က အချိန်မရွေး သတ်ပစ်လို့ရတယ်ဆိုတာမှတ်ထားပါဗျာ'

ဝမ်းလီဒေါသထွက်သွား၏။

ပြီးမှ....

'သူတို့နဲ့ ဘာမှ မဆိုင်ဘူး၊ သူတို့ကို ထည့်မတွက်စမ်းပါနဲ့'

'ဟား....ဟား....ဟား'

ချူစန်းက ဟားတိုက်ရယ်မောလိုက်၏။

'ခင်ဗျားကြောင့် ကောင်းစုသေသွားရတာမို့ သူတို့သားအမိကို ခင်ဗျားက အကြွေးဆပ်နေတာကို ကျုပ်သိပါတယ်ဗျာ၊ သူတို့ကိုသတ်ပစ်မယ်ဆိုရင် ခင်ဗျားဘယ်လိုလုပ်လက်ပိုက်ကြည့်နေနိုင်မှာလဲ'

ထိုစကားကြောင့်....

ဝမ်းလီမျက်နှာပျက်သွားသည်။

ကောင်းဖု လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

ရှေ့သို့ လှမ်းထွက်လာရင်း ဝမ်းလီကိုကြည့်ကာ မေးလိုက်သည်။

'ဦးလေးလုထင်၊ ကျွန်တော့် ဖေဖေကြောင့် ဓားမကိုင်တော့တာလား'

ဝမ်းလီခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ကွယ်'

ကောင်းဖုကပြော၏။

'ဦးလေးလုထင်၊ ဒီခေးကိုယူပေါ့၊ ဒီခေးဟာ ဖေဖေ့ရဲ့ မိုးကြိုးခေးပါ'

ကောင်းဖုံသည် မိုးကြိုးခေးကို ဝမ်းလီအား ပေးလိုက်လေသည်။

ဝမ်းလီတစ်ကိုယ်လုံးတောင့်တင်းသွားသည်။

ယခုလို ကြုံရမည်မထင်မိချေ။

'ယူပါဦးလေးလုထင်ရဲ့'

ကောင်းဖုံက အတင်းထိုးပေးလိုက်ရာ မိုးကြိုးခေးသည် ဝမ်းလီ၏လက်ထဲရောက်လာချေပြီ။

ခေးကို ကိုင်ထားသော သူ၏သတ်များက တဆတ်ဆတ်တုန်ယင်နေသည်။

'ဟား....ဟား....ဟား'

ချူစန်းက ဟားတိုက်ရယ်မောလိုက်၏

'ကဲ....ကျုပ်တို့ ယှဉ်လိုက်ကြတာပေါ့'

စကားဆုံးလျှင် ခေးဝေ့ယမ်းကာ စတင် တိုက်ခိုက် လိုက်တော့သည်။

ဝမ်းလီကလည်း မိုးကြိုးခေးဖြင့် ပြန်လည် ရင်ဆိုင်ရလေသည်။

* * *



ဝမ်းလီသည် ခေးပညာကို ကိုယ်ပိုင်အရည်အချင်း အစစ်အမှန်ဖြင့် ရရှိခဲ့ခြင်းဖြစ်ပါသည်။

ချူစန်းက သူတစ်ပါး၏ သိုင်းကွက်များကို အတုခိုး၍ လေ့ကျင့်ပြီး နာမည်ရလာခြင်းဖြစ်၏။

ထို့ကြောင့်....

အတုနှင့်အစစ် ယှဉ်ပြိုင်ကြသောအခါ

'ဝုန်း'

'အား'

ကျယ်လောင်သောအသံ ထွက်ပေါ်လာ၏၊

ချူစန်းမှာ မြေပေါ်သို့ လဲကျသွားလေ၏၊

ထပ်မံယှဉ်ပြိုင် တိုက်ခိုက်နိုင်ခြင်း မရှိတော့ပါချေ။

* * *

တောစင်ကုန်းလေးသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်ပါသည်။

ထို့အတူ....

ဒေါ်သ မစန်မစနနှင့် ရန်ငြိုးတရားများသည်လည်း ကျန်ရစ်ခဲ့ပြီ ဖြစ်လေ၏။

ဝမ်းလီသည် ရှေ့သို့တရွေ့ရွေ့ လှမ်းသွားနေ၏။

သူသည် စေးပါရဂူ ဘွဲ့ကိုသာမက အရာရာကို စွန့်လွှတ်လိုက်ပြီ ဖြစ်လေ၏။

သူ့ဘဝသည် လှိုင်းမြှောချက်ကြေနှယ် ဘယ်ရပ်ဘယ်ဆီသို့ ရည်ရွယ်ချက်မရှိ၊

ခြေဦးတည့်ရာ ထွက်ခွာသွားတော့မည် ဖြစ်လေ၏၊

သဘောထားပြည့်ပြီး မနေစဖြူစင်လှသည့် ကျင်းကျင်းတို့ သားအမိကို သံယောဇဉ် တွယ်တာမိပါသည်၊

သို့သော်....

သူသည် တရွေ့ရွေ့လှမ်းသွားရင်း ခေါ်သံတစ်ခုသည် သူ၏နားထဲသို့ တိုးဝင်လာသည်ဟု ထင်မှတ်လိုက်၏၊

ထို့ကြောင့်....

ခြေလှမ်းရပ်တန့် လှည့်ကြည့်လိုက်၏။

ထိုအခါ....

'ဦးလေး....ဦးလေး'

တကြော်ကြော်ခေါ်ရင်း ပြေးလိုက်လာနေသည့် ကောင်းဖုံ့ကို တွေ့လိုက်ရ၏။

ဝမ်းလီမျက်နှာ ပြုံးရှင်သွားလေ၏။



အနီးသို့ရောက်လာသည့် ကောင်းဖုံ့အား ဆီးကြိုသိုင်းဖက်လိုက်လျှင်....

ပုပ်ပင်သော ကောကာဟူသမျှတို့မှ ကင်းစင် လွင့်ပျောက်သွားပြီး ဘဝတစ်ခုလုံး အေးချမ်းသာယာသွားတော့မည်ဟု နားလည်လိုက်လေတော့သည်၊

* * *

ဒုတိယပိုင်း ဇာတ်သိမ်းပြီး၏။
တက္ကသိုလ်သီဟအောင်